# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ စနေနေ့ (31-10-2015) (၈၃၇၀)


## အေးစေ မြဲစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# မင်းရေလျောင်တမံမှ ရေပေးဝေနေမှု နောင်ပွံ့ဖြိုးတိုးတက်လာမည့် မြို့ပြနှင့် လူဦးရေကို မျှော်မှန်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးအုန်းမြင့်၊ ဒေါက်တာသန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်ကျော်ဇော၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မဇင်းရေလှောင်တမံဆည်၌ ကင်းထောက်လူငယ်များက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)


ECONOMY Green GROWTH

စိမ်း မှ လန်း မယ်

မောင်စိမ်းကြည် ၏

ဆောင်းပါး စာမျက်နှာ - ၆


# ကမ်းနားလမ်းတစ်လျှောက်ပြေးဆွဲမည့် လျှပ်စစ်ရထား နိုဝင်ဘာလတွင် စတင်စမ်းသပ်ပြေးဆွဲမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက်တွင် ပြေးဆွဲမည့် လျှပ်စစ်ရထားကို နိုဝင်ဘာလတွင် စတင်စမ်းသပ်ပြေးဆွဲနိုင်ရန် လျာထားကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ကမ်းနားလမ်းပြေးဆွဲမည့် လျှပ်စစ်ရထား (Tram)စနစ်အတွက် လျှပ်စစ်ရထားလမ်းအသစ်အဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် လျှပ်စစ်ဓာတ်အားလိုင်းအတွက် ချိတ်ဆက်ဆောင်ရွက်မှုများ ပြီးသလောက်ရှိနေပြီး ဓာတ်တိုင်များလည်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"အောက်တိုဘာလကုန်မှာ သက်ဆိုင်ရာကို အပ်နှံထားတဲ့ ထရန်စဖော်မာတွေ ပြီးပြည့်စုံအောင် တပ်ဆင်နိုင်မှာဖြစ်ပါတယ်။ ရထားသံလမ်းမှာ လျှပ်စစ်စီးနိုင်အောင်

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ✪




ကြေးမုံ စာတည်းအာဘော် ၃၁-၁၀-၂၀၁၅၊ စနေနေ့

# အများသုံးဆီနှင့်ရေ

အစားအသောက်လုံခြုံစိတ်ချမှုအပိုင်းတွင် အများဆုံးပါဝင်ပတ်သက်သော အစားအသောက်မှာ ဆီနှင့်ရေဖြစ်ပါသည်။ သန့်ရှင်းသော ရေကို နေအိမ်ဌာနများတွင် ယခင်က ကိုယ်တိုင်ခပ်ယူထားရှိသောက်သုံးသော အလေ့အထမှ ယခုအခါ အသင့်သုံးသောက်ရေသန့်များအား နေရာတိုင်းတွင် အသုံးပြုလာကြသည်ကို တွေ့ရပါသည်။ အလားတူ နိုင်ငံအတွင်းရှိ မိသားစုများ နေ့စဉ်ချက်ပြုတ် စားသောက်ကြရာတွင် ဆီစားသုံးမှုကိုမူ ယခင် ကတည်းက နေ့စဉ်သုံးစွဲလာပါသည်။

မြန်မာတို့၏ အလွယ်နည်းတစ်မျိုးဖြစ်သည့် အသင့်သုံးစနစ်တွင် သောက်ရေသန့်သည် ယဉ်ကျေးမှုတစ်ရပ်အသွင် နေရာယူလာပါသည်။ နေရာတိုင်းတွင် ရေသန့်ဘူးမရှိလျှင်မဖြစ်သော အနေအထားများရှိလာသောကြောင့် သောက်ရေသန့်လုပ်ငန်းများမှာ တစ်နိုင်ငံလုံးအတိုင်းအတာအရ လုပ်လျှင်လုပ်သလောက် တွင်ကျယ်သော လုပ်ငန်းဖြစ်လာပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ခွင့်ပြုထားသည့် လိုင်စင်ရသောက်ရေသန့်လုပ်ငန်းများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၈၀၀ ကျော်ရှိကြောင်းသိရပါသည်။ အသေးစားနှင့် တစ်နိုင်တစ်ပိုင်ထုတ်လုပ်ရောင်းချသော သောက်ရေသန့်လုပ်ငန်းများကို ခွင့်ပြုပေးမထားကြောင်း ဆိုထားပါသည်။ သို့သော် နာမည်ရ၊ နာမည်မရမထင်ရှားသည့် သောက်ရေသန့်မှာ တစ်နိုင်ငံလုံးတွင် အမြောက်အမြားရှိနေပါသည်။

တရားဝင်သောက်ရေသန့်လုပ်ငန်း ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားကြရာ၌ မသန့်ရှင်းသောပိုးမွှားတွေ့ရှိမှုကြောင့် ထုတ်လုပ်ခွင့်မကျသည့် လုပ်ငန်းပေါင်း ၄၀ ခန့်ရှိရာ ထိုလုပ်ငန်းများတွင် လုပ်ငန်းကြီးများလည်း ပါဝင်နေကြောင်းသိရှိရပါသည်။ ယင်းမှာ လုပ်ငန်းလိုင်စင်လျှောက်ထားမှုမှ တွေ့ရှိချက်သာဖြစ်ပြီး လိုင်စင်လျှောက်ပြီးနှင့် လိုင်စင်မလျှောက်သူများအားလုံးပါ ခြုံငုံကြည့်မည်ဆိုလျှင် ပြည်သူများသောက်သုံးသော သောက်ရေသန့်များ ဘေးကင်းရေးအတွက် ပြန်လည်စဉ်းစားရမည်ဖြစ်သည်။

အခြားအသုံးများသော စားသောက်ကုန်တစ်မျိုးမှာ စားသုံးဆီဖြစ်ပါသည်။ မြန်မာတို့၏ အစားအစာများတွင် ဆီမပါဘာမျှမပြီးဆိုသကဲ့သို့ အစားအစာတိုင်းတွင် ဆီသုံးစွဲသည့်ဓလေ့ရှိလာရာ ဆီမှကျန်းမာရေးကို ထိခိုက်နိုင်သော အချက်များရှိလာပါသည်။ ပြည်သူများစားသုံးဆီကို အမျိုးအစားအမျိုးမျိုးခွဲခြားပြီး ဆီသန့်၊ ဆီညံ့သတ်မှတ်ထားရာ ပြည်သူများစားသုံးချင်သည့် ဆီသန့်တွင် မသန့်ဆီများရောနှောရာမှ ကျန်းမာရေးကို ထိခိုက်နိုင်သော အခြေအနေများ ရှိလာပါသည်။

ဆီကြောင့်ဖြစ်သောရောဂါများမှာ ခေတ်ပေါ်အဆန်းတကြယ်ရောဂါ၊ ငွေကုန်ကြေးကျများသောရောဂါများအသွင်ဆောင်လာသဖြင့် ဆီကိုဂရုတစိုက်ရွေးချယ်စားသုံးနိုင်ရန် လိုအပ်လာသည်။ ဈေးကွက်တွင်ရောင်းချသော စားသုံးဆီအမှတ်တံဆိပ်များမှာ မြေပဲဆီဟုဖော်ပြထားသော်လည်း မြေပဲဆီအစစ်မဟုတ်ဘဲ အခြားစားအုန်းဆီနှင့် စားသုံးဆီအရောအနှောများ ပေါင်းစပ်ထားကြောင်း သိရှိလာကြပါသည်။

ပြည်တွင်းထုတ်စားသုံးဆီများသာမက ပြည်ပမှတင်သွင်းလာသော စားသုံးဆီများမှာလည်း အရည်အသွေးမပြည့်မီသော စားသုံးဆီများရှိလာရာ စားသုံးသူပြည်သူများ ရောဂါဘယတိုးပွားလာသဖြင့် စားသုံးဆီဈေးကွက်ထောက်လှမ်းကြည့်ရှုကြပ်မတ်စစ်ဆေးခြင်းများကို ပိုမိုလုပ်ဆောင်သွားမည်ဟု သိရှိရပါသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ပြည်သူများကျန်းမာရေးအတွက် အထောက်အပံ့ကောင်းဖြစ်လာနိုင်သည်ဟု မျှော်လင့်ပါသည်။

သက်ဆိုင်ရာက အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ထုတ်ပေးရာတွင် အမှတ်တံဆိပ်သတ်မှတ်ချက်နှင့်ကိုက်ညီခြင်းရှိ၊ မရှိ တင်ပြလာသော ကုန်ပစ္စည်းကို စစ်ဆေးခြင်းဖြစ်ပြီး ကိုက်ညီမှုမရှိပါက ပယ်ဖျက်ခြင်း၊ ကိုက်ညီမှုရှိပါက အတည်ပြုခြင်းတို့ရှိမည်ဖြစ်ပြီး စားသောက်ကုန်ဈေးကွက်အတွင်း ပြည်သူများအား ရောင်းချနေသော စားသုံးဆီများမှာ ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများဖြစ်ဖို့ စစ်ဆေးခြင်းလုပ်ငန်းမှာ ပို၍အရေးကြီးလာပါသည်။

သို့ဖြစ်ရာ ပြည်သူများနေ့စဉ် စားသောက်မှုဘဝတွင် သောက်ရေသန့်နှင့် စားသုံးဆီမှာ အစဉ်အမြဲပါဝင်နေသဖြင့် ပြည်သူများကျန်းမာရေးနှင့်ညီညွတ်ပြီး စိတ်ချယုံကြည်စွာ စားသုံးနိုင်ရေးအတွက် သန့်ရှင်းသော အစားအသောက်များဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

# မြန်မာ-တရုတ်-အိန္ဒိယ စီးပွားရေးစင်္ကြံလမ်းမကြီးဖြစ်လာနိုင်သည့် တဝမ်းတံတားယခုနှစ်ကုန်တွင် အပြီးတည်ဆောက်မည်

**မြစ်ကြီးနား အောက်တိုဘာ ၃၀**

ကချင်ပြည်နယ်အတွင်းရှိ မြန်မာ-တရုတ်-အိန္ဒိယဆက်သွယ်နိုင်မည့် မြစ်ကြီးနား၊ နမ္မတီး၊ တနိုင်း၊ ပန်ဆောင်သွား ကားလမ်းမပေါ်တွင် အောက်ထပ် (1.2mo Bored Pile-4’o Spun Pipe Foundation) နှင့် အပေါ်ထပ်အာစီကမ်းကပ်ခုံနှင့် ရေလယ်တိုင်၊ အာစီကြမ်းခင်းအမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၁၂၆၀၊ အကျယ် ၂၄ ပေ၊ နှစ်လမ်းသွားတံတားအမျိုးအစားကို ဆောက်လုပ်လျက်ရှိကြောင်း တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ ဦးစီးအရာရှိ ဒေါ်တင်မိုးခိုင်က ပြောပြသည်။

အဆိုပါတဝမ်းတံတားအား ၂၀၁၃ ခုနှစ် ဇွန် ၁ ရက်မှစ၍ စီမံကိန်းပြီးဆုံးသည်အထိ ခန့်မှန်းကုန်ကျငွေ ကျပ် ၄၃၂၀ ဒသမ ၀၀ သန်းခန့်ကို ပြည်ထောင်စုရန်ပုံငွေဖြင့် သုံးစွဲရန် လျာထားလျက်ရှိပြီး ယနေ့အချိန်ထိ တံတားတည်ဆောက်မှုမှာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်းနှင့် ယခုနှစ်အကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါတံတားသည် မြစ်ကြီးနား၊ နမ္မတီး၊ တနိုင်း၊ ရှင်ဗွေယန်၊ ပန်ဆောင် လမ်းမပေါ်တွင်ရှိရာ မြန်မာ-တရုတ်-အိန္ဒိယစီးပွားရေးစင်္ကြံလမ်းမကြီးတစ်ခုဖြစ်လာနိုင်ပြီး ယင်းတံတားကြီးပြီးစီးသွားပါက ယင်းဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး မြန်မာ-တရုတ်-အိန္ဒိယ သုံးနိုင်ငံစီးပွားရေးကုန်သွယ်မှု ပိုမိုမြန်ဆန် ကောင်းမွန်လာနိုင်မည့်အပြင် နိုင်ငံအချင်းချင်း ကူးလူးဆက်သွယ်သွားလာမှု၊ ရိုးရာယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ပြည်နယ်တစ်ခုလုံးအနေဖြင့် ပေ ၅၀ အထက် သံကူကွန်ကရစ်တံတားအပါအဝင် တံတား ၂၃ စင်းဆောက်လုပ်သွားမည်ဖြစ်ရာ ရှစ်စင်းမှာ ၁၀၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးလျက်ရှိပြီး ၁၅ စင်းမှာ တည် ဆောက်ဆဲဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၃၀**

| | |
|---|---|
| ရန်ကုန် ရွှေဈေး | ၇၉၂၅၀၀ - ၇၉၂၅၀၀ |
| မန္တလေး ရွှေဈေး | ၇၉၂၀၀၀ - ၇၉၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၇၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၄၀၂. ၁ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၀. ၈၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅. ၈၆၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၆. ၆၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉. ၅၄၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၅၆. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၂. ၂၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၆. ၉၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၉၁၁. ၈၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

# ပြည်သူ့ဝန်ဆောင်မှု one stop shop ရုံး ပေါက်မြို့၌ ဖွင့်

**ပေါက် အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်ပေါက်မြို့၌ ပြည်သူတို့၏ လိုအပ်ချက်များကို အချိန်ကြန့်ကြာမှုမရှိစေရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်နေရာတည်း (one stop shops) ဆောင်ရွက်ရန်အတွက် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ကို အောက်တိုဘာ ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးရှေ့တွင် ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါရုံးကို ဌာနပေါင်း ၁၀ဌာန စုပေါင်း၍ ဌာနအလိုက် သက်ဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်သည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်ထားခြင်းကြောင့် ပြည်သူများအနေဖြင့် တစ်နေရာတည်းတွင် လုပ်ငန်းကိစ္စများကို ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ဖွင့်လိုက်ခြင်းအားဖြင့် ပြည်သူတို့၏ အခက်အခဲများကို ကြားပွဲစားမလို ဝန်ဆောင်မှုပေးနိုင်ခြင်း၊ လာဘ်ပေးလာဘ်ယူမှု ပပျောက်နိုင်ခြင်း၊ လုပ်ငန်းများ ပိုမိုလျင်မြန်ခြင်းနှင့် ပြည်သူများအချိန်ကုန် သက်သာမှုရှိစေခြင်း စသည့် အကျိုးသက်ရောက်မှုများရရှိနိုင်ကြောင်း ပေါက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်ကပြောသည်။

ပြည်သူများအားသိရှိစေရန် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ လက်ကမ်းစာစောင်များ၊ ဗီနိုင်းပိုစတာများချိတ်ဆွဲ၍ ကြေညာသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူ့ဝန်ဆောင်မှုရုံးကို အချိန်အကန့်အသတ်မရှိ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်တိုး(iprd)**

❑




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှုစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မဇင်းရေလှောင်တမံဆည်၌ ဒေသခံကလေးငယ်များက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မဇင်းရေလှောင်တမံတစ်လျှောက် ဒေသခံများက ကြိုဆိုနှုတ်ဆက်စဉ်။(သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ မဇင်းရေလှောင်တမံသို့ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မဇင်းရေလှောင်တမံစီမံကိန်းရှင်းလင်းဆောင်သို့ မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ တမံတစ်လျှောက်တွင်လည်း ဒေသခံပြည်သူများက နိုင်ငံတော်အလံငယ်များကိုဝှေ့ယမ်း၍ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းတို့က မဇင်းရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းရည်ရွယ်ချက်၊ နှစ်အလိုက် မိုးရေချိန်၊ ရေဝင်ရောက်မှု၊ ရေထုတ်လွှတ်ပေးနိုင်မှုနှင့် ပဲခူးမြို့ရေကြီးရေလျှံမှုမှကာကွယ်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မဇင်းရေလှောင်တမံမှ ပဲခူးမြို့သို့ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနေမှုနှင့်ပတ်သက်ပြီး မှာကြားရာတွင် မဇင်းရေလှောင်တမံနှင့် ဇလတ်ထော်ရေလှောင်တမံတို့သည် အသစ်တည်ဆောက်မည့်ဟံသာဝတီလေဆိပ် အနီးတွင် တည်ရှိနေသည့်အတွက် နောင်ဖွံ့ဖြိုးတိုးတက်လာမည့် မြို့ပြနှင့် လူဦးရေကို မျှော်မှန်း၍ ကြိုတင်တွက်ဆဆောင်ရွက်သွားရန်နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် ပူးပေါင်းဆောင်ရွက်နေသည့်လုပ်ငန်းများကိုလည်း ဆောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မဇင်းရေလှောင်တမံကြွခိုင်မှု အခြေအနေနှင့် ရေသိုလှောင်ထားရှိမှုအခြေအနေများကို တမံရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ(မဇင်း)အား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မဇင်းရေလှောင်တမံသည် ပဲခူးမြို့၏ အနောက်ဘက်ရှိ မဇင်းချောင်းနှင့်ကြက်သောင်းချောင်းဆုံအထက် ပေ ၅၀၀ခန့်အကွာတွင် တည်ရှိပြီး ပဲခူးမြို့အတွက် သောက်သုံးရေနှင့် စက်ရုံ၊ အလုပ်ရုံသုံးရေ နေ့စဉ်ဂါလန် ၁၁ သန်းပေးဝေရန်၊ ပဲခူးမြို့အတွင်းရှိ မဲခုန်ကျေးရွာအုပ်စုနှင့် ဖိုင်းဂနိုင်းကြီးကျေးရွာအုပ်စုရှိ လယ်မြေဧက ၆၅၀ ခန့်ကို စိုက်ပျိုးရေပေးဝေရန်၊ ပဲခူးမြို့နှင့်ပတ်ဝန်းကျင်ဒေသများ မိုးရာသီ မြစ်ရေကြီးမှုမှ တစ်စိတ်တစ်ဒေသ ကာကွယ်ပေးနိုင်ရန်၊ ပတ်ဝန်းကျင်ဒေသများ စိမ်းလန်းစိုပြည်ရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ထားသည့် မြေသားရေလှောင်တမံအမျိုးအစားဖြစ်သည်။

ပဲခူးမြို့သည် ပဲခူးမြစ်ကမ်းဘေးတွင်တည်ရှိပြီး မြေနိမ့်လွင်ပြင်ဖြစ်၍ ပဲခူးမြစ် ရေကြီးရေလျှံမှုကို နှစ်စဉ်ကြုံတွေ့နေရသည့်အတွက် မဇင်းတမံမှ ပဲခူးမြစ်အထိ မဇင်းချောင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ခေါင်းဆေးကျွန်းတံတားမှ ပဲခူးမြစ်အထိ ခေါင်းဆေးကျွန်းချောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းကြောင့် ပဲခူးမြို့ပေါ်ရပ်ကွက်များတွင် ရေကြီးရေလျှံမှုနှင့် ခေါင်းဆေးကျွန်းတံတားအနီးရှိ ရန်ကုန်-မန္တလေးကားလမ်းရေကျော်ခြင်းတို့မှ လျော့ပါးသက်သာစေပြီး ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့်ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများမှ ကာကွယ်ပေးလျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မဇင်းရေလှောင်တမံမှ နှစ်မိုင်အကွာတွင်တည်ရှိသည့် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ လမ်းတစ်လျှောက်ဝဲယာမှ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁သို့** ❑



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မဇင်းရေလှောင်တမံဆည်၌ ဒေသခံများက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး အိန္ဒိယနှင့် အာဖရိက ပူးပေါင်းဆောင်ရွက်မည်


**နယူးဒေလီ အောက်တိုဘာ ၃၀**

ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းတို့နှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံသည် အာဖရိကနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်နရိန္ဒြာမိုဒီက အောက်တိုဘာ ၂၉ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ၌ ပြုလုပ်သော အိန္ဒိယ-အာဖရိက ထိပ်သီးညီလာခံသို့ တက်ရောက်လာသော ခေါင်းဆောင်များအား မိုဒီက မိန့်ခွန်းပြောကြားရာတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ခေတ်ပြိုင်သမိုင်းတွင် ကမ္ဘာ့နိုင်ငံများသည် နိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာနှင့် လုံခြုံရေးဆိုင်ရာ အသွင်ကူးပြောင်းမှုများကို လျင်မြန်စွာ ပြုလုပ်လျက်ရှိကြောင်း၊ လုံခြုံရေးကောင်စီအပါအဝင် ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ အိန္ဒိယနှင့် အာဖရိကနိုင်ငံများသည် တူညီသောသဘောထားရပ်တည်ချက်ဖြင့် တောင်းဆိုကြရန် လိုအပ်ကြောင်း မိုဒီက ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုများပြားလာပြီး တည်ငြိမ်မှုကို ခြိမ်းခြောက်လာမှုများ တိုးပွားလာချိန်တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းအတွက် အိန္ဒိယနှင့် အာဖရိကနိုင်ငံများ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မိုဒီက ပြောကြားသည်။ **ဆင်ဟွာ။**



# အယ်လ်နီညိုဖြစ်စဉ် ပြင်းထန်မှုနှင့်ပတ်သက်၍ အင်ဒိုနီးရှား မိုးလေဝသဌာန ခန့်မှန်းရန် ပျက်ကွက်

**ဂျကာတာ အောက်တိုဘာ ၃၀**

ယခုနှစ်တွင် ဖြစ်ပေါ်သည့် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်သည် ၁၉၉၇ ခုနှစ်တွင် ကြုံတွေ့ခဲ့ရသည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုများထက် ပိုမိုဆိုးရွားနိုင်သည်ဟု အင်ဒိုနီးရှား မိုးလေဝသဌာနက ဟောကိန်းထုတ်ရန် ပျက်ကွက်ခဲ့ကြောင်း အထက်တန်းဝန်ကြီးတစ်ဦးက အောက်တိုဘာ ၂၈ ရက်တွင် ဝေဖန်ပြောကြားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ၌ တောမီးလောင်မှုကြောင့် အရေးပေါ်အခြေအနေ ကြေညာရေးကိစ္စနှင့်ပတ်သက်၍ အစိုးရအဖွဲ့က သုံးသပ်လေ့လာနေစဉ် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး လူဟတ်ပန်ဂျေတန်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ၎င်းသည် တောမီးလောင်မှုနှင့် ဆက်နွှယ်နေသော ကိစ္စရပ်များအား ကိုင်တွယ်ဆောင်ရွက်ရာတွင် ကြီးကြပ်ပေးနေသည့် ကော်မတီတစ်ရပ်၏ အကြီးအကဲဖြစ်သည်။

အင်ဒိုနီးရှား အမျိုးသားမိုးလေဝသဌာနသည် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်၏ ပြင်းထန်မှု အတိုင်းအတာနှင့်ပတ်သက်၍ ကြိုတင်ခန့်မှန်းရန် ပျက်ကွက်ခဲ့ကြောင်း ပန်ဂျေတန်က ပြောကြားသည်။

ယခုနှစ်တွင် ကြုံတွေ့ရသည့် အယ်လ်နီညိုဖြစ်စဉ်၏ ပြင်းထန်မှုမှာ ၁၉၉၇ ခုနှစ်တွင် တွေ့ကြုံခံစားရသော အယ်လ်နီညိုဖြစ်စဉ်၏ ပြင်းထန်မှုထက် ပိုမိုလိမ့်မည်ဟု အမျိုးသားမိုးလေဝသဌာနက ကြိုတင်ဟောကိန်း ထုတ်ခဲ့ခြင်းမရှိကြောင်း၊ အယ်လ်နီညိုနှင့်ပတ်သက်၍ ကြိုတင်ခန့်မှန်းချက်မှာ လွဲမှားနေကြောင်း ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် အယ်လ်နီညိုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုများအရ ပူပြင်းခြောက်သွေ့သောဥတုမှာ ပိုမိုဆိုးရွားပြင်းထန်ခဲ့ပြီး တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရန် အခက်အခဲများ တွေ့ကြုံရကြောင်း ၎င်းက ပြောကြားသည်။ **ရိုက်တာ။**



# ၂၀၃၀ ပြည့်နှစ်မတိုင်မီ တရုတ်နိုင်ငံ၏လူဦးရေ သန်း ၁၄၅၀ သို့ရောက်ရှိနိုင်

**ပေကျင်း အောက်တိုဘာ ၃၀**

တရုတ်နိုင်ငံတွင် ဆယ်စုနှစ်ပေါင်းများစွာပြဋ္ဌာန်းခဲ့သည့် ဇနီးမောင်နှံစုံတွဲတစ်တွဲလျှင် ကလေးတစ်ဦးသာ မွေးဖွားရမည်ဟူသည့် မူဝါဒဖျက်သိမ်းပြီးသည့်နောက်ပိုင်းတွင် ၂၀၃၀ ပြည့်နှစ်မတိုင်မီ နိုင်ငံ၏လူဦးရေသည် ခန့်မှန်းခြေအားဖြင့် ၁ ဒသမ ၄၅ ဘီလီယံသို့ ရောက်ရှိနိုင်ကြောင်း အဆင့်မြင့်အရာရှိတစ်ဦးက ဆိုသည်။

'ဝမ်းချိုင်းမူဝါဒဖျက်သိမ်းပြီးတဲ့နောက် နောင်လာမယ့်နှစ်တွေမှာ ကလေးမွေးဖွားနှုန်းတွေ သိသိသာ တိုးတက်လာလိမ့်မယ်။ တစ်နှစ်ကို ကလေးမွေးဖွားနှုန်း သန်း ၂၀ ကျော်ရှိနိုင်တယ်'ဟု အမျိုးသားကျန်းမာရေးနှင့် မိသားစုစီမံကိန်းကော်မရှင် ဒုတိယအကြီးအကဲ ဝမ်ပိုင်အန်းက ဆိုသည်။

နိုင်ငံအတွင်း ဆယ်စုနှစ်များစွာကြာပြဋ္ဌာန်းခဲ့သည့် ဇနီးမောင်နှံစုံတွဲတစ်တွဲလျှင် ကလေးတစ်ဦးသာ မွေးဖွားရမည်ဟူသည့်မူဝါဒကို အောက်တိုဘာ ၂၉ ရက်က တရားဝင်ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း တရုတ်ကွန်မြူနစ်ပါတီက ထုတ်ပြန်ကြေညာခဲ့သည်။

မူဝါဒဖျက်သိမ်းပြီးသည့်နောက် ဒုတိယမြောက်ကလေးမွေးဖွားကြမည့် အိမ်ထောင်စုအရေအတွက် သန်း ၉၀ ခန့်ရှိမည်ဖြစ်ကြောင်းနှင့် ယင်းတို့အနက် အမျိုးသမီး ၆၀ ရာခိုင်နှုန်းသည် အသက် (၃၅) နှင့်အထက် အရွယ်များဖြစ်ကြောင်း ဝမ်ပိုင်အန်းက ဆက်လက်ပြောသည်။

တရုတ်နိုင်ငံ၏ လူဦးရေသည် ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ၁၃၆၈ သန်း ရှိခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရို၏ စစ်တမ်းအရ သိရသည်။ **ဆင်ဟွာ။**

# ၂၀၂၀ ပြည့်နှစ်မတိုင်မီ အရပ်ဘက်ဂြိုဟ်တုစနစ်များ တည်ဆောက်ရန် တရုတ်နိုင်ငံ စီမံကိန်းချမှတ်


**ပေကျင်း အောက်တိုဘာ ၃၀**

ကမ္ဘာမြေလေ့လာစောင့်ကြည့်ရေး၊ ဆက်သွယ်ရေး၊ ရေကြောင်းနှင့် လေကြောင်း သွားလာရေးတို့နှင့် သက်ဆိုင်သည့် အရပ်ဘက်သုံးဂြိုဟ်တုစနစ်များ တည်ဆောက်ရေးစီမံကိန်းကို ၂၀၂၀ ပြည့်နှစ် မတိုင်မီ အကောင်အထည်ဖော်မည် ဖြစ်ကြောင်း တရုတ်နိုင်ငံက အောက်တိုဘာ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

မြေကမ္ဘာလေ့လာရေးဂြိုဟ်တုစနစ်၊ ဆက်သွယ်ရေး ဂြိုဟ်တုစနစ်နှင့် လမ်းပြမြေပုံဂြိုဟ်တု စနစ်တည်ဆောက်ရေး စီမံကိန်းသည် တရုတ်နိုင်ငံ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးနှင့် တည်ငြိမ်ရေး ရည်မှန်းချက်များကို အထောက်အကူပြုမည်ဖြစ်ကြောင်း တရုတ်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လာမည့်ဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံအနေဖြင့် အရပ်ဘက်ဆိုင်ရာ အာကာသ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါကော်မရှင်၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

**ဆင်ဟွာ။**



# ကန်ဒေါ်လာ သန်း ၄၈၀ တန် ရုရှားလုပ် ဆူခွိုင်းတိုက်လေယာဉ်သစ်များ ဗင်နီဇွဲလားဝယ်ယူမည်

**ကာရာကက် အောက်တိုဘာ ၃၀**

အမေရိကန်ဒေါ်လာ သန်း ၄၈၀ အကုန်အကျခံကာ ရုရှားနိုင်ငံလုပ် စစ်ဘက်လေယာဉ်သစ်များဝယ်ယူရန် ဗင်နီဇွဲလားအစိုးရက အတည်ပြုလိုက်ကြောင်း ကာကွယ်ရေးဝန်ကြီး ဗလာဒီမာပတ်ဒရီနိုလိုပက်ဇ်က ပြောကြားသည်။

မိမိတို့နိုင်ငံ၏ လေကြောင်းပိုင်နက်ကို ဆက်လက်ကာကွယ်စောင့်ရှောက်နိုင်ရန် ရုရှားနိုင်ငံလုပ် ဆူခွိုင်းတိုက်လေယာဉ်များဝယ်ယူရေးကို ဗင်နီဇွဲလားသမ္မတနီကိုးလတ်မာဒူရိုက တရားဝင်ခွင့်ပြုလိုက်ကြောင်း အကြီးတန်းစစ်ဘက်ခေါင်းဆောင်များနှင့် အစည်းအဝေးတစ်ခု၌ လိုပတ်ဇ်က ပြောကြားသည်။ စစ်ဘက်လေယာဉ်သစ်များက နယ်စပ်ဒေသများ အထူးသဖြင့် ကိုလံဘီယာနယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါးမှောင်ခိုကူးမှုကို ကာကွယ်စောင့်ရှောက်ရာတွင် ဗင်နီဇွဲလားနိုင်ငံ၏စွမ်းရည်ကို တိုးတက်လာစေမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ဗင်နီဇွဲလားနိုင်ငံသည် မှောင်ခိုကူးမှုနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုကိုတိုက်ဖျက်ရန် မကြာမီ မောင်းသူမဲ့လေယာဉ်များ စတင်အသုံးပြုတော့မည်ဖြစ်ကြောင်း၊ ယခုဝယ်ယူမည့်လေယာဉ်သစ်များက "စီးပွားရေးစစ်ပွဲ" တစ်ရပ်နှင့် တိုင်းပြည်အားအန္တရာယ်ဖြစ်စေနိုင်သည့် "မတည်မငြိမ်ဖြစ်စေနိုင်သောစီမံချက်များ" ကို ဗင်နီဇွဲလားလက်နက်ကိုင်တပ်ဖွဲ့က တိုက်ဖျက်ရာတွင် ကူညီပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ပြီးခဲ့သည့်စက်တင်ဘာလအတွင်းက ဗင်နီဇွဲလားလေတပ်မှ ဆူခွိုင်းတိုက်လေယာဉ်တစ်စင်းမှာ တိုင်းပြည်၏ လေကြောင်းပိုင်နက်အတွင်း ဝင်ရောက်လာသောအခြားလေယာဉ်တစ်စင်းအား တိုက်မိပြီးနောက် လေယာဉ်မှူးနှစ်ဦးသေဆုံးကာ စိုးရိမ်ဖွယ်ရာဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်။ **ဆင်ဟွာ။**

## ပြည်တွင်းရေးရာ

❑ **စာမျက်နှာ ၃ မှ**

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ (မဇင်း)ဘက်စုံသင်တန်းခန်းမသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန၊ လေ့ကျင့်ရေးဌာနခွဲ(မဇင်း)၏ နောက်ခံသမိုင်း၊ ဆည်မြောင်းနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ လေ့ကျင့်ပေးနေမှု၊ နည်းပညာပူးပေါင်း လုပ်ဆောင်မှုများနှင့် သင်တန်းများဖွင့်လှစ်ပို့ချနေမှု အခြေအနေများကို ဗီဒီယိုမှတ်တမ်းဖြင့် တင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လေ့ကျင့်ရေးဌာနခွဲအတွင်းရှိ စာကြည့်တိုက်၊ အိပ်ဆောင်များနှင့် ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများ အရည်အသွေးစမ်းသပ်ခန်း၊ ဓာတ်ခွဲခန်းများနှင့် ဆည်မြောင်းဒီဇိုင်းပုံစံငယ်အခန်းတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆည်မြောင်းဦးစီးဌာနတွင် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ(မဇင်း)နှင့် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ (ပုသိမ်ကြီး)တို့ ပါဝင်ဖွဲ့စည်းထားရှိပြီး (မဇင်း) ဌာနခွဲကို ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လေ့ကျင့်ပညာပေးရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ပဲခူးမြို့၌ ၁၉၈၈ ခုနှစ် မတ်လက ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

နည်းပညာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် ပူးပေါင်း၍ စီမံကိန်းအဆင့်(၁)ကာလတွင် ကွန်ပျူတာအသုံးပြုမှုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ၏ ရေမြေ၊ မိုးလေဝသ၊ သဘာဝတို့နှင့် လိုက်လျောညီထွေဖြစ်မည့် ဆည်မြောင်းလုပ်ငန်းများအတွက် ဒီဇိုင်းစံညွှန်းများ ပြုစုရေးဆွဲခြင်း၊ တည်ဆောက်ရေးပစ္စည်းများ ဓာတ်ခွဲစမ်းသပ်ခြင်းနှင့် ဗဟုသုတများ မြှင့်တင်ပေးရန်အတွက် သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ စီမံကိန်းအဆင့်(၂)ကာလတွင် နိုင်ငံတော်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးမြောက်မြားစွာဖြင့် တည်ဆောက်ခဲ့သော ဆည်မြောင်းစီမံကိန်းများ၏ အကျိုးသက်ရောက်မှုများ စနစ်တကျတိုးတက်ကောင်းမွန်လာစေရန် အဓိကလေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ဂျပန်နိုင်ငံအစိုးရမှ နေရောင်ခြည်စွမ်းအင်သုံးမီးအိမ်များ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃၀**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ဂျပန်နိုင်ငံအစိုးရမှ နေရောင်ခြည်စွမ်းအင်သုံး မီးအိမ်များ လွှဲပြောင်းလှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဧည့်ခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI၊ UNDP ဌာနေညွှန်ကြားရေးမှူး Mr. Toily Kurbanovနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်နှင့် UNDP တို့ ဆွေးနွေးညှိနှိုင်းမှုအရ UNDP အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဆိုလာမီးအိမ်များ၊ ဖျက်၍မရသောမင်များ ဝယ်ယူပေးရန်နှင့် ကိုယ်စားလှယ်လောင်းများအတွက် Information Session များ ပြုလုပ်ပေးရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်း။

ဆိုလာမီးအိမ်ဝယ်ယူထောက်ပံ့ရေးအတွက် UNDP နှင့် ဂျပန်နိုင်ငံတို့ မိတ်ဖက်ပြုပြီး နိုင်ငံတစ်ဝန်းလုံးရှိ လျှပ်စစ်မီးအချိန်ပြည့်မရသော မဲရုံများအတွက် နေရောင်ခြည်စွမ်းအင်သုံး မီးအိမ်ပေါင်း ၅၁၂၉၈ လုံးကို ဝယ်ယူ၍ ရန်ကုန်နှင့်မန္တလေးမြို့များမှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ခွဲဝေပေးပို့ပြီးဖြစ်ကြောင်း၊ ဆိုလာမီးအိမ်များ ပံ့ပိုးလှူဒါန်းပေးသည့်အတွက် ရွေးကောက်ပွဲကျင်းပသည့်နေ့ ညလုံးပေါက်မဲရေတွက်ရသော မဲရုံများ၌ မဲလက်မှတ်များရေတွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်သံအမတ်ကြီးက ဆိုလာမီးအိမ်များကို ဂျပန်အစိုးရအနေဖြင့် UNDP မှတစ်ဆင့်လှူဒါန်းခဲ့ကြောင်း၊ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အားထုတ်ကြိုးပမ်းမှုသည် မြန်မာနိုင်ငံသားများအတွက်သာမက နိုင်ငံတကာအသိုက်အဝန်းအတွက်လည်း အရေးကြီးပါကြောင်း၊ ဆိုလာမီးအိမ်သည် ၁၂ နာရီကြာ အသုံးပြုနိုင်ပြီး နေရောင်ခြည်စွမ်းအင်သာမက ဓာတ်ခဲ၊ ဘက်ထရီဖြင့်လည်း ဆက်သွယ်ကာ မဲလက်မှတ်ရေတွက်စာရင်းပြုစုရာတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဂျပန်သံအမတ်ကြီးက ရွေးကောက်ပွဲတွင်အသုံးပြုမည့် ဆိုလာမီးအိမ်များအား ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လက်ခံရယူသည်။

ထို့နောက် UNDP ဌာနေညွှန်ကြားရေးမှူးက ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရန်အတွက် အကြောင်းအရာများစွာကို အသေးစိတ်စဉ်းစားပြီး ဆိုလာမီးအိမ်များ လှူဒါန်းရရှိရေးဆောင်ရွက်ခဲ့ပါကြောင်း၊ လျှပ်စစ်မီးမရရှိသောဒေသများတွင် မဲရေတွက်ရန်အတွက် ဆိုလာမီးအိမ်များ ဖြန့်ဝေထုတ်ပေးနိုင်မှုသည် ယင်းဒေသများရှိ ကိုယ်စားလှယ်လောင်းများနှင့် ပြည်သူများ၏ ယုံကြည်မှုကို မြင့်မားစေမည်ဖြစ်ကြောင်းပြောကြားသည်။ **(သတင်းစဉ်)**

❂ **ကမ်းနားလမ်းမှ**

တပ်ဆင်တဲ့ လုပ်ငန်းပြီးသွားပါပြီ။ ခန့်မှန်းတာကတော့ ဒီလကုန်မှာ လျှပ်စစ်ဓာတ်အားရပြီဆိုရင် ရှေ့လထဲမှာ စမ်းသပ်ပြီးတော့ ပြေးဆွဲနိုင်မယ်လို့ထင်ပါတယ်”ဟု မြန်မာ့မီးရထား (အောက်မြန်မာပြည်) အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။

လျှပ်စစ်ရထားလမ်းသစ်ကို ပထမဦးစွာ ဝါးတန်းလမ်းမှ ပန်းဆိုးတန်းအထိ စမ်းသပ်ပြေးဆွဲသွားမည်ဖြစ်ပြီး လင်းစဒေါင်းအထိ ချိတ်ဆက်ပြေးဆွဲသွားနိုင်ရန် လျာထားပြီး ဘူတာလေးဘူတာ၊ ငါးဘူတာခန့်လျာထားကြောင်း သိရသည်။

လျှပ်စစ်ရထားစီမံကိန်းကို စရိတ်ကုန်သက်သာပြီး ထိရောက်သော သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လျာထားပြီး ပထမအဆင့်အနေဖြင့် ဝါးတန်းလမ်းမှ ပန်းဆိုးတန်း၊ ဒုတိယအဆင့်အနေဖြင့် ပန်းဆိုးတန်းမှ လင်းစဒေါင်း၊ တတိယအဆင့်အနေဖြင့် လင်းစဒေါင်းမှ ပုဇွန်တောင်၊ အလားတူ ဝါးတန်းလမ်းမှ ကြည့်မြင်တိုင်အထိ ချိတ်ဆက်သွားမည်ဖြစ်ပြီး မြို့ပတ်ရထားလမ်းကွန်ရက်အတိုင်း ချိတ်ဆက်ကာ နောက်ပိုင်းတွင် မြို့ပတ်ရထားခရီးစဉ်များကိုလည်း အဆင့်မြှင့်တင်သွားနိုင်ရန် စီမံကိန်းလျာထားကြောင်း သိရသည်။

“မူလစမ်းသပ်ပြေးဆွဲတဲ့ ကမ်းနားလမ်းရထားကတော့ စီးတဲ့သူ နည်းပါတယ်။ လမ်းကူးရတဲ့အခက်အခဲနဲ့ ခရီးစဉ်လမ်းကြောင်းအရ ခရီးသည်သိပ်မများဘူး။ အခု စမ်းသပ်ပြေးဆွဲမယ့် လျှပ်စစ်ရထားကတော့ မပြောတတ်ဘူး။ နောက်ပိုင်း ကြည့်မြင်တိုင်ဘက်အထိ ချိတ်သွားမယ်။ မြို့ပတ်ရထားလမ်းခရီးစဉ်တွေနဲ့ ချိတ်နိုင်မယ်ဆိုရင်တော့ ကားလမ်းခရီးထက်အများကြီး ပိုအဆင်ပြေသွားမယ်။ ကားပိတ်တာ၊ အချိန်ကုန်တာထက် ရထားက အများကြီးသက်သာတယ်။ အချိန်မှန်ပြီး ထိရောက်ဖို့ပဲ လိုပါတယ်”ဟု ကြည့်မြင်တိုင်မြို့နယ်မှ ရန်ကုန်မြို့တွင်းသို့ လာရောက်အလုပ်လုပ်ကိုင်သူတစ်ဦးက ပြောသည်။

**(ဝဝ၁)**

ooo

# မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ ကြည့်ရှု

**ချောင်းဦး အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်းမှ ကျေးရွာများသို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်တိုဘာ ၃၀ ရက်က သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

“ချောင်းဦးမြို့နယ်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ၁၀ ရွာရှိပါတယ်။ တစ်ရွာကို သိန်း ၃၀၀ ထုတ်ချေးပေးပြီး အိမ်ခြေ ၈၀ နဲ့အထက် ကျေးရွာများကို ချေးပေးတာဖြစ်ပါတယ်။ အိုင်နီကျေးရွာနဲ့ ကျောက်တန်းကျေးရွာတို့မှာတော့ အိမ်ခြေ ၈၀ အထက်မရှိတာကြောင့် နှစ်ရွာပေါင်းပြီး ချေးပေးတာဖြစ်ပါတယ်”ဟု ချောင်းဦးမြို့နယ် ကျေးလက်ဦးစီးမှူး ဒေါ်သီတာဦးက ပြောသည်။

မုံရွာခရိုင်ကျေးလက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းထွေး၊ ချောင်းဦးမြို့နယ် ကျေးလက်ဦးစီးမှူး ဒေါ်သီတာဦးနှင့် ဝန်ထမ်းများသည် အဆိုပါ မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၀ ရွာအနက် ချောင်းမကျေးရွာ၊ အိုင်နီ-ကျောက်တန်းကျေးရွာများသို့ သွားရောက်ပြီး ကျေးရွာမြစိမ်းရောင်ကော်မတီအဖွဲ့၏ စာရင်းပေးဇယားများ ဆောင်ရွက်ထားရှိမှုများနှင့် လုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ယုယုဝင်း(ပြန်/ဆက်)**

# ရှမ်းပြည်နယ်အတွင်း ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုနိုင်သည့်မြို့နယ်များ ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သတင်းထုတ်ပြန်ချက်**

**နေပြည်တော်၊ အောက်တိုဘာ ၃၀**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား ကျင်းပပြုလုပ်ရာ၌ ရှမ်းပြည်နယ်အတွင်းရှိ မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်တို့အား မြို့နယ်တစ်ခုလုံးစီနှင့် တန့်ယန်းမြို့နယ်၊ ဟိုပန်မြို့နယ်များအတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု (၅၀)တို့တွင် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုကြောင်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၂၇)ရက်နေ့၌ ကြေညာချက်အမှတ် (၆၇/ ၂၀၁၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ထိုနယ်မြေဒေသများတွင် ၂၀၁၅ ခုနှစ် ဇွန်လကတည်းက RCSS/ SSA (တောင်ပိုင်း) လက်နက်ကိုင်အဖွဲ့များအနေဖြင့် လက်နက်ဖြင့် ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်း၊ မလျော်ဩဇာသုံးခြင်းများရှိကြောင်း၊ ၎င်းဒေသတွင်ယှဉ်ပြိုင်အရွေးခံကြမည့် နိုင်ငံရေးပါတီများမှတင်ပြချက်အပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နယ်မြေလုံခြုံရေးအခြေအနေအရ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်းများရှိနိုင်ကြောင်း၊ မဲဆန္ဒနယ်မြေအားလုံးတွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်အတွက် နယ်မြေအတွင်းရှိ နိုင်ငံရေး ပါတီများအနေဖြင့် နယ်မြေလူထုအား စည်းရုံးဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် လက်နက်ဖြင့် ခြိမ်းခြောက်၍ မဲထည့်စေခြင်း၊ မဲမထည့်ရန် တားဆီးခြင်း ပြုလုပ်ပါက ရွေးကောက်ပွဲတွင် အနိုင်ရရှိသော်လည်း ရွေးကောက်ပွဲပြီးနောက် ကန့်ကွက်လွှာများတင်သွင်းလာပါက ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တစ်ဆင့် နိုင်ငံရေးပါတီများသို့ ခေါ်ယူအသိပေးပြောကြားသွားရန် အကြောင်းကြားဆောင်ရွက်စေခဲ့ပါသည်။ အောက်တိုဘာလ(၁၉)ရက်နေ့တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီကလည်းကောင်း၊ အောက်တိုဘာလ (၂၁)ရက်နေ့တွင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကလည်းကောင်း၊ ၎င်းဒေသများတွင် စစ်ရေးလှုပ်ရှားမှုများ၊ တိုက်ပွဲဖြစ်ပွားမှုများရှိနေပြီး ဒေသခံများမှာ မိမိတို့၏နေအိမ်များအားစွန့်ခွာ၍ အခြားနေရာများသို့ ပြောင်းရွှေ့ထွက်ခွာနေရသဖြင့် ၎င်းဒေသများအား ရွေးကောက်ပွဲရွှေ့ဆိုင်းပေးရန် တင်ပြခဲ့ကြပါသည်။ ထို့အတူ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကလည်း သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရွေးကောက်ပွဲလုံခြုံရေး စီမံခန့်ခွဲမှုကော်မတီတို့နှင့် အစည်းအဝေးပြုလုပ်သုံးသပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရန်အခြေအနေမရှိ၍ ရွှေ့ဆိုင်းပေးရန်တင်ပြခဲ့ပါသည်။ ထို့အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း ၎င်းဒေသများအတွင်း ၆-၁၀-၂၀၁၅ ရက်နေ့မှ ၂၁-၁၀-၂၀၁၅ ရက်နေ့အထိ တိုက်ပွဲများဖြစ်ပွားလျက်ရှိကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဖြစ်ရန် အခက်အခဲများရှိကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးမှုတွင် အနှောင့်အယှက်အဟန့်အတားများရှိနိုင်ကြောင်း၊ မဲရုံများ ဖွင့်လှစ်ဆောင်ရွက်ရာတွင်လည်း လုံခြုံမှုစိတ်ချရသော အခြေအနေမရှိကြောင်း၊ မဲရုံတာဝန်ကျ ဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်မှုများရှိနိုင်ကြောင်းနှင့် မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် မိမိသဘောဆန္ဒအရမဟုတ်ဘဲ ခြိမ်းခြောက်၍မဲပေးစေမှုများရှိနိုင်ခြင်းတို့ကြောင့် ၎င်းဒေသများတွင် ရွေးကောက်ပွဲရွှေ့ဆိုင်းပေးရန် တင်ပြခဲ့ပါသည်။ ကော်မရှင်အနေဖြင့် ၎င်းနယ်မြေဒေသများသို့ ဆန္ဒမဲလက်မှတ်များ ပေးပို့ရန် ဆောင်ရွက်ရာတွင်လည်း တိုက်ပွဲများဖြစ်ပွားနေ၍ ပေးပို့နိုင်ခြင်းမရှိသေးဘဲ ဆန္ဒမဲလက်မှတ်များအား ကျေးသီးမြို့နယ်အတွက် ခိုလန်ရဲစခန်းတွင် လည်းကောင်း၊ မိုင်းရှူးမြို့နယ်အတွက် ကွန်ဟိန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်တို့တွင် ထိန်းသိမ်းထားရပါသည်။

၃။ ၎င်းကြေညာချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ၂၉-၁၀-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာသော နိုင်ငံရေးပါတီများအား ချပြ ဆွေးနွေးခဲ့ရာ နိုင်ငံရေးပါတီများအနေဖြင့် ထောက်ခံသောပါတီများသာရှိခဲ့ပြီး ကန့်ကွက်သောပါတီမရှိပါ။

၄။ သို့ဖြစ်ပါ၍ အဆိုပါရွေးကောက်ပွဲရွှေ့ဆိုင်းခြင်းကိစ္စအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနယ်မြေရှိ အာဏာပိုင်အဖွဲ့အစည်းများ၊ ကော်မရှင်အဖွဲ့ခွဲများ၊ ပါတီများနှင့် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ တင်ပြချက်များအပေါ် သုံးသပ်၍ ဥပဒေနှင့်အညီ ရွေးကောက်ပွဲရွှေ့ဆိုင်းခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

*၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအစိမ်းရောင်စီးပွားရေးဌာန(ASEAN Institute for Green Economy- AIGE)တစ်ခုကို မြန်မာနိုင်ငံ (ရန်ကုန်မြို့)၌ ဖွင့်လှစ်တည်ထောင်နိုင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး -*

# “စိမ်း” မှ “လန်း” မယ်

**မောင်စိမ်းကြည်**

လုပ်ငန်းခွင်နယ်ပယ်မှာဖြစ်ဖြစ်၊ ပညာသင်ကြားတဲ့နယ်ပယ်မှာဖြစ်ဖြစ် ဉာဏလုပ်သားတွေဟာ မျက်စိနှစ်ကွင်းနဲ့ အလုပ်လုပ်ကြရပါတယ်။ ညအိပ်ရာဝင်ချိန်ရောက်မှသာ မျက်စိနှစ်လုံးအနားရပြီး ကျန်တဲ့အချိန်တွေအားလုံးမှာ ကိုယ့်မျက်စိကို အနားပေးချိန်မရှိလောက်အောင် နှိပ်စက်တတ်ကြပါတယ်။ အထူးသဖြင့် စာနဲ့အလုပ်လုပ်ကြတဲ့ ကျွန်တော်တို့လို လူတွေအဖို့ မျက်စိကို နိစ္စဓူဝသုံးနေရလို့ မျက်စိကျန်းမာရေးအတွက် မျက်စိအစာကျွေးဖို့ အမြဲလိုလို ကြံဆရှာဖွေနေရပါတယ်။

“မိမိတို့မျက်စိတွေ ညောင်းညာဝေဝါးလာတဲ့အခါမှာ ပြင်ပပတ်ဝန်းကျင်မှ စိမ်းစိမ်းစိုစို သစ်ပင်တွေ၊ အစိမ်းရောင်ပန်းမာန်တွေ၊ အစိမ်းရောင် မြက်ခင်းပြင်တွေကို အချိန်အနည်းငယ်ပေးပြီး နေ့စဉ်ကြည့်ပေးပါ”လို့ မျက်စိကျန်းမာရေးအတွက် အကြံပြုတတ်ကြပါတယ်။ “အစိမ်းရောင်ရှိတဲ့ အဲဒီသစ်ပင်ပန်းမာန်မြက်ခင်းတွေမှာ အချိန်အနည်းငယ်ကြာကြာ ပြောင်းရွှေ့ခံစားကြည့်မယ်ဆိုရင် သင့်ရဲ့မျက်စိတွေရဲ့ အမြင်အာရုံတွေဟာ တဖြည်းဖြည်းပြန်လည်ကြည်လင်လာသလို ခံစားရတယ်”လို့ ဆိုကြပါတယ်။ အရောင်တွေရဲ့ ခံစားမှုသဘောတရားအရ ‘အဖြူရောင်ဟာ ကြည်လင်စေတယ်’။ ‘အပြာရောင်ဟာ ကြည်နူးစေတယ်’။ ‘အဝါရောင်ဟာ ငြိမ်ချမ်းစေတယ်’။ ‘အနီရောင်ဟာ ပူလောင်စေတယ်’။ ‘အမဲရောင်ဟာ မှောင်မိုက်စေတယ်’။ ‘အညိုရောင်ဟာ တည်ငြိမ်စေတယ်’။ ‘အစိမ်းရောင်ဟာ အေးမြစေတယ်’ ဆိုတဲ့ အရောင်သဘောတွေရှိကြပါတယ်။

မျက်စိနဲ့ တစ်နေကုန်အလုပ်လုပ်နေရတဲ့ ကျွန်တော်တို့အဖို့ အလုပ်ချိန်ကြာလာတာနဲ့အမျှ မျက်စိတွေ ညောင်းညာဝေဝါး ဖြစ်လာတတ်ပါတယ်။ အိုင်စီတီနည်းပညာခေတ်မှာ ကွန်ပျူတာဖန်သားမျက်နှာပြင်တွေကို အသုံးပြုလာကြတော့ အလင်းပြန်မှုတွေဖြစ်လာပြီး မျက်စိကို ပိုပြီးထိခိုက်စေပါတယ်။ အဲဒီအခါမှာ အစိမ်းရောင်မြင်ကွင်းတွေကို အချိန်ယူပြီးကြည့်ဖို့ တိုက်တွန်းထားတာကို သတိရတဲ့အခါ ရန်ကုန်မြို့ တိုက်တာတွေကြားမှာ အလုပ်လုပ်ရတဲ့ ကျွန်တော့်အဖို့ အဲဒီအခွင့်အရေးကို ရှာဖွေဖို့အခက်အခဲရှိနေပါတယ်။ ဒါပေမယ့် မြို့ပြအဆောက်အအုံအတွင်း၊ အပြင်တွေမှာ အစိမ်းရောင် သစ်ပင်ပန်းမာန်တွေကို ရသလောက်စိုက်လာတာ၊ အခန်းတွင်းအပင်ငယ်လေးတွေ ထားရှိတာတွေကို နိုင်သလောက် ဖန်တီးလာကြတာဟာ ယနေ့ခေတ်မီတဲ့ လုပ်ငန်းဌာနတွေမှာ တွေ့လာရပါတယ်။

ဒါဟာ မြေပိုမြေလျှံမလုံလောက်တဲ့ မြို့ပြတွေမှာ လူတွေရဲ့ စိတ်နှလုံးတွေ၊ မျက်စိအမြင်တွေ ကြည်လင်လန်းဆန်းလာစေဖို့အတွက် ဖန်တီးဖော်ဆောင်ကြတာဖြစ်ပါတယ်။ အချို့အိမ်ခြံတွေဆိုရင် အစိမ်းရောင်နွယ်ပင်တွေနဲ့ တစ်အိမ်လုံးကို လွှမ်းခြုံထားတဲ့အထိ အလှဆင်ထားတာတွေကို တွေ့ရတတ်ပါတယ်။ မတတ်နိုင်သူတွေ၊ နေရာမရှိသူတွေက မိမိတို့တတ်နိုင်သလောက်၊ နေရာရှိသလောက် အစိမ်းရောင်သစ်ပင်လေးတွေ ရှင်သန်အောင် ဖန်တီးလာကြတာကို တွေ့ရပါတယ်။

အခုတော့ ကျွန်တော့်မျက်စိကျန်းမာရေးအတွက် အဆင်ပြေမယ့်အခြေအနေဖြစ်လာပါတယ်။ ကျွန်တော် အလုပ်လုပ်ရာဝန်းကျင်ဟာ အရှေ့ရိုးမတောင်တန်းကြီးအနီး ယူကလစ်တောတွေ ပေါက်ရောက်ရာ ဝန်းကျင်နေရာကို ရောက်နေလို့ပါပဲ။ အလုပ်ခွင်ပြင်ပရှိ မြက်ခင်းပြင်နဲ့ သစ်ပင်တွေကို ၁၀ မိနစ်၊ ၁၅ မိနစ်ခန့် အချိန်ယူကြည့်ရှုမိတဲ့အခါ ကျွန်တော့်ရဲ့ မျက်လုံးနှစ်စုံဟာ ပြန်လည်ကြည်လင်လာတယ်လို့ ထင်ရပါတယ်။ အမှန်တကယ်မှာလည်း မျက်စိကြည်လာတာကတော့ ကျွန်တော်အလုပ်လုပ်တဲ့ ကွန်ပျူတာဖန်သားပြင်မှာ အချိန်သုံးနာရီခန့်



အလုပ်လုပ်ပြီးတိုင်း စိမ်းစိုတဲ့တောင်တန်းကြီးတွေ၊ မြက်ခင်းပြင်တွေ၊ သစ်ပင်သစ်တောအုပ်တွေကို ကြည့်နေရလို့ပါပဲ။

အစိမ်းရောင်သစ်တောဆိုတာ လူသားတွေရဲ့ ပုခက်ပါပဲ။ ယနေ့ခေတ်မှာ သဘာဝပတ်ဝန်းကျင်ပျက်ယွင်းလာတာကြောင့် လူသားတွေဟာ အစိမ်းရောင်ပုခက်ကို တမ်းတလာကြပါတယ်။ မျက်မှောက်ကာလမှာ အစိမ်းရောင်သဘာဝလောကကြီးကို ပြန်လည်ခိုလှုံလိုတဲ့ ဆန္ဒတွေ နိုးထလာပါတယ်။ အထူးသဖြင့် အစိမ်းရောင်သဘာဝကို ပြန်လည်ခိုလှုံလိုမှုအပြုအမူတွေကို ခေတ်သစ်မြို့ပြနေလူတန်းစားတွေအတွက် တားမရဆီးမရတဲ့ ဆွဲဆောင်မှုတစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။ အစိမ်းရောင်သစ်တောခရီးသွားတွေအတွက် ခေတ်သစ်ဇီဝဂေဟစနစ်တစ်ခုဖြစ်ထွန်းဖို့ အရေးကြီးတဲ့ကဏ္ဍတစ်ခု ဖြစ်လာပါတယ်။

ရှေးခေတ်က တရုတ်နိုင်ငံက ကျော်ကြားတဲ့ အနုပညာရှင်တွေဟာ အစိမ်းရောင်သစ်တောမှာ ခရီးသွားတာကို နှစ်ခြိုက်ခဲ့ကြပါတယ်။ ကဗျာဆရာကြီး လီပိုင်ဟာ ရွက်လှေစီးပြီး အစိမ်းရောင် တောတောင် မြစ်ချောင်းတွေမှာ နေရာအနှံ့လှည့်ပတ်ခဲ့ပါတယ်။ ကဗျာဆရာ လုယုဟာ လားစီးပြီး အစိမ်းရောင်ရှုခင်းအလှအပတွေကို ခံစားကာ ကဗျာတွေရေးဖွဲ့ခဲ့ပါတယ်။ ပညာရှင်ကြီး ရှီးယှားခက်ကလည်း တောင်ဝှေးတုတ်ကောက်နဲ့ အစိမ်းရောင် နေရာအနှံ့ကို ခရီးကြမ်းနှင်ခဲ့ပါတယ်။ ယနေ့ခေတ်သစ်သို့ရောက်လာတဲ့အခါမှာ မြို့ပြရဲ့ မွန်းကျပ်မှုတွေကို ခံစားကြရတဲ့ လူတွေဟာ အစိမ်းရောင် လှုပ်ရှားမှုဝန်းကျင်အတွင်းသို့ ဝင်ရောက်လာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

အစိမ်းရောင်သစ်တော သစ်ပင်တွေဟာ အောက်စီဂျင်ဓာတ်ကို ထုတ်လုပ်ပေးပြီး လေထုထဲက ညစ်ညမ်းတဲ့ ဓာတ်ငွေ့တွေကို စုပ်ယူပေးတဲ့ လေထုသန့်စင်စက်တစ်မျိုးဖြစ်ပါတယ်။ သဘာဝ အောက်စီဂျင်ဘားကြီးလို့လည်း ဆိုနိုင်ပါတယ်။ အစိမ်းရောင်သစ်တောတွေကို လေထုသန့်စင်ကိရိယာလို့လည်း ခေါ်ဆိုကြပါတယ်။ ကမ္ဘာမြေပေါ်မှာ ၇၀ ရာခိုင်နှုန်းသော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့တွေကို အစိမ်းရောင်သစ်တောတွေက စုပ်ယူပေးပါတယ်။ လေထုထဲသို့ ၆၀ ရာခိုင်နှုန်းသော အောက်စီဂျင်ဓာတ်ငွေ့တွေကို အစိမ်းရောင်သစ်တောတွေက ပြန်လည်ထုတ်လွှတ်ပေးပါတယ်။ အစိမ်းရောင်သစ်တောသစ်ပင်တွေဟာ ဖြာထွက်မှုရောင်ခြည်တွေကို စုပ်ယူပေးခြင်း၊ ဆန်ခါကဲ့သို့ စစ်ပေးခြင်း စတာတွေကို လုပ်ဆောင်ပေးနိုင်ရုံသာမက လူသားတွေကို အနှောင့်အယှက်ပေးတဲ့ ဆူညံသံတွေကို ဖျောက်ဖျက်ပေးတဲ့အပြင် မှုန်ဝါးနေတဲ့ မျက်စိအမြင်တွေကိုပါ ကြည်လင်လာစေပါတယ်။

ဇီဝဗေဒပညာရှုထောင့်မှ ဖော်ပြထားချက်အရ လူတွေဟာ အစိမ်းရောင်သစ်တော သစ်ပင်တွေအနားမှာနေရင် စိတ်ချမ်းသာခြင်း၊ တည်ငြိမ်အေးချမ်းခြင်း၊ နှလုံးခုန်နှုန်းနှေးကွေးသွားခြင်း၊ သွေးဖိအားနဲ့ ကိုယ်အပူချိန်လျော့နည်းသွားခြင်း စတဲ့အကျိုးကျေးဇူးတွေ ဖြစ်ပေါ်လာတာကြောင့် အကျိုးဆက်အားဖြင့် လူသားတွေရဲ့ သက်တမ်းကိုပါ ရှည်စေနိုင်ကြောင်း သိရှိရပါတယ်။ အစိမ်းရောင်ရုက္ခဗေဒသစ်ပင်ပန်းမန်တွေဟာ လူသားတွေရဲ့ စိတ်နှလုံးသားကို ဆွဲဆောင်နိုင်တဲ့၊ မွှေးကြိုင်တဲ့ ရနံ့တွေကိုလည်း ပျံ့လွင့်စေပါတယ်။ သစ်တောသစ်ပင် ပတ်ဝန်းကျင်ရဲ့လေထုဟာ အလွန်သန့်ရှင်းစင်ကြယ်ပါတယ်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

ECONOMY
Green
GROWTH

## အစိမ်းရောင်စီးပွားရေး
## အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက်

အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရအဖွဲ့အစည်းများသာမက ပြည်တွင်းရှိ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး GEGG (မြန်မာ) အဖြစ် ဖွဲ့စည်းကာ အကျိုးအမြတ် မယူတဲ့စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ နေပြည်တော် MICC-2 ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)**



ပြည်တွင်းရေးရာ

# အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးရုံဖြင့် မပြီးဘဲ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ဆောင်ရွက်ကြရမည်





**နေပြည်တော် အောက်တိုဘာ ၃၀**

စစ်မှုထမ်းသက် နှစ်ကာလများစွာအတွင်း တပ်မတော်မှထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်အညီ ပြစ်မှုမရှိအောင်နေထိုင်ခြင်း၊ ကျန်းမာကြံ့ခိုင်အောင် နေထိုင်ခြင်း၊ ထိုက်သင့်သည့် သင်တန်းများတွင် အရည်အချင်းပြည့်မီအောင် တက်ရောက်သင်ကြားခြင်း၊ ခေါင်းဆောင်မှုမှားယွင်းမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်ခြင်းတို့အပေါ် မူတည်၍ တာဝန်ပေးအပ်ခြင်းဖြစ်သောကြောင့် မိမိကိုယ်မိမိ တန်ဖိုးထားရန်၊ ဂုဏ်ယူရန်လိုအပ်ကြောင်း၊ မိမိကို ပေးအပ်သည့် မည်သည့်ရာထူးအဆင့်ကိုမဆို တန်ဖိုးထားခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းပြီး ကြိုးစားချင်စိတ်အမြဲရှိနေမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ အုပ်ချုပ်မှုမွမ်းမံသင်တန်းအမှတ်စဉ်(၂/၂၀၁၅)မှ သင်တန်းသား သင်တန်းသူ အရာရှိများအားတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် သင်တန်းသား သင်တန်းသူ အရာရှိများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းများအနေဖြင့် မိမိတာဝန်ယူကွပ်ကဲရမည့် တပ်၊ ဌာနစွမ်းရည်ရှိစေရန် ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ခြေလျင်တပ်များအနေဖြင့် တိုက်စွမ်းရည်ရှိရန်လိုအပ်သကဲ့သို့ လက်ရုံးတပ်များအနေဖြင့်လည်း လက်ရုံးတပ်ဖွဲ့စွမ်းရည်ရှိအောင် လုပ်ဆောင်ရန်လိုကြောင်း၊ တပ်မှူးတာဝန်ထမ်းဆောင်မည့်သူများအနေဖြင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဘဏ္ဍာရေးအခွင့်အာဏာသုံးရပ်ပေးအပ်ထားခြင်းဖြစ်၍ မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ရန်လိုကြောင်း၊ ညီညွတ်မျှတသောအုပ်ချုပ်မှု၊ မှန်ကန်သောတာဝန်ခွဲဝေမှုတို့ရှိရမည်ဖြစ်ကြောင်း။

ယနေ့ ပြည်သူကရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြည်သူ့ဆန္ဒနှင့်အညီ လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခများ ရှိနေ၍မရပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခနှင့်ပတ်သက်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိစ္စရပ်များသည်လည်း အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းများရှိပြီးဖြစ်၍ ဥပဒေနှင့်အညီ ဝင်ရောက်အရွေးချယ်ခံကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၂၀၁၁ ခုနှစ် ဩဂုတ်လမှစ၍ သမ္မတကြီးမှ ငြိမ်းချမ်းရေးစတင်ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ NCA လက်မှတ်ရေးထိုးနိုင်ရန် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေးလက်မှတ် ရေးထိုးရုံဖြင့်မပြီးဘဲ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်ရမည်ဖြစ်ကြောင်း၊ ပေးထားသည့် ကတိကဝတ်များနှင့်အညီ အမှန်တကယ်ငြိမ်းချမ်းလိုသည့်စိတ်ရှိရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားကို ထိခိုက်ခြင်း၊ ဒို့တာဝန် အရေးသုံးပါးကိုထိခိုက်ခြင်းနှင့် တိုင်းရင်းသားပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် မူဝါဒ (၃) ချက်ချမှတ်ထားကြောင်း၊ ငြိမ်းချမ်းရေးမူ (၆)ချက်ကိုလည်း အသိပေးထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ မိမိတို့လိုလားသည့် ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

မကြာမီကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း တပ်မတော်အနေဖြင့် လွတ်လပ်ပြီး တရားမျှတမှုရှိရမည်ဟု ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ကြိုတင်မဲပေးခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတ်မှတ်ချက်များနှင့်အညီသာ ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

---

❒ **စာမျက်နှာ ၆ မှ**

လူတွေရဲ့ ဦးနှောက်နဲ့ အာရုံကြောအပေါ် တည်ငြိမ်စေတဲ့ အကျိုးအာနိသင်တွေရှိတာကြောင့် ဦးနှောက်ကြည်လင်ပြီး မျက်စိအမြင်လန်းဆန်းလာတာဖြစ်ပါတယ်။ အချို့သစ်ပင်တွေဟာ ရောဂါပိုးကိုသတ်ပေးနိုင်တဲ့ ဒြပ်တစ်မျိုးကိုလည်း စိမ့်ထွက်ပေးပါတယ်။ ဥပမာအားဖြင့် ထင်းရှူး၊ မိုးမခ၊ တမာပင်တွေရဲ့ သစ်ပင်တွေက ထုတ်လွှတ်ပေးတဲ့ ဓာတ်ငွေ့တွေဟာ အဆုတ်တီဘီ၊ တုပ်ကွေး၊ လည်ချောင်းရောင်၊ အဆုတ်ရောင် စတဲ့ရောဂါတွေအတွက် အထူးကုသပေးနိုင်သော အကျိုးအာနိသင်တွေရှိပါတယ်။ စိတ်ဖိစီးမှုရောဂါအတွက် ပိုမိုသိသာထင်ရှားသော ကုသမှုအကျိုးကိုလည်း ရရှိနိုင်ပါတယ်။ လူ့ကိုယ်ခန္ဓာ ရောဂါခုခံမှုစွမ်းအားကိုလည်း မြှင့်တင်ပေးနိုင်ပါတယ်။

အစိမ်းရောင်သစ်ပင်တွေက ဒီလိုအကျိုးကျေးဇူးတွေရှိနေတာကြောင့် လူသားတွေဟာ အစိမ်းရောင်သစ်ပင်တွေကို ပြန်လည်တောင့်တလာကြတာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့အစိမ်းရောင်စီးပွားရေးတွေကို အလေးထားလုပ်ဆောင်လာကြတာဖြစ်ပါတယ်။ ယခုအခါ လူတွေတောင့်တကြတဲ့ အစိမ်းရောင်သစ်တောသစ်ပင်တွေ ပြုန်းတီးလာတာကြောင့် ပြန်လည်ထူထောင်ရေးတွေ လုပ်ကြရပါတယ်။ မြို့ပြနဲ့ အဆင့်မြင့်အဆောက်အအုံတွေ ထူထပ်ပေါ်များလာတာကြောင့် အစိမ်းရောင်သစ်ပင်တွေ ပါးလျားလာတာကို ဖြေဖျောက်တဲ့အနေနဲ့ အဆောက်အအုံနဲ့ အခင်းအကျင်းတွေ ဖန်တီးတည်ဆောက်တဲ့နေရာမှာ လူတွေကို အကျိုးပြုတဲ့ အစိမ်းရောင်အလှဆင်သစ်ပင်တွေကို နေရာပေးလာတာဖြစ်ပါတယ်။

အစိမ်းရောင်သစ်ပင်တွေဟာ လူသားတွေရဲ့ ကျန်းမာရေးအတွက် ကာကွယ်ထိန်းသိမ်းရေး အကျိုးရှိရုံသာမက လူသားတွေအတွက် ဆန်းကြယ်တဲ့ စိတ်ပိုင်းဆိုင်ရာ ဇိမ်ကျမှုတွေကိုပါ သယ်ဆောင်ပေးလာပါတယ်။ အထူးသဖြင့် ခေတ်မီတိုးတက်တဲ့ မြို့ကြီးပြကြီးနေ လူသားများအတွက် ပုံရိပ်တစ်မျိုးပြောင်းပေးလိုက်သလို ဖြစ်သွားပါတယ်။ အစိမ်းရောင်သစ်ပင်သစ်တောတွေထဲကို ဝင်ရောက်လိုက်သလို သဘာဝကျကျ ပြန်လည်ခိုလှုံဝင်ရောက်ခြင်းကို ဖြစ်စေပါတယ်။ စိတ်ပြေလက်ပျောက်လည်း ဖြစ်စေပါတယ်။ ပင်ပန်းနွမ်းနယ်မှုကိုလည်း ပြေလျော့စေပါတယ်။ မြင်ကွင်းကိုလည်း ကျယ်စေပါတယ်။ စိတ်ချမ်းသာခြင်းကိုလည်း ရစေပါတယ်။ ဉာဏ်ရည်ကိုလည်း ဖွံ့ဖြိုးစေပါတယ်။

အနောက်တိုင်းမှ ကျော်ကြားသော ဆိုရိုးစကားတစ်ခုရှိပါတယ်။ "လမ်းလျှောက်လျှင် ဉာဏ်ထွက်"ဟူ၍ဖြစ်ပါတယ်။ ဒါဟာ လူသားတွေရဲ့ ဘဝအတွေ့အကြုံကရတဲ့ သင်ခန်းစာဖြစ်ပါတယ်။ သိပ္ပံနည်းကျတဲ့ အမှန်တရားပဲဖြစ်ပါတယ်။ တစ်နေကုန်တစ်နေခန်း မိမိအလုပ်ခွင် ရုံးခန်းထဲမှာ ထိုင်ပြီး ဦးနှောက်ကို အသုံးပြုရတဲ့ ဉာဏလုပ်သားတွေအတွက် လတ်ဆတ်တဲ့ လေထုရှိတဲ့ အစိမ်းရောင်သစ်ပင်တွေကြားကို သွားကြတာဟာ အကောင်းဆုံးအနားယူခြင်းဖြစ်ပါတယ်။ တင်းကျပ်နေတဲ့ အာရုံကြောဆဲလ်တွေကို ပြေလျော့စေပါတယ်။ လူတွေဟာ ရုပ်ဝတ္ထုပစ္စည်းတွေ တိုးတက်လာတာနဲ့အမျှ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာပါတယ်။ ထိုအခါမွန်းကျပ်မှုတွေကို ပြေလျော့စေဖို့ သစ်ပင်သစ်တောတွေကို မိမိပတ်ဝန်းကျင်မှာ ရှိနေဖို့ လိုအပ်လာပါတယ်။

ဒါ့ကြောင့် အ'စိမ်း'ရောင်ရှိတဲ့ သစ်ပင်တွေကြားမှာနေမှ 'လန်း'ဆန်းကြည်လင်မှုကို ရရှိနိုင်မှာ သေချာပါတယ်။ ။

---

# တာချီလိတ်မြို့၌ တစ်သောင်းကျပ်တန် ငွေစက္ကူအတုများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၃၀**

တာချီလိတ်မြို့ ပါလျံ(၃) ရန်အောင်မြေရပ်ကွက်ရှိ ရွှေနဂါးမိုတယ်၌ တည်းခိုနေသော ဧည့်သည်သုံးဦးထံမှ အောက်တိုဘာ ၂၉ ရက်က တစ်သောင်းကျပ်တန် ငွေစက္ကူအတုများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါမိုတယ်၌ တည်းခိုလျက်ရှိသော ဧည့်သည်သုံးဦးသည် တာချီလိတ်-လားရှိုး လေယာဉ်လက်မှတ်မှာယူသဖြင့် တာလော့ရပ်ကွက်ရှိ Sky View လေယာဉ်လက်မှတ်အရောင်းဆိုင်မှ အရောင်းစာရေးသားကို(ခ) ဟိန်းလင်းကိုက အဆိုပါမိုတယ်သို့ သွားရောက်ပို့ဆောင်ရာ လေယာဉ်လက်မှတ်ဖိုး ကျသင့်ငွေကျပ် ၂၃၁၀၀၀ အတွက် မြန်မာကျပ်ငွေ တစ်သောင်းတန် ၂၃ ရွက်နှင့် ကျပ်တစ်ထောင်တန် တစ်ရွက်ပေးသဖြင့် သားကို(ခ) ဟိန်းလင်းကိုက မိုတယ်စာရေး အမျိုးသမီးအား ဝန်ဆောင်ခ ကျပ်တစ်သောင်းတန်တစ်ရွက် ပေးခဲ့ပြီး ဆိုင်သို့ ပြန်လည်ရောက်ရှိစဉ် တစ်သောင်းတန် ငွေစက္ကူ ၂၂ ရွက်အား မသင်္ကာသဖြင့် အနီးရှိ ကမ္ဘောဇဘဏ်၌ သွားရောက်စစ်ဆေးရာ အတုများဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် တာဝန်ရှိသူများနှင့်အတူ ရွှေနဂါးမိုတယ်တွင် တည်းခိုနေကြသည့် ဒေါ်နန်းစိန်ညွန့်၊ စိုင်းရွှေတို့၏ အခန်းနှင့် မနန်းလှကြည်၏အခန်းအား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ကျပ်တစ်သောင်းတန် ငွေစက္ကူအတု ၄၇၉ ရွက်အား တွေ့ရှိသဖြင့် သက်သေများရှေ့တွင် သိမ်းဆည်းခဲ့သည်။

စစ်ဆေးချက်များအရ လွန်ခဲ့သည့် တစ်လခန့်က ၎င်းတို့ သုံးဦးသည် စိုင်းရွှေ ဆေးကုသမှုခံယူရန်အတွက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ သွားရောက်ပြီး အပြန်တွင် မြန်မာကျပ်ငွေတစ်သောင်းတန် အရွက် ၅၀၀ (သိန်း ၅၀) ယူဆောင်လာခဲ့ပြီး အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီက အမှတ်(၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် မြန်မာနိုင်ငံတွင်းသို့ သယ်ယူလာပြီး သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာငွေကျပ်တစ်သောင်းတန် အတုများအား တစ်ဖက်ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ တာချီလိတ်မြို့သို့ ယူဆောင်သုံးစွဲခဲ့ကြသည့် ဒေါ်နန်းစိန်ညွန့်၊ စိုင်းရွှေနှင့် မနန်းလှကြည်တို့အား မြန်မာနိုင်ငံ ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၅/၁၀၆ ဖြင့် အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

---

## လေဖိအားနည်းရပ်ဝန်း အားပျော့သွားပြီ

**နေပြည်တော် အောက်တိုဘာ ၃၀**

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီးဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်သည်။ **(ကြေးမုံ)**

---

# မကွေးမြို့နယ်တွင် ကြွေးကြော်ရာမှ တစ်ရွာသားချင်း ရန်ပွဲဖြစ်ပွား

**မကွေး အောက်တိုဘာ ၃၀**

မကွေးမြို့နယ် ဖိုဝေးကျေးရွာ၌ အောက်တိုဘာ ၂၇ ရက် ညပိုင်းက NLD ပါတီ အောင်ရမည်အော်သူနှင့် ပြည်ခိုင်ဖြိုးပါတီနိုင်ရမည်ဟု ကြွေးကြော်သူ တစ်ရွာသားချင်း ရန်ဖြစ်ခဲ့ရာမှ အပြန်အလှန်တိုင်ကြားခဲ့ကြကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၇ ရက် ည ၉ နာရီက ဖိုဝေးကျေးရွာနေ အောင်မြင့်မော်(ခ)ဘိုသန်သည် နေအိမ်ရှေ့လမ်းမပေါ်တွင် သူငယ်ချင်းများနှင့် ထိုင်နေစဉ် တစ်ရွာတည်းနေ ညွန့်ဝင်း၊ ကျော်စွာဝင်းနှင့် စိုးသူတို့ လမ်းလျှောက်လာရာ အောင်မြင့်မော်(ခ)ဘိုသန်က " NLD ပါတီအောင်ရမည်"ဟု အော်ဟစ်ခဲ့သဖြင့် ညွန့်ဝင်းက ဆဲဆိုကာ လက်ထဲတွင် အသင့်ပါလာသော လေးခွဖြင့်ပစ်ရာ အောင်မြင့်မော်(ခ)ဘိုသန်၏ ဝမ်းဗိုက်အား ထိမှန်ပြီး ကျော်စွာဝင်းနှင့် စိုးသူတို့က တုတ်များဖြင့် ဝိုင်းရိုက်ခဲ့သောကြောင့် အောင်မြင့်မော်(ခ)ဘိုသန်တွင် ဒဏ်ရာများရရှိခဲ့သည်။

အလားတူ ယင်းနေ့ ည ၉ နာရီခန့်တွင်ပင် ညွန့်ဝင်းသည် ရွာအရှေ့ပိုင်းရှိ ညီဖြစ်သူ ဇော်ဝင်း၏နေအိမ်သို့သွားစဉ် အောင်မြင့်မော်(ခ)ဘိုသန်၏ နေအိမ်ရှေ့လမ်းအရောက် ညွန့်ဝင်းက "ပြည်ခိုင်ဖြိုးပါတီနိုင်ရမည်"ဟု အော်ဟစ်သဖြင့် အောင်မြင့်မော်(ခ) ဘိုသန်က ခြံဝင်းထဲမှထွက်လာကာ ဆဲဆိုပြီး လက်ထဲတွင် အသင့်ပါလာသော ပုလင်းနှင့် ညွန့်ဝင်း၏ခေါင်းအား ရိုက်ကာ အနီးရှိခြံစည်းရိုးမှ ထင်းချောင်းနှင့် ရိုက်ခဲ့ကြောင်း၊ ထို့နောက် ငထိုက်(ခ)ထွန်းအောင် (၂၉)နှစ်က ညွန့်ဝင်းအား ကိုင်ပေါက်သဖြင့် ညွန့်ဝင်းတွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် မကွေးမြို့နယ် မိကျောင်းရဲနယ်မြေရဲစခန်း၌ အပြန်အလှန် အမှုဖွင့်တိုင်ထားကြောင်း သိရသည်။ **(ကျော်ဇေယျ)**

# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ (ပထမအကြိမ်) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။**(ယာပုံ)**



အစည်းအဝေးသို့ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို နှစ်စဉ်နှစ်တိုင်း အစီအစဉ်နှစ်ရပ်ဖြင့် ကျင်းပခဲ့ပါကြောင်း၊ နံနက်ပိုင်းအစီအစဉ်တွင် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား၊ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားနှင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားတို့ကို ပြုလုပ်ပါကြောင်း၊ ညနေပိုင်းအစီအစဉ်တွင် နိုင်ငံတော်သမ္မတက တည်ခင်းဧည့်ခံသည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲကျင်းပခြင်းအခမ်းအနားကို ကျင်းပပါကြောင်း၊ ယခုနှစ်ကျင်းပမည့် လွတ်လပ်ရေးနေ့အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးကို ဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်း၊ ယင်းဆပ်ကော်မတီများအနေဖြင့် ယခင်နှစ်၏ အားနည်းချက်၊ အားသာချက်များအပေါ် ပြန်လည်သုံးသပ်၍ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီများအနေဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်က (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုကော်မတီအောက်တွင် ဆပ်ကော်မတီ(၇)ခုဖွဲ့စည်းတာဝန်ပေးအပ်ထားမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်နေသည့် အခြေအနေ၊ ဧည့်ခံရေး၊ တည်းခိုနေထိုင်ရေး၊ လုံခြုံရေး၊ ပြန်ကြားရေး၊ သဝဏ်လွှာပြုစုရေး၊ ကျန်းမာရေးနှင့် အားကစားပြိုင်ပွဲများ ကျင်းပရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို တင်ပြကြပြီး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး စသည့် အမျိုးသားရေးဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

**✱ ကျောဖုံးမှ**

တည်ဆောက်ထားပြီး အောက်တိုဘာလ နောက်ဆုံးအပတ်မှစပြီး မတ်လ ပထမပတ်အထိဖွင့်လှစ်ရာ ရာသီဥတုအေးလျှင် အေးသလို ရေပူလာရောက်ချိုးသူများ စည်ကားလှသည်။

အခြားမြို့ကြီးများ၌ ရေပူကန်များရှိသည့်အနက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရေပူ(သဘာဝ) ရေထွက်သည့် ရေအပူချိန် ၅၂ ဒီဂရီစင်တီဂရိတ်ရှိကာ နယ်ဝေးမှလာရောက်၍ တကူးတက လာရောက်ရေပူချိုးသူများ များပြားလှသည်။ သဘာဝရေပူစမ်းသည် အကြော၊ အဆစ် ကိုက်ခဲ/ရောင်ရမ်းသူများ၊ လေးဖက်နာရောဂါသည်များ၊ နှစ်ရှည်လများ ခါးနာသူများ၊ လေဖြတ်၊ လေဖြန်းသူများ၊ အသားအရေပေါ်၌ ဖြစ်တတ်သော ပွေး၊ ဝဲ၊ ညှင်း၊ ဒက်၊ အနာစက်၊ ယားနာများ ပျောက်ကင်းကြောင်းနှင့် ခန္ဓာကိုယ် ဆီး၊ ဝမ်း၊ လေတို့ မှန်ကန်မျှတစေပြီး သလိပ်ကြေကာ ရေမချိုးခင်အအေးခံပြီး ရေပူချိုးပြီးလျှင် အလွန်နေထိုင်ကောင်း၍ အန္တေးထည်ပင် ဝတ်စရာမလိုအောင် အပူအအေးမျှတစေပါသည်။

သုတေသနပြုသူများထံမှ သိရသည်မှာ ရေပူစမ်းသဘာဝရေထွက် ရေပူထဲတွင် ရောနှောပါဝင်မှုများမှာ Sulphate၊ Chloride၊ Fluoride၊ Silica၊ Phosphorous၊ Calcium၊ Maganesium၊ Sodium၊ Potasium ဓာတ်များ ပါဝင်နေကြောင်း မှတ်သားသိရှိခဲ့ရပါသည်။ ထို့အတွက်ကြောင့် အညောင်းအညာပြေခြင်း၊ ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေသော ဆေးဖက်ဝင်သဘာဝရေပူစမ်းပင်ဖြစ်သည်။

နှစ်စဉ်မိုးတွင်းကာလ အောက်တိုဘာလတွင် တစ်ကြိမ်၊ ဧပြီလ သင်္ကြန်အပြီးတွင် တစ်ကြိမ်၊ နှစ်ကြိမ်ရေလှောင်ကန်၊ ရေစစ်ကန်များအား ရေလှယ်၍ သန့်ရှင်းရေးပြုလုပ်ပေးရပါသည်။

ထူးခြားသည်မှာ လူရေချိုး၍ရသော အပူချိန်ရှိရေကန်၊ အဝတ်အစားလျှော်ရန်နေရာနှင့် ကြက်အမွေးနုတ်၍ရသည်အထိ အပူချိန်ရှိသော ရေပူသဘာဝရေထွက်နေရာများရှိပါသည်။

ပို၍ ထူးထူးခြားခြားရှိသည်မှာ နှစ်စဉ် အောက်တိုဘာလ၊ ဧပြီလများ၌ ရေလှောင်၊ ရေစစ်ကန်များသန့်ရှင်းရေးပြုလုပ်ရန် ရေဖောက်ထုတ်သည့်အခါတွင် ရေကန်၌ တင်ကျန်ခဲ့သော ငါးများ၊ တစ်ခါတစ်ရံ ရေမြွေလေးများ အသက်ရှင်လျက်ရှိသည်ကို တွေ့ရှိရပြီး ရေအေးထည့်ထားသော ရေပုံးများအတွင်း ထည့်လိုက်လျှင် သေဆုံးသွားကြောင်း ထူးခြားစွာ တွေ့ခဲ့ရသည်။ အမှန်တကယ်ဆိုလျှင် "ပုစွန်အကွေး၊ ငါးအန္တေး"ဟု ဆိုစကားရှိသည့်အတိုင်း ရေပူနွေးလျှင် ငါး၊ ပုစွန်သေရမည့်အစား မသေဘဲနှင့် ရေအေးထိတွေ့မှသာလျှင် သေဆုံးသွားကြောင်း မျက်မြင်တွေ့ရှိခဲ့ရသည်။

အထူးသတိပြုရမည်မှာ ရေပူချိုးတော့မည်ဆိုလျှင် အစာစားပြီးမှ ချိုးရန်၊ အစာမစားဘဲ ရေပူချိုးမိလျှင် မူးဝေ၊ အော့အန်ဖြစ်တတ်ပါသည်။ သွေးတိုး၊ နှလုံးရောဂါရှိသူများ ရေပူကန်ထဲတွင် ဆင်းမချိုးရဘဲ အပေါ်ယံမှ ရေခွက်နှင့် ခပ်ချိုးရပါသည်။

အရောင်းဈေးဆိုင်ခန်း ၁၀ ခန်းရှိပြီး ရေပူစမ်း၌ နာမည်ကြီးသည့် ဆိတ်သားခြောက်၊ ငါးသလဲထိုးကြော်နှင့် ကောက်ညှင်းငချိတ်၊ ကောက်ညှင်းဖြူတို့ကို ဒေသထွက် မုန်ညင်းချဉ်နှင့် စားသောက်ကြရသည်မှာ အလုအယက်ပင်ဖြစ်သည်။

အကျယ်အဝန်းမှာ ၁၇ ဒသမ ၇၈ ဧရိယာအတွင်း၌ ဆိုင်ခန်းရှစ်ခန်းမှ ၁၀ ခန်းအထိ တိုးမြှင့်ထားရှိပြီး ရေချိုးဆောင်အောက်ဘက် ၁၆ ခန်း (ပုဂ္ဂလိကကန်ထရိုက်ပေးထား)ရေချိုးခန်းသီးသန့်၊ ရေချိုးခန်းအတွင်း ဆပ်ပြာ (တစ်ခါသုံး)နှင့် ခေါင်းလျှော်ရည်များ အခန်းတွင် ထည့်ပေးထားသည်။

ဂိတ်ဝင်ကြေးအနေဖြင့် လူတစ်ဦး ကျပ် ၂၀၀၊ ဆိုင်ကယ် ကျပ် ၃၀၀၀၊ သုံးဘီး ကျပ် ၄၀၀ နှင့် ကားကျပ် ၅၀၀ ကောက်ခံ၍ အများသူငါရေချိုး၍ အဆင်ပြေစေရန် ရေပူကန်အတွင်း ရေနောက်၊ ရေမှော်မဝင်ရအောင် ရေစစ်ပြုလုပ်ထားကာ ရေချိုးခန်းအတွင်း ရေပူရေအေးချိုးရန် ပြုလုပ်ပေးထားပြီး ရေအေးအတွက် အဝီစိတွင်းမှ ရေတင်ကာ ရေပူရေအေးစပ်ချိုးနိုင်ရန် စီစဉ်ထားရှိသည်။

မိုးကုန်၍ ဆောင်းဦးပေါက်ဝင်လျှင် အခြားဒေသများထက် အအေးဓာတ်လွန်ကဲသော ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှာ ညအချိန်နှင့် နံနက်ခင်းစောစော ရေပူရေအေးချိုးရင်း ကောက်ညှင်းငချိတ်နှင့် ဆိတ်သားမျှင်ကြော်၊ ငါးသလဲထိုးကြော် လတ်လတ်ဆတ်ဆတ် စားသောက်ရင်း တစ်ခေါက်တစ်ခါအခွင့်ကြုံလျှင် လာရောက်၍ ရေပူချိုးလှည့်ပါဟု ဖိတ်ခေါ်ရေးသားတင်ပြအပ်ပါသည်။

**✱ MNL မှ**

ကလည်း လူစုံအသုံးပြုခဲ့သည်။ ချင်းအသင်း အားထည့်ကစားမှုကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၂၆ မိနစ်တွင် ရန်ကုန်အသင်း ဂိုးစရခဲ့သည်။ သန်းပိုင်၏ ဖန်တီးပေးမှုကို ကျော်ကိုကို ကန်သွင်းရာ ပြန်လျှံထွက်လာသည်ကို ဆီဇာက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင်လည်း ရန်ကုန်အသင်းက ဖိကစားနိုင်ခဲ့ပြီး တိုက်စစ်မှူး ဆီဇာက ၅၀၊ ၅၄၊ ၅၈ မိနစ်တို့တွင် သုံးဂိုးဆက်သွင်းယူပေးခဲ့သည်။ လေးဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် ချင်းအသင်းချေပဂိုး ရရှိရန် ကြိုးပမ်းလာပြီး မက်သယူးက ၆၈၊ ၈၂ မိနစ်တို့တွင် ချေပဂိုး နှစ်ဂိုး ပြန်သွင်းခဲ့သည်။ ရန်ကုန်အသင်းမှာ အနိုင်ရနေသော်လည်း ဂိုးထပ်ရရန် ကြိုးပမ်းခဲ့ပြီး ၈၃ မိနစ်တွင် သန်းပိုင်၊ ၈၇မိနစ်တွင် ဆီဇာတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။

ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပထမဆု ရန်ကုန်အသင်းအား ဆုဖလား၊ ဆုကြေးကျပ်သိန်း ၁၀၀၀နှင့် တစ်ဦးချင်းဆုတံဆိပ်၊ ဒုတိယဆုရ ရတနာပုံအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၇၅၀၊ တတိယဆုရ မကွေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ကျပ်သိန်း ၅၀၀ တို့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**ယနေ့ပွဲ**

**သုဝဏ္ဏကွင်း - ညနေ ၄ နာရီ**

**နေပြည်တော် - ဟံသာဝတီ**

**သုဝဏ္ဏကွင်း - ညနေ ၆ နာရီခွဲ**

**မကွေး - ဇွဲကပင်**

**အောင်ဆန်းကွင်း - ညနေ ၄နာရီ**

**ရခိုင် - ကမ္ဘောဇ**

**ဗထူးကွင်း - ညနေ ၄နာရီ**

**ရတနာပုံ - မနောမြေ**

**ကျောက်တိုင်ကွင်း-ညနေ ၃နာရီခွဲ**

**ရောဝတီ - ဇေယျာရွှေမြေ**

---

## မြောက်ဥက္ကလာ အဆင့်မြင့်ဝေဘာဂီလမ်းမပေါ် ယာဉ်ဖြတ်သန်းမောင်းနှင်ခွင့်ပြု

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီစဉ်မှုဖြင့် အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) က ဦးဆောင်ပြီး အရှေ့ပိုင်းခရိုင် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) အင်ဂျင်နီယာမှူး ကြီးကြပ်ပြီး အရှည်ပေ ၁၂၇၀၀၊ အကျယ် ၃၆ ပေ၊ ဒုကိုးလက်မရှိ ဝေဘာဂီလမ်းမကြီး အဆင့်မြင့် ကွန်ကရစ်လမ်းခင်းကျင်းပြီးစီး၍ အောက်တိုဘာ ၃၀ ရက်က စတင်ပြီး ယာဉ်ကြီး၊ ယာဉ်ငယ်များ လမ်းအသုံးပြုမှု ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ခရိုင်အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) မှ သိရသည်။

"ဒီလမ်းမကြီးပေါ် ဖြတ်သန်းအသုံးချခွင့်ပြုလိုက်လို့ မော်တော်ယာဉ်တွေ စိတ်ချမ်းမြေ့စွာ မောင်းနှင်သွားလာနိုင်ကြပြီး လမ်းသွားလမ်းလာပြည်သူတွေပါ ယာဉ်အန္တရာယ်ကင်းဝေးကြပါတယ်။ ခုလိုပြည်သူတွေ ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်က ကင်းဝေးစေရန်နဲ့ ယာဉ်ကြီးယာဉ်ငယ်တွေ လိုရာခရီး မြန်ဆန်ချောမွေ့စွာ မောင်းနှင်နိုင်ရန် အဓိက လိုအပ်ချက်ဖြည့်ဆည်းဆောင်ရွက်ပေးတဲ့ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဝန်ထမ်းများကို ကျေးဇူးတင်ပါတယ်" ဟု ရွှေပေါက်ကံ၊ ကျုံးကြီး၊ ရွှေပေါက်ကံ-လှိုင်သာယာ၊ ရွှေပေါက်ကံ-ဆူးလေခရီးသည် တင်ယာဉ်မောင်းများထံမှ ဝမ်းသာပီတိစကားသံ ထွက်ပေါ်လာသည်။

ယင်းဝေဘာဂီလမ်းမကြီးအား ၁၉၆၃ ခုနှစ်က အကျယ် ၁၆ ပေ ရေပိတ်ကတ္တရာ ခင်းပေးထားတာဖြစ်ကြောင်း၊ နှစ်ပေါင်းဆယ်ချီကြာလာ၍ ခံနိုင်စွမ်းရည်ကျဆင်းခြင်း၊ မိုးဒဏ်၊ ရေဒဏ်၊ ယာဉ်သွားလာမှုများခြင်းနှင့် ရွှေပေါက်ကံမြို့သစ်စည်ပင်ဖွံ့ဖြိုးမှု (ည) ရပ်ကွက်၊ (၄)ရပ်ကွက်တို့တွင် လူဦးရေထူထပ်လာသဖြင့် ပြည်သူများ ယာဉ်မတော်တဆဖြစ်ပွားခြင်း အန္တရာယ်မှ ကင်းဝေးစေရန်အတွက် မြို့တော်စည်ပင်သာယာရေး ကော်မတီက စီစဉ်မှုဖြင့် ရွှေပေါက်ကံမြို့သစ်ပုဂံ အဆင့်မြင့်ကွန်ကရစ်လမ်းထိပ်မှ ခြောက်ကွေ့မီးပွိုင့်အထိ ဝေဘာဂီလမ်းမကြီး အဆင့်မြင့်ကွန်ကရစ်လမ်းအဖြစ် စက်ယန္တရားအား၊ ဝန်ထမ်းအင်အား နှစ်ရပ်ပေါင်းဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ခရိုင်အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) အင်ဂျင်နီယာမှူး ဦးထွန်းလှက ပြောသည်။ **(ထွန်းဝင်း)**

ပြည်တွင်းရေးရာ

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) ဒုတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၀**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) ၏ ဒုတိယနေ့ဆွေးနွေးပွဲတွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားများအကြား နှစ်ဖက်လိုက်နာရမည့်အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များကို နှစ်ဖက်သဘောတူညီမှုရရှိခဲ့သည်ဟု ချင်းအမျိုးသားတပ်ဦး (CNF) မှ ဒေါက်တာရွှေခါးရိုက ပြောကြားသည်။

အဆိုပါအစည်းအဝေးကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းဆွေးနွေးပွဲတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)၏ ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ဖွဲ့စည်းပုံ၊ လိုက်နာရမည့်ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ပိုင်ခွင့်နှင့် တာဝန်များအား အဓိကထား ဆွေးနွေးခဲ့ကြသည်ဟု MPC ၏ ဥပဒေအကြံပေးဖြစ်သူ ဒေါက်တာဆလိုင်းငွန်ကျိုးလျန်က ပြောကြားသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စောတာဒိုမူးက " မနေ့က ဆွေးနွေးတုန်းက အကြမ်းဖျင်းအတည်ပြုတာတွေကို ဒီမနက်ပိုင်းမှာ စာလုံးပေါင်းသတ်ပုံကအစ အသေးစိတ်ဆွေးနွေးတယ်။ ပြီးရင် JMC ရဲ့ ပြည်နယ်အဆင့်မှာရှိတဲ့ Structure (ဖွဲ့စည်းပုံ)ကို ဆက်လက်ညှိနှိုင်းကြမယ်။ ပြီးရင် ပြည်ထောင်စုအဆင့်ရဲ့ TOR (Terms of reference) ကို အသေးစိတ်ဆွေးနွေးမယ်။ ကျွန်တော်တို့ကတော့ ဒီတစ်ခေါက်ဆွေးနွေးမှုမှာ ပြည်ထောင်စုအဆင့်ကို ရအောင်ဆွေးနွေးကြည့်ချင်တယ်။ လောလောဆယ် ပဏာမအဆင့်မှာ function ဖြစ်နိုင်တဲ့ mechanism တစ်ခုခုကို ရချင်တယ်။ လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်းတွေကြားမှာ တစ်ခုခုဖြစ်ခဲ့သော် ချက်ချင်းဖြေရှင်းနိုင်ဖို့ပါ" ဟု ဒုတိယမြောက်နေ့ ဆွေးနွေးပွဲအပေါ် သုံးသပ်သည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)၏ တတိယနေ့ အစည်းအဝေးကို အောက်တိုဘာ ၃၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးနောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး(JICM)ကို နေပြည်တော်တွင် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက် မွန်းလွဲပိုင်းမှ အောက်တိုဘာ ၁၇ ရက်အထိ ပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) တို့ကို ဖွဲ့စည်းခဲ့သည်။

NCA စာချုပ်အရ လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၃၀ အတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)၏ မူဘောင်ကို ရေးဆွဲရမည်ဖြစ်ပြီး ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)၏ မူဘောင်ကို ရေးဆွဲကြရမည်ဖြစ်သည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) ပထမနေ့ အစည်းအဝေး ခေတ္တရပ်နားချိန်တွင် NCA စာချုပ် လက်မှတ်ရေးထိုးပြီးနောက် ၁၅ ရက်အတွင်း ဖြစ်ပေါ်နေသည့် အခြေအနေများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)၏ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းပြီး MPC ၏ ဥပဒေအကြံပေးဖြစ်သူ ဒေါက်တာဆလိုင်းငွန်ကျိုးလျန်အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။


ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ဒုတိယနေ့ အစည်းအဝေး ဆက်လက်ပြုလုပ်စဉ်။

**မေး။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် JMC ကော်မတီတွေ ဖွဲ့စည်းပုံနဲ့ ပြည်ထောင်စုအဆင့်ဟာ ဘယ်လိုကွာခြားမှုတွေရှိလဲ။**

ဖြေ။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့်ကော်မတီဖွဲ့စည်းရာမှာ အနည်းငယ်ရှုပ်ထွေးမှုရှိတယ်လို့ ပြောလို့ရတယ်။ ပထဝီအနေအထားနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ နေထိုင်ရာဒေသကြောင့်ပါ။ ဥပမာ. . ချင်းပြည်နယ်ဆိုရင် ပြဿနာမရှိဘူး။ ဒါပေမယ့် ကရင်ဆိုရင် သူတို့က တိုင်းဒေသကြီးနှစ်ခုနဲ့ ပြည်နယ်တစ်ခုမှာ နေထိုင်တယ်။ ဒါ့အပြင် ဒီဒေသမှာ လက်မှတ်ထိုးထားတာက KNU တင်မဟုတ်ဘဲ DKBA လည်းရှိတယ်။ KNLA-PC လည်းရှိနေတယ်။ ဒီအဖွဲ့တွေကျတော့ ဘယ်လိုပုံစံဖွဲ့ကြမလဲဆိုတာကို အသေးစိတ်ဆွေးနွေးရတယ်။ ကျင့်ဝတ်ကတော့ တစ်ခုတည်းပဲ။ ဒါပေမယ့် ဖွဲ့စည်းပုံကတော့ အနည်းငယ်ကွာခြားမယ်။ ဥပမာ. . ချင်းပြည်နယ်ဆိုရင် အစိုးရဘက်က လက်ခံတဲ့ ကိုယ်စားလှယ် ငါးဦးနဲ့ CNF ဘက်က ကိုယ်စားလှယ် ငါးဦးစီပေါ့။ ကရင်ပြည်နယ်မှာကျတော့ အဖွဲ့အစည်းက သုံးဖွဲ့ဖြစ်ပြီး နယ်မြေက သုံးခုဖြစ်တယ်။ ဒါကြောင့် အထူးအနေနဲ့ ပြန်စဉ်းစားရပါတယ်။

ဒီတော့ ပြည်ထောင်စုအဆင့်မှာက Structure (ဖွဲ့စည်းပုံ)က အားလုံးအတွက် တစ်ခုတည်းပဲ။ ဒါပေမယ့် ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့်ကော်မတီ ဖွဲ့စည်းရာမှာတော့ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုနဲ့ တစ်ခုကြားမှာ ဖွဲ့စည်းပုံက အနည်းငယ် ကွဲပြားသွားတယ်။ ပထဝီအနေအထားနဲ့ လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေရဲ့ နယ်မြေဒေသအရ အထူးအလေးထားပြီး လုပ်ဆောင်ရတဲ့ အပိုင်းတွေရှိနေတယ်။ ချင်းပြည်နယ်အတွက် ဖွဲ့စည်းပုံကို ကရင်ပြည်နယ်မှာ သုံးဖို့မဖြစ်နိုင်တဲ့အခက်အခဲမျိုးတွေ ရှိနေတယ်။ ဒါပေမယ့် နှစ်ဖက်က သဘောတူတာက Structure(ဖွဲ့စည်းပုံ)တစ်ခုကိုတော့ ကိုင်ထားမယ်။ အဲဒီဖွဲ့စည်းပုံကို ပံ့ပိုးပေးမယ့်အရာကိုတော့ နှစ်ဖက်ညှိနှိုင်းကြမယ်လို့ သဘောတူကြတယ်။

**မေး။ ဒီနေ့ဆွေးနွေးပွဲရဲ့ လက်ရှိအခြေအနေကို ဆရာ့အနေနဲ့ ဘယ်လိုသုံးသပ်ချင်ပါသလဲ။ တိုင်းရင်းသားတွေဘက်ကလည်း ဒီဆွေးနွေးပွဲအပေါ်မှာ ဘယ်လိုသဘောထားရှိတယ်လို့ ထင်ပါသလဲ။**

ဖြေ။ ကျွန်တော်ထင်တာကတော့ ဒီနေ့ဆွေးနွေးတာ မနေ့ကထက်ပိုကောင်းတယ်။ တစ်ဦးနဲ့ တစ်ဦး ယုံကြည်မှုပိုရှိလာတယ်။ သူ့ဘက်ကိုယ့်ဘက်ဆိုတဲ့ ဘက်တစ်ခုခု မရှိတော့ဘဲ JMC ဟာ အားလုံးဆိုတဲ့ အခြေခံပေါ်မှာ တစ်စုတစ်ဖွဲ့တည်းနဲ့ စဉ်းစားတဲ့ ပုံစံမျိုးပေါ်ပေါက်လာတယ်။ ဒီမှာ ဆွေးနွေးနေကြတဲ့သူတွေဟာလည်း မကြာခဏတွေ့ဆုံဆွေးနွေးမှုကြောင့် JMC ပဲဖြစ်ဖြစ်၊ UPDJC ပဲဖြစ်ဖြစ် လုပ်ရတာ အရင်ကထက်လွယ်ကူလာတယ်လို့ ကျွန်တော်ထင်တယ်။

## သတင်းနှင့်တွေ့ဆုံမေးမြန်း - မြတ်သန္တာမောင်
## ဓာတ်ပုံ - အငယ်လေး

**မေး။ JMC ဟာ နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်နိုင်ဖို့နဲ့ ငြိမ်းချမ်းရေးဆီ အရောက်သွားနိုင်ဖို့အတွက် ဘယ်လိုများ ပံ့ပိုးပေးနိုင်မလဲ။**

ဖြေ။ တပ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်တဲ့ကိစ္စတွေအတွက် JMC ကို ဖွဲ့ထားတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် UPDJC ကို ဖွဲ့ထားတယ်။ ဒီနှစ်ခုဟာ NCA နဲ့ ပတ်သက်ရင် ခွဲခြားလို့မရတဲ့ ကဏ္ဍတွေပါ။ တပ်ပိုင်းဆိုင်ရာမှာ ပြဿနာတစ်ခုခုဖြစ်ရင် နိုင်ငံရေးဆွေးနွေးပွဲကို လာထိခိုက်မယ်။ နိုင်ငံရေးဆွေးနွေးပွဲမှာ ပြဿနာဖြစ်ရင်လည်း တပ်ပိုင်းဆိုင်ရာကို လာထိမယ်ပေါ့။ ဒီနှစ်ခုဟာ NCA အတွက် မရှိမဖြစ်တဲ့ ဒေါက်တိုင်ကြီးနှစ်ခုပဲ။


ဒေါက်တာဆလိုင်းငွန်ကျိုးလျန်

**မေး။ အခုဆိုရင် NCA စာချုပ်ကို လက်မှတ်ရေးထိုးထားတာက (၁၅) ရက်ကြာမြင့်ခဲ့ပြီ။ ဒီတော့ ငြိမ်းချမ်းရေးအတွက် NCA ဟာ ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိလဲ။ ဘယ်လိုတိုးတက်မှုတွေ ရှိပါသလဲ။**

ဖြေ။ NCA လက်မှတ်ထိုးထားတဲ့ဒေသတွေမှာ လက်မှတ်ရေးထိုးပြီးတဲ့နောက်ပိုင်း ဒီနေ့အထိ ဘာတိုက်ပွဲမှ မဖြစ်ဘူး။ နောက်တစ်ချက်က NCA ထဲမှာပါတာက အချိန်ဇယား (Time line)ပါတယ်။ ကျွန်တော်တို့က ဒီအချိန်ဇယားအတိုင်း မလုပ်နိုင်လို့ NCA ကို ချိုးဖောက်သလိုမျိုးဖြစ်မှာကို စိုးရိမ်တယ်။ ဒီနေ့အထိ ကြည့်ရင်တော့ လက်မှတ်ထိုးပြီးနောက် ၂၄ နာရီအတွင်း လုပ်ရမယ့်ကိစ္စတွေ၊ ငါးရက်အတွင်းနဲ့ ခုနစ်ရက်အတွင်း လုပ်ရမယ့်ကိစ္စတွေကို လုပ်နိုင်ခဲ့ကြတယ်။

Time line အတိုင်းမလုပ်နိုင်ရင် ဘာအရေးကြီးလဲဆိုတော့ NCA အတွက် အန္တရာယ်ရှိတာပေါ့။ ကျွန်တော်ထင်တာက ရက် ၃၀၊ ရက်ပေါင်း ၆၀ နဲ့ ရက်ပေါင်း ၉၀ အတွင်းမှာ နိုင်ငံရေးဆွေးနွေးပွဲ စတင်နိုင်ရင်တော့ ကျန်တဲ့အဖွဲ့တွေလည်း NCA အပေါ်မှာ ယုံကြည်မှုပိုများလာမယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်က ပိုအားရှိလာမယ်။

လက်မှတ်မထိုးထားတဲ့ အဖွဲ့တွေရဲ့ နယ်မြေတွေမှာကျတော့ JMC ဖွဲ့လို့မရဘူး။ မကြာခင်မှာ လုပ်မယ့် UPDJC အစည်းအဝေးမှာလည်း သူတို့မပါနိုင်တော့ နိုင်ငံရေးမူဘောင် ရေးဆွဲရာမှာ သူတို့မပါဝင်နိုင်တာဟာ အတော်လေးကိုနစ်နာတယ်။ သူတို့ကိုလည်း ဒါကြောင့် လမ်းဖွင့်ပေးထားပါတယ်။

**မေး။ ဒါဆိုရင် အခု တခြားသော လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ NCA ကို လက်မှတ်ထိုးခဲ့ရင် သူတို့ဟာ Time line ရဲ့ ဘယ်နေရာကနေ ပါဝင်ခွင့်ရမလဲ။ အခုရောက်ရှိနေတဲ့ နေရာကနေလား ဒါမှမဟုတ် အစကနေ သူတို့အတွက် ပြန်စရမှာပါလား။**

ဖြေ။ အခု လက်မှတ်ရေးထိုးထားပြီးနောက် ရက်ပေါင်း ၃၀ အတွင်းမှာ JMC ရဲ့ မူဘောင်ကို အပြီးသတ်ရေးဆွဲကြရမယ်။ လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၆၀ အတွင်းမှာ UPDJC ရဲ့ မူဘောင်ကို အပြီးသတ်ရေးဆွဲနိုင်ရမယ်။ ဒီမူဘောင်တွေနဲ့အညီ ရက် ၉၀ မပြည့်ခင်မှာ နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်နိုင်ဖို့ ဖြစ်ပါတယ်။

ကြိုက်တဲ့အချိန်မှာ သူတို့ပါဝင်လက်မှတ်ထိုးလို့ရပါတယ်။ တခြားအဖွဲ့တွေ ပါဝင်လက်မှတ်ရေးထိုးလာရင် သူတို့ဟာ အခုရောက်နေတဲ့ နေရာကနေစပြီး ပါဝင်ရမှာပါ။ သူတို့အတွက် အဲဒါ အခွင့်အရေးရှိတယ်။ နိုင်ငံရေးမူဘောင်ဆွေးနွေးရာမှာ သူတို့ပါဝင်လာနိုင်မယ်။ ဒါမှမဟုတ် ဒါတွေဆွေးနွေးပြီးမှ လာရင်လည်း နိုင်ငံရေးဆွေးနွေးပွဲမှာ သူတို့ဆွေးနွေးခွင့်ရမှာပါ။

# အိပ်ရေးပျက်သူများ ဆီးချိုသွေးချိုနှင့် နလုံးရောဂါပို၍ဖြစ်ပွားလွယ်

ဒေါက်တာသာစိန်

တစ်ညလျှင် ခြောက်နာရီထက်နည်းကာ အိပ်ရသောသူများမှာ ဆီးချိုသွေးချို၊ နှလုံးရောဂါနှင့် လေသင်တုန်းဖြတ်ခြင်းစသော ဇီဝတွင်းဖြစ်ပျက်မှုဆိုင်ရာရောဂါများ ပို၍ဖြစ်ပွားလွယ်ကြောင်း ကိုရီးယားနိုင်ငံမှ ပြုလုပ်သော လေ့လာဆန်းစစ်မှုတစ်ရပ်ကဆိုသည်။

အိပ်ချိန်နည်းပါးခြင်းကြောင့် နာတာရှည်ရောဂါနှင့် အသက်အန္တရာယ်ဖြစ်စေသော ဇီဝတွင်းဖြစ်ပျက်မှုဆိုင်ရာရောဂါများဖြစ်ပွားနိုင်မှုအပေါ် အိပ်ရေးပျက်သူများ သိရှိရန်လိုအပ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ယွန်ဆိုင်တက္ကသိုလ်မှ ဒေါက်တာဂျန်ယွန်ကင်က ပြောကြားသည်။

ဒေါက်တာဂျန်ယွန်ကင်နှင့်အဖွဲ့သည် နှစ်နှစ်ကျော်ကာလအတွင်း အရွယ်ရောက်သူ ၂၆၀၀ ကို လေ့လာဆန်းစစ်ခဲ့ရာတွင် တစ်ညလျှင် ခြောက်နာရီထက်နည်းကာ အိပ်ရသောသူများမှာ ခြောက်နာရီမှ ရှစ်နာရီအထိ အိပ်ရသောသူများထက် ဆီးချိုသွေးချိုနှင့် နှလုံးရောဂါဖြစ်ပွားမှု ၄၁ ရာခိုင်နှုန်းပို၍များကြောင်း၊ နေထိုင်စားသောက်မှုပုံစံနှင့် အိပ်စက်သည့်အလေ့အထများအပေါ် အခြေခံသည့် ယင်းလေ့လာဆန်းစစ်မှုအရ လေ့လာဆန်းစစ်မှုတွင် ပါဝင်သူ ၂၆၀၀ အနက် ၅၆၀ မှာ ဆီးချိုသွေးချိုနှင့် နှလုံးရောဂါဖြစ်ပွားကြသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့အတူ အိပ်ရေးပျက်သူများမှာ အိပ်ရေးဝသူများထက် ဆီးချိုသွေးချိုဖြစ်နိုင်ချေ ၃၀ရာခိုင်နှုန်းနှင့် သွေးတိုးရောဂါဖြစ်နိုင်ချေ ၅၆ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိခဲ့ရကြောင်း ဆိုသည်။

ယင်းလေ့လာဆန်းစစ်မှုမှ တွေ့ရှိခဲ့သောအချက်များကို အခြားလေ့လာဆန်းစစ်မှုမှ တွေ့ရှိသော အချက်များနှင့် နှိုင်းယှဉ်သည့်အခါ တူညီသော အချက်အချို့တွေ့ရှိရပြီး ထိုအချက်များမှာ အိပ်ရေးပျက်ခြင်းသည် ဇီဝတွင်းဖြစ်ပျက်မှုဆိုင်ရာရောဂါများနှင့် ဆက်စပ်မှုရှိသည်ဆိုသော အချက်များဖြစ်ကြောင်း၊ အိပ်ရေးပျက်ခြင်းအပေါ် သက်ရောက်မှုများကို မည်သို့မည်ပုံရှောင်လွှဲရမည်ကို မသိသေးသော်လည်း မှျတစွာ အိပ်စက်ခြင်း၊ ကျန်းမာရေးနှင့် လိုက်လျောညီထွေဖြစ်သော အစားအစာမှီဝဲခြင်းနှင့် လုံလောက်သော လေ့ကျင့်ခန်းပြုလုပ်ခြင်းစသော ကျန်းမာသည့်နေထိုင်စားသောက်မှုပုံစံတစ်ရပ်ကို ပြုစုပျိုးထောင်ခြင်းဖြင့် မိမိတို့၏ ကျန်းမာရေးကို များစွာအကျိုးပြုမှာ ဖြစ်ကြောင်းဆိုသည်။

**(ရိုက်တာ)**

# ငွေဆောင်ကမ်းခြေရှိ Myanmar Wave Rider Cup and KTA Race Open 2015 ပြိုင်ပွဲဒုတိယနေ့ ဆက်လက်ယှဉ်ပြိုင်

**ငွေဆောင် အောက်တိုဘာ ၃၀**

ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေရှိ ပင်လယ်ပြင်ရွက်လှေကလပ်တွင် ကျင်းပနေသည့် Myanmar Wave Rider Cup and KTA Race Open 2015 ပြိုင်ပွဲများ၏ ဒုတိယနေ့ပြိုင်ပွဲအဖြစ် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကြသည်။

ဒုတိယနေ့ကလပ်ပြိုင်ပွဲများအား ပထမနေ့ ပြိုင်ပွဲတွင်ပါဝင်သည့် Stand Up Paddle (SUP) ကလပ်ပြိုင်ပွဲများတွင် ၁၈ နှစ်အောက် အငယ်တန်း(ကျား)ပြိုင်ပွဲ၊ ၁၈ နှစ်အောက် အငယ်တန်း(မ)ပြိုင်ပွဲ၊ အမျိုးသမီးရိုးရိုးတန်းပြိုင်ပွဲနှင့် အလွတ်တန်းပြိုင်ပွဲဟူ၍ လေးမျိုးခွဲယှဉ်ပြိုင်ခဲ့ကြသည်။ Windsurfing ဒုတိယနေ့ပြိုင်ပွဲတွင် စင်ကာပူနိုင်ငံမှတစ်ဦးဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုတော့၍ မြန်မာအားကစားသမားများ ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ Windsurfing ရွက်လှေပြိုင်ပွဲ အားကစားနည်းကို ၂၀၁၂ တွင်မှ မြန်မာနိုင်ငံသားတို့ စတင်ကစားခြင်းဖြစ်သော်လည်း ၂၀၁၃ ဆီးဂိမ်းတွင် မြန်မာနိုင်ငံသည် အဆိုပါအားကစားနည်းမှ ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးနိုင်ခဲ့သည်။

Kiteboarding ကလပ်ပြိုင်ပွဲမှာမူ ပြိုင်ပွဲဝင်ရန် သင့်တင့်သည့် လေတိုက်နှုန်းမရရှိမှုကြောင့် လေ့ကျင့်မှုများဖြင့်သာ ပြီးဆုံးခဲ့ရသည်။ Kiteboarding ကလပ်ပြိုင်ပွဲအား အောက်တိုဘာ ၃၁ ရက်နေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့ကမ်းခြေအလှပေါ်တွင် ပင်လယ်မျှားကြသူများ

PHOTOESSAY.. ရဲခေါင်ညွန့်၊ မင်းသစ်

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်နှင့် မြန်မာ့ရွက်လှေအားကစား မြင့်မားတိုးတက်စေရန်အတွက် အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေတွင် Myanmar Wave Rider Cup and KTA Race Open 2015 ပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ငွေဆောင်ကမ်းခြေအလှနှင့် ရွက်လှေအားကစားပြိုင်ပွဲများ၊ ဒေသခံကလေးငယ်တို့၏ ပုံရိပ်မြင်ကွင်းများ၏ မှတ်တမ်းဓာတ်ပုံများအား ကြည်နူးဖွယ်ခရီးသွားမြင်ကွင်းအဖြစ် ဖော်ပြအပ်ပါသည်။



ငွေဆောင်ကမ်းခြေတွင် ပြုလုပ်သည့် Windsurfing ရွက်လှေပြိုင်ပွဲ မြင်ကွင်းပုံရိပ်များ။



ဒေသခံကလေးငယ်တို့မျှော်လင့်နေသည့် Stand Up Paddle (SUP) ကစားနည်းအား ဖြည့်ဆည်းနေသူများ။



ငွေဆောင်ကမ်းခြေတွင် ပြုလုပ်သည့် Stand Up Paddle (SUP) ကလပ်ပြိုင်ပွဲများ၌ ပန်းဝင်ရန် အားကြိုးမာန်တက်လှော်ခတ်နေသည့် ကစားသမားတစ်ဦး၏ မြင်ကွင်း။



Kiteboarding ကလပ်ပြိုင်ပွဲဝင်ရန်အတွက် ပင်လယ်ပြင် စွန်လွှတ်ကြသူများနှင့် ကလေးငယ်များ။



ငွေဆောင်ကမ်းခြေဒေသရှိ ကလေးငယ်တို့အတွက် မျှော်လင့်ချက်ကို ပုံဖော်သူများ။

## သုတေသနစာတမ်းဖတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန်　အောက်တိုဘာ　၃၀**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ (၁၅)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ တက်ရောက်ပြီး မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဆုရသူများအား ဆုချီးမြှင့်ပေးသည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆု(၂၀၁၄)အတွက် ခုနစ်ဆု၊ ၂၀၁၅ ခုနှစ် (၁၅)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲမှ အကောင်းဆုံးသုတေသန စာတမ်းဆု ၂၂ ဆု တို့ကို မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဆရာကြီးဒေါက်တာသိမ်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဆရာမကြီးဒေါ်ကြည်ကြည်လှ၊ ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အငြိမ်းစားသံအမတ်ကြီး ဒေါက်တာလှမောင်တို့က ဆုရသူများကို အသီးသီးဆုများပေးအပ်ချီးမြှင့်ကြပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦးက ဥပဒေဘာသာရပ် စာတမ်းဆုရရှိသော ရန်ကုန် အဝေးသင်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာသဇင်လွင်အား ဂုဏ်ပြုဆု ပေးအပ်ခဲ့ကြောင်း သိရသည်။ **(စောသိန်းဝင်း)**



## ထိုင်းနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းခံနေရသော မြန်မာနိုင်ငံသားများနှင့်ပတ်သက်၍ မေတ္တာရပ်ခံစာများပေးပို့

**နေပြည်တော်　အောက်တိုဘာ　၃၀**

ထိုင်းနိုင်ငံ(တောင်ပိုင်း) ရနောင်းမြို့တွင် စက်တင်ဘာ ၂၈ ရက်က အသက်(၁၈)နှစ်အရွယ် ကျောင်းသူတစ်ဦးကို သတ်ဖြတ်သည်ဟူသော သံသယဖြင့် မြန်မာနိုင်ငံသား ထားဝယ်မြို့ဇာတိ ညီအစ်ကိုနှစ်ဦးဖြစ်သော မိုးဇင်အောင် အသက်(၁၅)နှစ်နှင့် ကျော်ရဲအောင်အသက် (၁၆)နှစ်တို့ကို ထိုင်းနိုင်ငံရဲတပ်ဖွဲ့က အောက်တိုဘာ ၂၀ ရက်က ဖမ်းဆီးခဲ့သည်ဟု ကြားသိရသဖြင့် ၎င်းတို့သည် မြန်မာနိုင်ငံသားများဖြစ်စေကာမူ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများဖြစ်ခြင်းကြောင့် ထိုင်းနိုင်ငံ တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကိုခံယူရရှိရေး၊ လူသားချင်းစာနာထောက်ထားသောစိတ်ဖြင့် ပြုမူဆက်ဆံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ ရှေ့နေနှင့် တွေ့ဆုံခွင့်ပြုရေး၊ စနစ်တကျ စုံစမ်းဖော်ထုတ်ရေး၊ အမှန်တကယ် ပြစ်မှုကျူးလွန်ခြင်းမရှိပါက လွတ်မြောက်ရေး၊ ပြစ်မှုကျူးလွန်သည်ဆိုပါက အသက်(၁၈)နှစ် မပြည့်သေးသော လူငယ်များဖြစ်သည့်အတွက် နိုင်ငံတကာကလေးသူငယ်ဥပဒေနှင့်အညီ သက်ညှာစွာတရားစီရင်ရေးတို့အတွက် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနနှင့်ဆက်သွယ်၍ ကူညီဆောင်ရွက်ပေးပါရန် အောက်တိုဘာ ၂၇ ရက်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လည်းကောင်း၊ ထိုင်းအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့လည်းကောင်း မေတ္တာရပ်ခံစာ ပေးပို့ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပဉ္စမအကြိမ်မြောက် အင်းသားဆုံစည်းရာနေ့ ကျင်းပမည်



**ညောင်ရွှေ အောက်တိုဘာ ၃၀**

အင်းသားလူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ အင်းလေးကန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်းတိုင်းရင်းသားများက ညီနောင်တိုင်းရင်းသားများနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် ရည်ရွယ်ချက်များဖြင့် ပဉ္စမအကြိမ် အင်းသားဆုံစည်းရာနေ့ကို သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်မှ တန်ဆောင်မုန်းလဆန်း ၁ ရက် (နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်)ထိ အင်းလေး ဖောင်တော်ဦးဘုရား ရင်ပြင်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"အင်းသား ဆုံစည်းရာနေ့က တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ ဖြစ်ပါတယ်။ ဒီနှစ်မှာ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်ကစပြီး အင်းလေးကန် ထိန်းသိမ်းရေးနဲ့ ပတ်သက်တဲ့လူငယ်တွေရဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ၊ တေးဂီတဖျော်ဖြေပွဲတွေ၊ ရိုးရာဝတ်စားဆင်ယင်မှုကို အခြေခံတဲ့ ဆန်းသစ်တီထွင်ထားတဲ့ ပိုးထည်၊ ချည်ထည် ဝတ်စုံအလှပြပွဲတွေ၊ Miss Inlay ရွေးချယ်ပွဲတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ သီတင်းကျွတ်လကွယ်နေ့မှာ အင်းလေးဒေသလုံးဆိုင်ရာ စုပေါင်းမဟာဘုံကထိန်ပွဲကို ကျင်းပမှာဖြစ်ပါတယ်။ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့မှာ အင်းသားရိုးရာ ရာကျော်လှေ ၃၅ စင်းကို အင်းရိုးရာတူညီဝတ်စုံနဲ့ လူ ၃၅၀၀ ကျော်က စုရပ်နေရာမှ ဖောင်တော်ဦးဘုရားဆီကို လှော်ခတ်ပြသခြင်း၊ အင်းသားဆုံစည်းရာနေ့ အခမ်းအနားကျင်းပခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပါတယ်"ဟု ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ပြင် ဘော်လီဘောပြိုင်ပွဲများ၊ တိုင်းရင်းသားယဉ်ကျေးမှုပဒေသာကပွဲများ၊ ပညာပေးပြခန်းများ ပြသသွားမည်ဖြစ်ပြီး အင်းသားဆုံစည်းရာနေ့အထိမ်းအမှတ်အဖြစ် ရွှေအင်းဆားမီးပုံးပျံအဖွဲ့မှ မီးပုံးပျံနှင့် မီးရှူးမီးပန်းများ လွှတ်တင်ဂုဏ်ပြုမည်ဖြစ်ကြောင်း သိရသည်။ **(နေမျိုးသူရိန်)**

## အကြိမ်(၄၀)နှင့်အထက် သွေးလှူရှင်များကို ဂုဏ်ပြုပွဲကျင်းပမည်

**ရန်ကုန်　အောက်တိုဘာ　၃၀**

ဗဟိုအမျိုးသားသွေးဌာန၏ (၃၉)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲကို လာမည့် ဒီဇင်ဘာ ၁၃ ရက်တွင် ကျင်းပသွားမည်ဖြစ်သောကြောင့် သက်ဆိုင်ရာ သွေးလှူရှင်များအနေဖြင့် အချိန်မီလာရောက်ဆက်သွယ်စာရင်းပေးသွင်းနိုင်ရန် အမျိုးသားသွေးဌာနက နှိုးဆော်ထားကြောင်း သိရသည်။

ယခုနှစ်သွေးလှူရှင်ဂုဏ်ပြုပွဲတွင် ထူးခြားမှုအနေဖြင့် သွေးလှူဒါန်းမှု အကြိမ်(၄၀)နှင့် အကြိမ်(၄၀)အထက် သွေးလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းတင်သွားမည်ဖြစ်ရာ သက်ဆိုင်ရာသွေးလှူရှင်များအနေဖြင့် နိုဝင်ဘာ ၂ ရက်မှ ၃၀ ရက်အတွင်း မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုယူဆောင်၍ ရုံးဖွင့်ရက်များတွင် အမျိုးသားသွေးဌာနသို့ နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအတွင်း ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(သီဟသူ)**




**နှစ်ဖက်သော မိဘများအား အမှူးထား၍ ဗဟန်းမြို့နယ် ဗိုလ်ချို(၂) ရပ်ကွက် စောမဟာလမ်း အမှတ်(၆)နေ ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ဝင်းဝင်းမော်၊ သား မောင်အောင်ကျော်မျိုး(ကျောက်စိမ်းရဲတိုက်ကုမ္ပဏီ)မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မင်္ဂလာဒုံ ပုလဲမြို့သစ်ဆေးခန်း၌ လေးလက်မအဝီစိတွင်းအတွက် ကျပ်သိန်း ၆၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးအေးမောင်သန်း လက်ခံယူစဉ်။** (သတင်းစဉ်)

## နိုင်ငံသား စိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၃၀။** ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးအနေဖြင့် မိုးပွင့်(အထူး-၂) နိုင်ငံသားစိစစ်ရေးကတ်ကွင်းဆင်းစီမံချက်ကို အောက်တိုဘာ ၃၀ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက်မွှာရုံ၌ ရပ်ကွက်အတွင်း မှတ်ပုံတင်ပျောက်ဆုံး/ပျက်စီးသွားသူများနှင့် ယခုရက်ပိုင်းအတွင်း အသက်(၁၈)နှစ်ပြည့်မီလာသူများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက် အထက်ပုဇွန်တောင်လမ်းရှိ မှတ်ပုံတင်ပျောက်ဆုံးနေသော အသက်(၉၆)နှစ်ရှိ အဖွား ဒေါ်သိန်းရင်၏ နေအိမ်သို့သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ညွန့်(ဦးစီးအရာရှိ)က ကျန်းမာရေးထောက်ပံ့စရိတ်အဖြစ် အလှူငွေကျပ် ၃၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## သာကေတမြို့နယ်၌ ကွမ်းယာဝယ်ယူသည့်ကိစ္စဖြင့် စကားများရန်ဖြစ်ရာမှ NLD ပါတီဝင် သုံးဦး တုတ်၊ ဓားများဖြင့် ရန်ပြုခံရ ပြစ်မှုကျူးလွန်သူများအား ချက်ချင်းဖမ်းဆီးအရေးယူထား၊ ပြစ်မှုကျူးလွန်သူများမှာ မည်သည့်ပါတီဝင်မျှမဟုတ်ကြောင်း သိရှိရ

**ရန်ကုန်　အောက်တိုဘာ　၃၀**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မာန်ပြေ (၈) လမ်းထိပ်ရှိ ကွမ်းယာဆိုင်၌ ကွမ်းယာဝယ်ယူရာမှ စကားများရန်ဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်သုံးဦး တုတ်၊ ဓားများဖြင့် ရန်ပြုခံရသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ပြစ်မှုကျူးလွန်သူများအား ချက်ချင်းဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာကေတမြို့နယ် မာန်ပြေ (၃)ရပ်ကွက် မာန်ပြေ(၈)လမ်းထိပ်တွင် နေထိုင်သည့် ဇော်လတ်သည် အဆိုပါလမ်းထိပ်ရှိ မာမီကွမ်းယာဆိုင်၌ ကွမ်းယာဝယ်ယူစဉ် (၈)ရပ်ကွက် NLD အတွင်းရေးမှူး ဦးအောင်ကျော်ကျော်နှင့် စကားများခဲ့ကြကြောင်း၊ ထို့နောက် ထိုးကြိတ်မှုဖြစ်ပွားပြီး ဇော်လတ်က နေအိမ်ရှိ အရှည် နှစ်ပေခွဲခန့်ရှိဓားယူ၍ ကွမ်းယာဆိုင်သို့ ပြန်လာခဲ့ရာ ဦးအောင်ကျော်ကျော်ကို မတွေ့ရဘဲ (၉)လမ်းထိပ်ဘက်တွင် NLD ပါတီစည်းရုံးရေးကားနှင့် လူအုပ်ကြီးကို တွေ့သဖြင့် ဓားဖြင့်တိုက်ခိုက်ခဲ့ကြောင်း၊ ဇော်လတ်၏ဘက်မှ ထက်အောင်လှိုင်(ခ) ထက်ကိုနှင့် မျိုးမင်းခိုင်တို့က လည်း တုတ်များဖြင့် အဆိုပါလူအုပ်အား ဝင်ရောက်ရိုက်နှက်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ဓား၊ တုတ်များဖြင့် ရန်ပြုခဲ့မှုကြောင့် NLD ပါတီဝင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မဲဆန္ဒနယ်အမှတ်-၁ မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးနိုင်ငံလင်း၊ မာန်ပြေ(၃) ရပ်ကွက် NLD ပါတီ အလုပ်အမှုဆောင် ဦးကျော်သူနှင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မဲဆန္ဒနယ်အမှတ် - ၂ မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်သက်ထားနွယ်ဝင်း၏ ကိုယ်စားလှယ် ဒေါ်သန္တာမော်တို့သုံးဦးမှာ ဒဏ်ရာများရခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူသုံးဦးအား သာကေတမြို့နယ် အမှတ်(၁) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ချက်ချင်းဖမ်းဆီးပြီး အမှုဖွင့်အရေးယူထားကြောင်း၊ ပြစ်မှုကျူးလွန်သူ ဇော်လတ်မှာ မည်သည့်ပါတီဝင်မျှမဟုတ်ဘဲ သာမန်အရပ်သားတစ်ဦးသာဖြစ်ကာ အရက်သေစာသောက်စားထားသည်ကို တွေ့ရှိရကြောင်း၊ ယခုဖြစ်စဉ်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း၏ ရန်ဖြစ်ပွားမှုသာဖြစ်ပြီး ပါတီစည်းရုံးရေးကိစ္စ ဆောင်ရွက်နေမှုနှင့် သက်ဆိုင်မှုမရှိကြောင်း မျက်မြင်သက်သေများ၏ ပြောကြားချက်အရ သိရသည်။

လက်ရှိတွင် နိုင်ငံရေးပါတီများမှ ဖျော်ဖြေရေးယာဉ်များ အချင်းချင်းနှင့် ပါတီစည်းရုံးရေးအဖွဲ့များ တစ်ဖွဲ့နှင့်တစ်ဖွဲ့တွေ့ဆုံပါက ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တစ်ဦးနှင့်တစ်ဦး လေးစားစွာဆက်ဆံကြကာ ခိုက်ရန်ဖြစ်ပွားမှုများ ဖြစ်ပွားခြင်းမရှိဘဲ ထိန်းထိန်းသိမ်းသိမ်းဖြင့် ရွေးကောက်ပွဲမတိုင်မီ တည်ငြိမ်အေးချမ်းစေရေးနှင့် ရွေးကောက်ပွဲ၏ ပုံရိပ်ကို ထိခိုက်မှုမရှိအောင် ဆက်ဆံဆောင်ရွက်နေသည်ကို တွေ့မြင်သိရှိနေရသည်။

အလားတူ တရားဥပဒေဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြစ်မှုဖြစ်ပွားပါက မည်သည့်ဘက်ကိုမျှ ဘက်လိုက်ခြင်းမပြုဘဲ မျှမျှတတ အရေးယူဆောင်ရွက်ခြင်းဖြင့် ရွေးကောက်ပွဲမတိုင်မီ တည်ငြိမ်အေးချမ်းရေး၊ ရွေးကောက်ပွဲကာလ တည်ငြိမ်အေးချမ်းရေးနှင့် ရွေးကောက်ပွဲပြီးတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၃၁ - ၁၀ - ၂၀၁၅ (စနေနေ့)]

### မြဝတီ

၆း၀၃ တရားတော်
၆း၁၀ မေတ္တာပို့
၆း၁၆ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ မွေးမြူသုတ
၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၁၁း၀၀ English For Myanmar
၁၁း၃၀ အိမ်ရှင်မတို့ရဲ့ အချစ်ဆုံး
၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
-ယောက္ခမအလွမ်း
ဖြိုးငွေစိုး၊ ပြည့်ဖူးခိုင်နှင့်
သရုပ်ဆောင် ဒါရိုက်တာ-သားကြီး
၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-မေတ္တာသင်္ချေ အပိုင်း(၄)
၂း၃၀ သံစဉ်များနှင့်ကမ္ဘာ
၄း၁၃ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၅ ကျန်းမာသုတ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ဂါလီမာ အပိုင်း(၇၄)
၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၁၀ စားဖိုဆောင်ချစ်သူ
၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
အရာရာထက်မင်း
(အပိုင်း-၃၀)
လူရွှင်တော်စတား
ယနေ့ညအတွက်
မြဝတီ၏ တေးလက်ဆောင်
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ရာဇဝင်တွင်မည့်နိမိတ်သခင်
(အပိုင်း-၁၃)

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၈း၀၀ Cartoon Series
(English Play ground)
၈း၄၀ Cartoon Series
(Go Torara Go)
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"မျဉ်းပြိုင်ကြားကမေတ္တာများ"
(အပိုင်း-၂၀)
၉း၄၀ Drive It
၁၀း၅၀ Moonsoon Art Festival 2015
(စာပေစကားဝိုင်း)
၁၁း၀၀ Star တို့ရဲ့လက်ရာ
၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ငြိမ်းချမ်းခြင်းတေးသွား"
(အပိုင်း-၂၉+၃၀)
၁း၀၀ "မဟာသတိပဋ္ဌာနသုတ္တန်"
အပိုင်း(၁) တရားတော်
(ဓမ္မဒူတဒေါက်တာအရှင်
ပညိဿရာဘိဝံသ)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကံ ကံ၏အကျိုး"
[စိတ်ဆိုသည်မှာ
(အပိုင်း-၂)]
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"လျှို့ဝှက်ဒဏ္ဍာရီ"
(အပိုင်း-၉၉)
၃း၄၅ Fashion Week (Ohmar Kyaw)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"လျှို့ဝှက်ဒဏ္ဍာရီ"
(အပိုင်း-၁၀၀)
၇း၂၅ Let's Talk
၈း၀၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကံကံ၏အကျိုး"
[စိတ်ဆိုသည်မှာ (အပိုင်း-၃)]
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"မျဉ်းပြိုင်ကြားကမေတ္တာများ"
(အပိုင်း-၂၁)
၉း၂၅ Music Diary"အောင်ထက်နှင့်
ပြိုင်ပွဲဝင်သီချင်းများ"
[Music Documentary
(အပိုင်း-၃)]
၁၀း၁၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ
"ငြိမ်းချမ်းခြင်းတေးသွား"
(အပိုင်း-၃၁+၃၂)
၁၁း၄၀ Forever Music Tribute
Hip Hop Show Time
(အပိုင်း-၆)
၀၀း၃၀ MRTV-4 Stage
၁း၀၀ World of Knowledge
(Ancient X Files : The Great Flood)
၁း၄၅ ခေတ်သစ်ပျိုမေ

### mitv

07:26 Great Shwedagon: The Prayer Halls And Buddha Images (Part-2)
07:52 Black Gold (Part- I)
08:03 News
08:26 Myanmar Traditional Festival
09:03 News
09:27 "Myanmar's Beauty and Nature" Beach
09:51 Myanmar General Election 2015
(Ambassador of European Union)
10:03 News
10:26 Sons of the lake
10:49 Farming: Duck Breeder

**Prime Time**

07:03 News
07:26 Ngapali, Unique Spot To Relax
07:45 The Storytellers
07:52 Today Myanmar "Food Safety"
08:03 News
08:26 Sai Htee Hseng Or An Exceptional Music Star From Shan Plateaus (Ep-2)
08:57 Myanmar Masterclass: Portraiture

# အဲလိဇဘက်(၂)ဘုရင်မကြီး၏ အဝတ်ဗီရိုကို မွေးနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသမည်





အင်္ဂလန်နိုင်ငံ၏ ဘုရင်မကြီး အဲလိဇဘက်(၂)၏ အသက်(၉၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် သူ၏အဝတ်ဗီရိုကို အင်္ဂလန်နိုင်ငံ အေဒင်ဘတ်ချ်ရှိ ဟိုလီဝုဒ်ဟောက်စ်နန်းတော်တွင် သူ၏ မွေးနေ့ဖြစ်သော ဧပြီ ၂၁ ရက်မှ စတင်ကာ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း ယူအက်စ်အေတူဒေးဒေါ့ကွန်းက ပြီးခဲ့သည့်ကြာသပတေးနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ထို့နောက် ဩဂုတ်လမှစတင်၍ ဘက်ကင်ဟန် နန်းတော်၌လည်းကောင်း၊ စက်တင်ဘာလတွင် ဝင်စာရဲတိုက်၌ လည်းကောင်း အသီးသီးထားရှိပြသသွားမည်ဖြစ်သည်။

ဘုရင်မကြီးတွင် ယနေ့အချိန်အထိနှစ်ပေါင်း ကိုးဆယ်အတွင်း ဝတ်စုံပေါင်းတစ်သောင်းခန့်စုဆောင်းမိခဲ့ပြီဖြစ်ကာ ပြုလုပ်မည့်ပြပွဲအသီးသီးတွင် ယင်းဝတ်စုံများ အနက်မှ ပြပွဲနေရာနှင့်သက်ဆိုင်သော အခမ်းအနားတွင်ဝတ်ဆင်လေ့ရှိသည့်ဝတ်စုံများကို ရွေးချယ်ပြသသွားမည်ဖြစ်သည်။

ယင်းပြပွဲတွင် ဘုရင်မကြီး၏ ဘဝတစ်လျှောက်ထူးခြားသည့် အခမ်းအနားများတွင် ဝတ်ဆင်ခဲ့သည့် ဝတ်စုံများ၊ ဘုရင်မကြီးဝတ်ဆင်ခဲ့သော သမိုင်းဝင် လက်ဝတ်ရတနာများနှင့် အဝတ်အစားအသုံးအဆောင်များကို သမိုင်းကြောင်းနှင့်ယှဉ်ကာ ခင်းကျင်းပြသသွားနိုင်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

အဲလိဇဘတ်ဘုရင်မကြီးသည် ဝတ်စုံအပြင် ကုတ်အင်္ကျီကိုပါထပ်၍ ဝတ်ဆင်လေ့ရှိပြီး ဦးထုပ်လည်း ဆောင်းလေ့ရှိသည်။ များသောအားဖြင့်သူသည် ဝတ်စုံ၊ ကုတ်အင်္ကျီနှင့်ဦးထုပ်တို့ကို အရောင်တူဝတ်ဆင်လေ့ရှိကာ အနက်ရောင်ရှူးဖိနပ်နှင့် လက်ကိုင်အိတ် အနက်တို့ကို ကိုင်ဆောင်တတ်သည်။

ထို့ပြင်သူသည် အရောင်တောက်တောက်များကို ရွေးချယ်ဝတ်ဆင်တတ်သူဖြစ်ရာ သူ၏ဝတ်စားဆင်ယင်မှုသည် လူအများကြားတွင် ထင်ရှားနေသည်။ အဝတ်အစားဆင်ယင်ခြင်းနှင့်ပတ်သက်၍ ဘုရင်မကြီးက လူအများ၏ အမြင်တွင် သူ့ကိုယုံကြည်အားကိုးစရာကောင်းသည့်သူတစ်ဦးအဖြစ် သိမြင်ခံစားလာစေရန်သာ ရည်ရွယ်ပြီး အဝတ်အစားကို ရွေးချယ်ဝတ်ဆင်ကြောင်းလည်း ပြောကြားခဲ့သည်။



## သုံးကြိမ်မြောက်ကွာရှင်းတော့မယ့် အော်စကာဆုရှင် ဟေးလေးဘာရီ

အော်စကာဆုရှင် အမေရိကန်မင်းသမီး ဟေးလေးဘာရီသည် သူနှင့်နှစ်နှစ်ကြာလက်တွဲလာခဲ့သော ခင်ပွန်းဖြစ်သူ ပြင်သစ်မင်းသား အိုလီဗာ မာတီနက်ဇ်နှင့် လမ်းခွဲရန်ဆုံးဖြတ်ပြီးဖြစ်ကာ မကြာမီနှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲတော့မည်ဖြစ်ကြောင်း စကိုင်းနယူးစ်သို့ ရင်ဖွင့်ခဲ့သည်။

သူတို့နှစ်ဦးတွင် "မာစီရို"အမည်ရှိ အသက်နှစ်နှစ်အရွယ် သားလေး တစ်ဦးရှိကာ ၂၀၁၃ခုနှစ်က လက်ထပ်ခဲ့ကြသော သူတို့နှစ်ဦးသည် အိမ်ထောင်သက်နှစ်နှစ်အကြာတွင် ယခုကဲ့သို့လမ်းခွဲခဲ့ခြင်းဖြစ်ပြီး သားလေးအတွက် အကောင်းဆုံးဖြစ်ရန်စဉ်းစားကာ လမ်းခွဲခဲ့ခြင်းဖြစ်ကြောင်းလည်း ဘာရီက ဆိုခဲ့သည်။

ယခုတစ်ကြိမ်ကွာရှင်းခြင်းသည် အသက်(၄၉)နှစ်အရွယ် မင်းသမီးဘာရီအတွက် သုံးကြိမ်မြောက်ကွာရှင်းခြင်းဖြစ်လာမည်ဖြစ်သည်။ သူသည် ယခင်အိမ်ထောင်များဖြစ်သည့် ဘေ့စ်ဘောကစားသမား ဒေးဗစ်ဂျက်စတစ်နှင့် တေးရေးဆရာနှင့်အဆိုတော် အဲရစ်ဘန်းနက်ထ်တို့နှင့်လည်း တရားဝင်ကွာရှင်းပြတ်စဲခဲ့ဖူးသည်။

ဘာရီသည် ၂၀၀၂ ခုနှစ်က "Monster's Ball" ရုပ်ရှင်ဖြင့် အော်စကာဆု (အမျိုးသမီးဇာတ်ဆောင်ဆု)ကို ပိုင်ဆိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

## ယိုဆန်းဟို ၏ ရုပ်ရှင်သစ် ထုတ်လွှင့်မည့်ရက်ကြေညာ



"ဆ ဆရာရှိသေပါ"တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲဖြင့် မြန်မာပရိသတ်နှင့် စတင်သိကျွမ်းခွင့်ရခဲ့သော မင်းသားချော ယိုဆန်းဟို၏ ရုပ်ရှင်သစ် "Imaginary Cat"ကို လာမည့် နိုဝင်ဘာ ၂၄ ရက်မှစတင်ကာ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းက ဖော်ပြခဲ့သည်။

ယင်းရုပ်ရှင်သည် ယိုဆန်းဟို၏စစ်မှုထမ်းကာလပြီးဆုံးပြီးနောက် ပထမဦးဆုံးထုတ်လွှင့်သည့်ရုပ်ရှင်ဖြစ်သည်။

"Imaginary Cat" သည် နာကျင်စရာအတိတ်အသီးသီးရှိခဲ့ကြသည့် လူတစ်ဦးနှင့်ကြောင်တစ်ကောင်တို့ တွေ့ဆုံခဲ့ကြပြီး မိမိတို့၏ဒဏ်ရာကို သက်သာစေရန် အချင်းချင်းကူညီကာ ဘဝဖြတ်သန်းကြပုံများကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့်ရုပ်ရှင်ဖြစ်သည်။ အဆိုပါ ရုပ်ရှင်တွင် ခေါင်းဆောင်မင်းသမီးအဖြစ် ဂျိုဟောဂျန်က တွဲဖက်ပါဝင်သရုပ်ဆောင်ထားသည်။

## ပထမဆုံးအကြိမ် တစ်ကိုယ်တော်ဖျော်ဖြေပွဲပြုလုပ်မည့် f(x)

တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် f(x)၏ တစ်ကိုယ်တော်ဖျော်ဖြေရေးအစီအစဉ်ကို ၂၀၁၆ ခုနှစ်အတွင်း ပထမဦးဆုံးအကြိမ်ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါတေးဂီတအဖွဲ့၏ ဖျော်ဖြေပွဲကိုလာမည့်၂၀၁၆ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံက လက်ခံကျင်းပသွားမည့် အိုလံပစ်ပွဲစဉ်အတွင်း ဇန်နဝါရီ ၃၀နှင့် ၃၁ရက်များတွင် ဆိုးလ်ရှိ အိုလံပစ်ပန်းခြံ အိုလံပစ်ခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း အဖွဲ့၏အေဂျင်စီဖြစ်သောSM Entertainment က အောက်တိုဘာ ၂၈ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

f(x)အဖွဲ့သည် အဖွဲ့ဝင်လေးဦးပါဝင်သည့် အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်ကာ ၂၀၀၉ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အဖွဲ့၏တေးအယ်လ်ဘမ်ပေါင်းလေးခု ထွက်ရှိပြီးဖြစ်ကာ မကြာသေးမီကထုတ်လွှင့်ခဲ့သော f(x)၏စတုတ္ထမြောက်စတီရီယိုတေးအယ်လ်ဘမ် "4 Walls"သည် နိုင်ငံအတွင်းရှိ ဒစ်ဂျစ်တယ်တေးဂီတဝက်ဘ်ဆိုက်အများစုတွင် ထိပ်ဆုံးမှ ရပ်တည်နေခဲ့သည်။



**အေးပြည့် - စုစည်းသည်**

## အားကစား

# မန်ယူနည်းပြ ဗန်ဟားလ် ၏ ကိုင်တွယ်ပုံအား ပေါလ်စခိုး ဝေဖန်



မန်ယူအသင်း၏ ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ပေါလ်စခိုးက ၎င်းအနေဖြင့် မန်ယူအသင်း နည်းပြ ဗန်ဟားလ်၏ အသင်းတွင်ကစားရန် နှစ်မြို့လိမ့်မည်မဟုတ်ကြောင်း ပြောကြားကာ ဗန်ဟားလ်၏ အသင်းကိုင်တွယ်ပုံနှင့် ပတ်သက်၍ ဝေဖန်ပြောကြားလိုက်သည်။

မန်ယူအသင်းသည် အောက်တိုဘာ ၂၉ ရက်က အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့သည့် ကတ်ပီတယ်ဝမ်းဖလားပွဲစဉ်တွင် ပွဲကစားချိန် မိနစ် ၁၂၀ ကြာကစားခဲ့ရာတွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သော်လည်း ပင်နယ်တီအဆုံးအဖြတ်ခံယူရာတွင် တစ်ဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

သို့ရာတွင် ပေါလ်စခိုးသည် မန်ယူနောက်တန်းမှာ ပုံစံတကျ နည်းပြ၍ရသည့် နောက်တန်းဖြစ်ကြောင်း ချီးကျူးပြောဆိုခဲ့သော်လည်း ဖန်တီးနိုင်မှုနှင့် စွန့်စားနိုင်မှုမှာ မရှိကြောင်း မန်ယူအသင်းအတွက် ပွဲပေါင်း ၇၁၈ ပွဲ ပါဝင်ကစားပေးခဲ့သည့် မန်ယူ ကွင်းလယ်ကစားသမားဟောင်း ပေါလ်စခိုးက ပြောကြားခဲ့သည်။

မန်ယူအသင်းသည် လက်ရှိတွင် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းနှင့် နှစ်မှတ်အကွာ အမှတ်ပေးဇယား၏ အဆင့်(၄)နေရာတွင် ရပ်တည်လျက်ရှိသည်။

သို့သော် မန်ယူအသင်းနောက်ဆုံး ကစားခဲ့သည့် အိမ်ကွင်းနှစ်ပွဲတွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ယင်းနှစ်ပွဲမှာ မန်စီးတီးအသင်းကို အိုးထရက်ဖို့ဒ်၌ ဧည့်ခံကစားခဲ့ရသည့် မန်ချက်စတာဒါဘီပွဲစဉ်နှင့် မစ်ဒယ်ဘရော့အသင်းအား အိမ်ရှင်အဖြစ် လက်ခံကစားခဲ့ရသည့် ကတ်ပီတယ်ဝမ်း ဖလား ပွဲစဉ်တို့ဖြစ်သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်သွင်းဂိုး ၁၅ ဂိုးသွင်းယူထားခဲ့သည့် အသင်းဖြစ်သော်လည်း ထိပ်ဆုံးအသင်းများထဲတွင် သွင်းဂိုးအနည်းဆုံး အသင်းလည်း ဖြစ်သည်။ မန်ယူ တိုက်စစ်မှူး ရွှန်းနီသည် လည်း မစ်ဒယ်ဘရော့ အသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် ပင်နယ်တီ မဝင်ခဲ့ခြင်းကြောင့် ယခုနှစ် ဘောလုံးရာသီတွင် ၎င်း၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ ဝေဖန်မှုများပိုမိုထွက်လာခဲ့ရပြီး လိဂ်ပွဲကိုးပွဲကစားအပြီးတွင် နှစ်ဂိုးသာ သွင်းယူထားနိုင်ခဲ့သည်။

သို့ရာတွင် နည်းပြ ဗန်ဟားလ်၏ မန်ယူအသင်းတွင် မည်သည့်တိုက်စစ်မှူးမဆို ဂိုးသွင်းနိုင်ရန် ရုန်းကန်ရလိမ့်မည်ဟု ပြောကြားကာ အသင်းဟောင်းကစားဖော် တိုက်စစ်မှူးရွှန်းနီအား ပေါလ်စခိုးလ်က ကာကွယ်ပြောကြားခဲ့သည်။

မန်ချက်စတာဒါဘီပွဲစဉ်တွင်လည်း တိုက်စစ်မှူး ရွှန်းနီ၏ ကစားဟန်မှာ ပုံစံတကျဖြစ်ခဲ့သော်လည်း တိုက်စစ်မှူးရွှန်းနီအား ဖန်တီးပေးပို့နိုင်မည့် ကစားသမား မရှိခဲ့ကြောင်းလည်း ပေါလ်စခိုးက ဆိုသည်။

ထို့ပြင် မန်ယူ ကစားဖော်ဟောင်း နစ်ကီဘတ်ကလည်း တိုက်စစ်မှူး ရွှန်းနီမှာ မန်ချက်စတာဒါဘီပွဲစဉ်တွင် အသင်းကိုပွဲချိန်ပြည့် ဆွဲခေါ်သွားနိုင်သည်အထိ ခြေစွမ်းကောင်းခဲ့ကြောင်းနှင့် မန်ယူအသင်း၏ အဓိကကစားသမား ဖြစ်ခဲ့ကြောင်း တိုက်စစ်မှူး ရွှန်းနီကို ထောက်ခံ ပြောကြားခဲ့သည်။

ငွေကြယ်

### အားကစားလောကသတင်းတိုများ

❍ ချယ်လ်ဆီးအသင်းပိုင်ရှင် ရာမန်အေဗရာမိုဗစ်ချ်သည် လောလောဆယ်ရလဒ်များဆိုးရွားနေသော နည်းပြမော်ရင်ဟို၏နေရာတွင် ယခင်နည်းပြဟောင်းဖြစ်သူ ဗီလာဘိုအာ့စ်အား အစားထိုးကာ ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

❍ မိနစ်၁၂၀အထိ မစ်ဒယ်ဘရော့အသင်းဘက်သို့ ဂိုးသွင်းယူနိုင်မှုမရှိခဲ့သော မန်ယူတိုက်စစ်ပြဿနာအား ဖြေရှင်းရန် စပါးတိုက်စစ်မှူးဟယ်ရီကိန်းအား ခေါ်ယူရန် မန်ယူဘက်မှ အရှိန်မြှင့်လုပ်ဆောင်နေကြောင်း သိရသည်။

❍ ဘိုင်ယန်အသင်းသည် ရီးယဲလ်ညာနောက်ခံလူ ကာဗာဂျယ်အား ယူရိုသန်း ၃၀ ဖြင့် ခေါ်ယူရန်ကြိုးပမ်းနေသည်ဟု ဂျာမနီမှလာသော သတင်းများကဖော်ပြသည်။

❍ ဖိအားအောက်ရောက်ရှိနေသော ချယ်ဆီးကွင်းလယ်ကစားသမား အေဒင်ဟာဇက်နှင့် နည်းပြမော်ရင်ဟိုတို့ဆရာတပည့်နှစ်ဦးအား ပီအက်စ်ဂျီအသင်းမှ တစ်ပြိုင်နက်တည်းခေါ်ယူရန် စိတ်ဝင်စားနေသည်။

❍ ဘာစီလိုနာ တိုက်စစ်မှူး နေမာအား မန်ယူမှ ခေါ်ယူရန် အရှိန်မြှင့် ကြိုးပမ်းနေသောကြောင့် ဘာစီလိုနာဘက်မှ တစ်ပတ်လုပ်ခပေါင် ၅၀၀၀၀၀ တန် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ကြိုးပမ်းနေကြောင်း သိရသည်။ **[ရှိုင်ယန်ဟောဒင်]**

### အောက်တိုဘာ ၃၁ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် (၁၁)**

| | | |
|---|---|---|
| ချယ်လ်ဆီး | - လီဗာပူး | ည-၇း၁၅ |
| ဆွမ်ဆီး | - အာဆင်နယ် | ည-၉း၃၀ |
| ဝက်စ်ဘရွန်း | - လက်စတာ | ည-၉း၃၀ |
| ခရစ္စတယ်ပဲလေ့စ် | - မန်ယူ | ည-၉း၃၀ |
| မန်စီးတီး | - နောရစ်ချ် | ည-၉း၃၀ |
| နယူးကာဆယ် | - စတုတ် | ည-၉း၃၀ |
| ဝက်ဖို့ဒ် | - ဝက်စ်ဟမ်း | ည-၉း၃၀ |

**စီးရီးအေ ပွဲစဉ် (၁၁)**

| | | |
|---|---|---|
| ဂျူဗင်တပ် | - တိုရီနို | ည-၁၁း၃၀ |
| အင်တာမီလန် | - ရိုးမား | နံနက်-၂း၁၅ |

**လာလီဂါ ပွဲစဉ် (၁၀)**

| | | |
|---|---|---|
| ဒီပို့တီဗို | - အက်သလက် | နံနက်-၂း၀၀ |
| ရီးယဲလ်မက်ဒရစ် | - လက်စ်ပါမက်စ် | ည-၉း၃၀ |
| ဗီလာရီးယဲလ် | - ဆီဗီလာ | ည-၁၁း၄၅ |
| ဗလန်စီယာ | - လီဗန်တေး | ည-၁၁း၄၅ |
| ဂီတာဖေး | - ဘာစီလိုနာ | နံနက်-၂း၀၀ |
| ဆိုစီဒက် | - ဆယ်လ်တာဗီဂို | နံနက်-၃း၃၅ |

**ဘွန်ဒက်လီဂါ ပွဲစဉ် (၁၁)**

| | | |
|---|---|---|
| ရှော့်ကေး | - အင်ဂေါ့စတက် | ည-၉း၀၀ |
| အော့စ်ဘတ် | - မိန့်ဇ် | ည-၉း၀၀ |
| ဝါဒ်ဘရီမင် | - ဒေါ့မွန် | ည-၉း၀၀ |
| ကိုလုံး | - ဟော့ဖန်ဟိမ်း | ည-၉း၀၀ |
| ဟာသာဘာလင် | - မိုချင်ဂလက်ဘတ် | ည-၉း၀၀ |
| ဝုဖ်ဘတ် | - လေဗာကူဆင် | နံနက် ၀၀း၀၀ |

**ပြင်သစ်လီဂူး ပွဲစဉ် (၁၀)**

| | | |
|---|---|---|
| ရင်းနက်စ် | - ပီအက်စ်ဂျီ | နံနက်-၂း၀၀ |
| စိန့်အက်တီယန် | - ရိမ်းစ် | ည-၁၀း၃၀ |
| ဂူအင်ဂမ့် | - လိုရီယန် | နံနက်-၁း၃၀ |
| ဂါဇီလက် | - ဘော်ဒိုး | နံနက်-၁း၃၀ |
| ထရွိုင်ယက်စ် | - လီယွန် | နံနက်-၁း၃၀ |
| ဘက်စ်တီယာ | - ကိန်း | နံနက်-၁း၃၀ |

**[မောင်မောင်ဇော်]**



### ရွှန်းနီ၏ ပင်နယ်တီကန်ချက်ကို ကာကွယ်နိုင်ခဲ့သည့် လျှို့ဝှက်ချက်ကို မစ်ဒယ်ဘရော့ဂိုးသမားမေ့ဂျက်ဇ် ထုတ်ပြောပြီ

မန်ယူနှင့် မစ်ဒယ်ဘရော့တို့ ယှဉ်ပြိုင်ကစားခဲ့သည့် ကပ်ပီတယ်ဝမ်းဖလားပြိုင်ပွဲတွင် ရွှန်းနီ၏ ပင်နယ်တီကန်သွင်းချက်ကို ကာကွယ်နိုင်ခဲ့သည့် မစ်ဒယ်ဘရော့ဒ်ဂိုးသမားမေ့ဂျက်ဇ်က ယခုကဲ့သို့ ကာကွယ်မှုပြုလုပ်နိုင်ခဲ့ခြင်းမှာ အသင်းဖော်စတီးဝပ်ဒေါင်းနင်း၏ အကြံပေးမှုကြောင့်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ယင်းပွဲစဉ်တွင် မိနစ်၁၂၀ ပြည့်မြောက်သည်အထိ ဂိုးမရှိသရေကျနေသောကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာ မစ်ဒယ်ဘရော့က မန်ယူအား သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်သို့တက်ရောက်သွားနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် သူရဲကောင်းဖြစ်ခဲ့သော မစ်ဒယ်ဘရော့ ဂိုးသမားမေ့ဂျက်ဇ်က ရွှန်းနီနှင့် အက်ရှ်လေယန်းတို့၏ ပင်နယ်တီကန်သွင်းချက်များကို ယခုကဲ့သို့ကာကွယ်နိုင်ခြင်းမှာ အသင်းဖော် ဒေါင်းနင်း၏ အကြံပေးချက်ကြောင့်သာဖြစ်ကြောင်း ပြောကြားလိုက်သည်။

"ရွှန်းနီက ပင်နယ်တီကန်ရင်အမြဲညာဘက်ကိုပဲ ကန်တယ်လို့ ဒေါင်းနင်းက ကျွန်တော့်ကိုပြောခဲ့တယ်။ ကျွန်တော်လည်းသူပြောတဲ့ အတိုင်းလိုက်နာပြီး ကာကွယ်မှုပြုခဲ့တာပါ။ အမှန်အတိုင်းပြောရရင် ကျွန်တော်တို့အသင်းက ပင်နယ်တီကို အမြဲတမ်းတကူးတကလေ့ကျင့်ခဲ့တာမျိုးမရှိပါဘူး။ ဒါပေမယ့် မန်ယူနဲ့ ကစားရင် ပင်နယ်တီအထိ အချိန်ဆွဲနိုင်မှာကို သိတာကြောင့် ဒီအပတ်ထဲတော့ ပင်နယ်တီကိုသေချာကျင့်ခဲ့ပါတယ်" ဟု မေ့ဂျက်ဇ်က ထုတ်ဖော်ပြောကြားလိုက်သည်။

မေ့ဂျက်ဇ်က သူသည် ရီးယဲလ်မှာရှိစဉ်ကတည်းက လေ့ကျင့်ရေးကွင်းများတွင် စီရိုနယ်လ်ဒို၏ ကန်ချက်တွေကိုလည်း အကြိမ်ကြိမ်ကာကွယ်နိုင်ခဲ့သူဖြစ်သည့်အတွက် သူသည် ကမ္ဘာ့အကောင်းဆုံးကစားသမားများ၏ ကန်သွင်းချက်ကို အကြိမ်ကြိမ်ကာကွယ်နိုင်ခဲ့သူဟု ၎င်းကိုယ်၎င်း ဂုဏ်ယူဝင့်ကြွားစွာဆိုခဲ့သည်။ **[မေလှဲ့သင်း]**

### ဖယ်လ်ကာအိုအား အငှားဖြင့် ခေါ်ယူမည့် သတင်းများအား ဘိုအာ့စ်ငြင်းဆို

ယခင်ချယ်လ်ဆီးနည်းပြဟောင်း ဘိုအာ့စ်က ချယ်လ်ဆီးတွင် ခြေစွမ်းပျောက်ကာနေရာမရဖြစ်နေသောတိုက်စစ်မှူး ရာမန်ဖယ်လ်ကာအိုအား အငှားဖြင့် ခေါ်ယူရန်ကြိုးပမ်းနေသည်ဆိုသော သတင်းများမှာ မဟုတ်မှန်ကြောင်း ငြင်းဆန်ခဲ့သည်။ ဘိုအာ့စ်က ၎င်းအနေဖြင့် ဖယ်လ်ကာအိုအား ချယ်လ်ဆီးသို့ မပြောင်းရွှေ့မီကခေါ်ယူရန်ကြိုးပမ်းခဲ့ခြင်းဖြစ်ပြီး ယခုလာမည့် ဆောင်းရာသီအပြောင်းအရွှေ့ကာလတွင်မူ ခေါ်ယူဦးမည် မဟုတ်ကြောင်း အင်တာဗျူးတစ်ခုတွင်ပြောကြားခဲ့သည်။

ဘိုအာ့စ်က ဖယ်လ်ကာအိုအားခေါ်ယူချင်သော်လည်း အဆိုပါကိစ္စရပ်နှင့် ပတ်သက်ပြီး ယခုထိမော်ရင်ဟိုနှင့် မဆွေးနွေးရသေးကြောင်း၊ လက်ရှိတွင် ဖယ်လ်ကာအိုကို ချယ်လ်ဆီးကသာ ပိုင်ဆိုင်ထားဆဲဖြစ်ကြောင်း၊ သို့သော် ရုရှားနိုင်ငံ၏ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများက ဖယ်လ်ကာအိုကဲ့သို့သော ကစားသမားမျိုးကိုခေါ်ယူရန်မလွယ်ကူကြောင်း၊ လာမည့်နွေဈေးကွက်တွင် ဖယ်လ်ကာအိုအား ဇင်းနစ်သို့အရောက်ခေါ်ယူရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဆိုလိုက်သည်။

ဖယ်လ်ကာအိုသည် အက်သလက်တီကိုမှ ထွက်ခွာပြီးနောက်ပိုင်း မိုနာကိုတွင် ပုံမှန်ခြေစွမ်းအောက်ရောက်ရှိနေသော အနေအထားကြောင့် ပြီးခဲ့သည့်ဘောလုံးရာသီတွင် မန်ယူ၌လည်းကောင်း၊ ယခုနှစ် ချယ်လ်ဆီးတွင် အငှားဖြင့်လည်းကောင်း ကစားနေသော်လည်း ယခုထိ သူ၏ခြေစွမ်းအမှန်ကိုမရောက်ရှိသေးဘဲ ချယ်လ်ဆီးမှထွက်ခွာတော့မည်ဆိုသည့် သတင်းများ မကြာသေးမီကပင် ထွက်ပေါ်ခဲ့သေးသည်။ သို့သော်မော်ရင်ဟိုကမူ ယင်းသတင်းများကို သူ့အနေဖြင့် မသိရှိကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။



**[မေလှဲ့သင်း]**









# လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ မြန်မာ နေရှင်နယ်လိဂ် ကော်မတီမှ ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် မြန်မာနေရှင်နယ်လိဂ် Ooredoo MNL 2015 အမှတ်ပေးပြိုင်ပွဲနှင့် ၂၀၁၅ ခုနှစ် လူငယ် အမှတ်ပေး ပြိုင်ပွဲ နှစ်ရပ်စလုံးတွင် ချန်ပီယံဆုများ ဆွတ်ခူးရရှိအောင် စွမ်းဆောင်ကြိုးပမ်းနိုင်ခဲ့သည့် ရန်ကုန်ယူနိုက်တက် ဘောလုံးအသင်း (Yangon United Football Club)အား အထူး ချီးကျူး ဂုဏ်ပြုအပ်ပါသည်။

MNL ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အသင်းများအားလုံးနှင့် ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန် ဝိုင်းဝန်း ပံ့ပိုးပေးခဲ့ကြသည့် Title Sponsor- Ooredoo နှင့် Co-Sponsors များ၊အဖွဲ့အစည်းများ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ် ကော်မတီ

MYANMAR FOOTBALL FEDERATION ESTABLISHED 1947

MYANMAR NATIONAL LEAGUE

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူးနိုင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




**အထင်ကြီးစရာ စရိုက်**

မနက်စာ စားတဲ့အချိန်က အလွဲ။ စားမိတဲ့ အစာကလည်း အလွဲ။ ဂျပန်တိုဟူးနဲ့ ပဲပင်ပေါက်သုတ်ကို မွန်းတည့် ၁၂ နာရီလောက်မှာ စားဖြစ်သွားတာ။ ဘာဆန်၊ ဘာဂျုံမှ မပါတော့ အဆာပြေတယ် ဆိုရုံလေးရယ်။ အဲတော့ ညနေ ၄ နာရီသာသာလောက်မှာ တအားဆာလာတယ်။ ဒါနဲ့ တည်းနေတဲ့ ဟိုတယ်ရဲ့ မျက်နှာချင်းဆိုင် လမ်းတစ်ဖက်မှာရှိတဲ့ လမ်းဘေးဆိုင်လေးကို သွားလိုက်ပါတယ်။

ထမင်းနဲ့ဟင်း မှာပြီးတဲ့အခါ ဘီယာတစ်လုံးပါ တွဲမှာလိုက်ပါတယ်။ စားပွဲထိုးလေးက ဘီယာရောင်းလို့ မရသေးပါဘူးတဲ့။ ငါးနာရီထိုးမှ ရောင်းခွင့်ရှိပါသတဲ့။ ကျွန်တော် အံ့အားသင့်သွားတယ်။ သူက ဆက် ရှင်းပြနေပြန်တယ်။ မနက်ပိုင်း ၁၁ နာရီက နေ့ခင်း ၂ နာရီအထိ ရောင်းခွင့်ရှိတယ်။ ညနေ ၅ နာရီက ည ၁၂ နာရီအထိ ရောင်းခွင့် ရှိတယ်။ နေ့ခင်း ၂ နာရီက ညနေ ၅ နာရီအတွင်း မရောင်းရဘူးလို့ သတ်မှတ်ထားပါသတဲ့။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ တစ်နေ့က ကြုံရတာပါ။ တစ်ဆိုင်လုံးက ဝန်ထမ်းအားလုံးက မြန်မာပြည်က ကလေးတွေမို့ မြန်မာလိုပြောပြ ရှင်းပြနိုင်တာပါ။ ကျွန်တော်က ဘန်ကောက်ရောက်တိုင်း ဈေးသက်သာတဲ့ အဲဒီဟိုတယ်မှာသာ တည်းခိုဖြစ်သလို အဲဒီဆိုင်လေးမှာ စက်ကျတတ်စမြဲမို့ ဝန်ထမ်းလေးတွေနဲ့ ရင်းနှီးနေပါပြီ။

ဒါနဲ့ အအေးတစ်ပုလင်းသာ မှာလိုက်ပြီး စိတ်ထဲမှာ သဘောတွေကျနေပါတယ်။

**စည်းကမ်း လိုက်နာတတ်ကြပုံကို သဘောကျမိတာပါ။**

မနှစ်တနှစ်က ဇင်းမယ်မှာလည်း အလားတူ ကြုံဖူးပါတယ်။ ဘီယာကိစ္စပါပဲ။ အဲတုန်းကတော့ လမ်းဘေးဆိုင်မဟုတ်ဘဲ ဇင်းမယ်ညဈေးဘေးက စားသောက်ဆိုင်တန်းမှာ ဖြစ်ပါတယ်။ ဘီယာမှာလိုက်ပါတယ်။ ရောက်လာပါတယ်။ သောက်ခါစမှာ ဆိုင်ရှင်လို့ ယူဆရသူက အပြေးအလွှား ရောက်လာပါတယ်။ ကနေ့အခါကြီးရက်ကြီးမို့ ဘီယာရောင်းခွင့်မရှိတဲ့အကြောင်း၊ စားပွဲထိုးလေးက သတိလစ်ပြီးသည်ဘီယာကိုချပေးလိုက်တာဖြစ်ကြောင်း၊ သောက်လက်စကိုတော့ ဆက်သောက်လိုက်နိုင်ပါကြောင်း၊ ဒါပေမယ့် နောက်ထပ်တော့ ထပ်မှာလို့ မရတော့မယ့်အကြောင်း၊ သည်အတွက်တောင်းပန်ပါကြောင်း၊ အခုသောက်လက်စ ဘီယာအတွက်လည်း ငွေပေးစရာ မလိုပါ ကြောင်း ကျကျနန ရှင်းပြပြောဆိုပါတော့တယ်။

အဲတုန်းကလည်း သူတို့ရဲ့ စည်းကမ်း လိုက်နာတတ်မှုကို သဘောကျနေခဲ့ဖူးပါတယ်။ နီးစပ်သူတွေကို မေးကြည့်မိတယ်။ အဲလိုနေ့မျိုးတွေမှာ မှောင်ခိုရောင်းတာရော မရှိဘူးလားဆိုတော့ ရှိပါတယ်တဲ့။ ဒါပေမယ့် အများအပြားတော့ မဟုတ်ဘူးလို့ ဆိုပါတယ်။

**စည်းကမ်းအစ မူကြိုကဆိုပဲ**

သည်တစ်ခေါက် ဘန်ကောက်ကိုရောက်တော့ ထိုင်းမှာ နှစ် ၃၀ ကျော်ကြာ နေထိုင်နေတဲ့ အတန်းဖော် ငယ်သူငယ်ချင်းရယ်၊ ထိုင်းမှာနေတာ ၁၅ နှစ်ရှိပြီဖြစ်တဲ့ စာအုပ်မျက်နှာစာက တစ်ဆင့် သိကျွမ်းခင်မင်လာတဲ့ ဇနီးမောင်နှံမိသားစုရယ်ကို တွေ့ခွင့်ကြုံခဲ့ရပါတယ်။ အဲတော့လည်း သူတို့ပြောပြတဲ့ ထိုင်းလူထု စည်းကမ်းလိုက်နာကြပုံ အကြောင်းတွေကိုလည်း ကြားရပြန်ပါတယ်။

မိတ်ဆွေ ဇနီးမောင်နှံက ထိုင်းမှာပဲ ရေစက်ဆုံကြတဲ့ မြန်မာဇနီးမောင်နှံပါ။ ကလေးသုံးယောက်ကိုလည်း ထိုင်းမှာပဲမွေးပြီး ထိုင်းမှာပဲ ကျောင်းထားပါတယ်။ ထိုင်းတို့ရဲ့ စည်းကမ်းလိုက်နာတတ်တဲ့ စရိုက်ကလေးတွေကို သူတို့နဲ့ စကားစပ်မိသွားတော့ ကလေးအမေက ပြောပါတယ်။ သူ့ကလေးတွေကို ထိုင်းကျောင်းမှာပဲ ထားတာမို့ ကလေးတွေ မူကြိုအရွယ်ကတည်းက အရုပ်ကလေးတွေ၊ အရောင်လေးတွေနဲ့ ဘယ်ဟာ လုပ်သင့်တယ်၊ ဘယ်ဟာ မလုပ်သင့်ဘူးဆိုတာကို ရွေးချယ်ပိုင်းဖြတ်ခိုင်းရင်းက စည်းကမ်းရဲ့ သဘောကို သွန်သင်ပါတယ်တဲ့။

သူတို့ သမီးအကြီးလေးက စာအုပ်ကြီးသမားပါတဲ့။ ကျောင်းက သင်လာတဲ့ စည်းကမ်းတွေနဲ့ သူက တိုင်းတာတတ်ပါသတဲ့။ ဟုတ်မယ်. . . ကျွန်တော် စီးကရက် ထုတ်သောက်တော့ ကလေးက ကျွန်တော့်ကို ကြည့်တဲ့ မျက်လုံးက ရာဇဝတ်သားကို ကြည့်သလို မျက်လုံးမျိုးနဲ့ဖြစ်နေတာ အခုမှ ရှင်းသွားတော့တယ်။

**မျက်မြင်**

ဘယ်ဟုတ်ဦးမလဲ၊ သည်တစ်ခေါက် ဘန်ကောက်ရောက်တော့ ရန်ကုန်က ငယ်သူငယ်ချင်းနဲ့လည်း ချိန်းပြီးသောက်ဖြစ်လိုက်သေးတယ် ခင်ဗျ။ အဲဒီသူငယ်ချင်းက ထိုင်းမှာ နှစ်ရှည်လများ နေထိုင်ခဲ့ဖူးသူပါ။ ကနေ့ အခါမှာတော့ ရန်ကုန်မှာပဲ ပြန်အခြေချနေပေမယ့် ထိုင်းမှာလည်း အိမ်ခန်းကြီး တစ်ခန်းရှိတဲ့အပြင် ဘန်ကောက်နဲ့ ရန်ကုန်ကို ဥဒဟို ကူးသန်းနေပါတယ်။ ထိုင်းစကားလည်း တတ်တယ်ပေါ့။

သူနဲ့ချိန်းတော့ သူကကျွန်တော်ရှိရာ ဟိုတယ်ကို လာတာမို့ ကျွန်တော် စားနေကျ လမ်းဘေးဆိုင်လေးမှာပဲ အမြည်းဖွယ်ဖွယ်ရာရာမှာတဲ့ပြီး နှစ်ယောက်သား လေပစ်ကြပါတယ်။ သူ့ကိစ္စ ဝိစ္စဗာဟီရကြောင့် ကျွန်တော်တို့ စထိုင်ဖြစ်ချိန်က အတော်တောင် ညဉ့်နက်နေပါပြီ။ ၈ နာရီခွဲလောက်မှ စဖြစ်ကြတာပါ။ ဒါ့ကြောင့် ဆိုင်ပိတ်ချိန် ည ၁၀ နာရီအထိ ကျွန်တော်တို့ ဝိုင်း မသိမ်းတတ်နိုင်သေးပါဘူး။

ဆိုင်ဝန်ထမ်းလေးတွေက သူတို့ ဆိုင်ပိတ်မှာ ဖြစ်တဲ့အကြောင်း၊ ကျွန်တော်တို့ ကြိုက်သလောက်ဆက်ထိုင် နိုင်ကြောင်း၊ ပြီးရင် သည်တိုင်းသာ ထားခဲ့နိုင်ကြောင်း ပြောပါတယ်။

အဲဒီနောက်မှာတော့ သူတို့ ဆိုင်သိမ်း မြင်ကွင်းကို မြင်ရပြန်တယ်။ အဲဒါကတော့ ဆိုင်ပရဝုဏ်ကိုရော၊ ဆိုင်နဲ့ဆက်စပ်နေတဲ့ စည်ပင်သာယာ နယ်နိမိတ်ထဲက လမ်းကိုပါကျကျနန ဆေးကြောသန့်စင်တော့တာကိုပါ။ တံမြက်စည်းတစ်ချောင်းနဲ့ ရေတွေနဲ့ လမ်းကိုပါ တိုက်ချွတ်သန့်ရှင်းနေတာ မျက်ဝါးထင်ထင် မြင်လိုက်ရပါတယ်။

လူငယ်လေးတွေက စာအစမှာ ဆိုခဲ့တဲ့အတိုင်း မြန်မာနိုင်ငံသား လူငယ်လေးတွေပါ။ သူတို့က အဲဒီနိုင်ငံရဲ့ စည်းကမ်းအတိုင်း မညည်းမငြူ ပေါ့ပေါ့ပါးပါး လုပ်ကိုင်နေတာ တွေ့လိုက်ရတော့ ရောမရောက်ရင် ရောမသားလို ဖြစ်သွားတာကလားလို့ တွေးမိလိုက်ရပါသေးတယ်။

**စည်းကမ်းဆိုတာ ဘာမှ မဟုတ်ပါဘူးတဲ့**

မျက်ဝါးထင်ထင် မမြင်ခင်ကတည်းက သည်အချက်ကို သတိထားမိပါတယ်။ ကျွန်တော် ဘန်ကောက်ကို စရောက်ဖူးတာ ၂၀၀၃ ခုနှစ်မှပါ။ အဲတုန်းက ကျွန်တော်တည်းခိုခဲ့တဲ့ နေရာက ပတ်ပုန်းလို့ခေါ်တဲ့ညဘက် အပျော်ရှာ သူများ အုန်းအုန်းထခဲ့ဖူးရာ နေရာတဝိုက်မှာပါ။ အဲတုန်းကတည်းက လမ်းဘေးက စားသောက်ဆိုင်တွေကို သတိထားမိခဲ့ဖူးပါတယ်။

တစ်ညခင်းမှာ အပြင်ထွက် လမ်းလျှောက်တော့ တစ်နေကုန် ညှော်နံ့ တထောင်းထောင်းနဲ့ ရောင်းလို့ကောင်း နေခဲ့တဲ့ လမ်းဘေးဆိုင်ပေါင်းစုံ ရှိခဲ့ရာ လူသွားစင်္ကြံဟာ နေ့ခင်းတုန်းက စားသောက်ဆိုင်တွေ သည်စင်္ကြံပေါ်မှာ ရှိနေခဲ့ကြဖူးတဲ့ အရိပ်အရောင်တောင် လုံးဝမရှိတော့ဘဲ သန့်ရှင်းနေတာကို တွေ့ခဲ့ရပါတယ်။ အဲဒီကတည်းက အမှတ်ထင်ထင် ဖြစ်ခဲ့ရဖူးပါတယ်။

အခုနောက်ပိုင်း ကျွန်တော်တည်းနေကျ ဟိုတယ်ကလည်း ဖြစ်တာမို့ မနက်လင်းကတည်းက ဆိုင်တွေတင်းကြမ်းနဲ့ပါ။ ဟိုတယ်တံခါးဝက ထွက်လိုက်တာနဲ့ ဆိုင်ပေါင်းစုံကိုတန်းစီပြီး တွေ့ရပါတယ်။ ဒါပေသည့်ညဘက် လူခြေတိတ်ချိန်မှာတော့ အဲဒီဆိုင်တွေ ခင်းသွားခဲ့ရာ လူသွားစင်္ကြံဟာ အမှိုက်တစ်စ၊ အစားအသောက်ကကျတဲ့ အစွန်းအထင်း တစ်ကွက်မှတောင်မရှိဘဲ သန့်ရှင်းနေတာကို တွေ့ရပါတယ်။

အစကတော့ ဘန်ကောက် စည်ပင်က တာဝန်ယူပြီး သန့်ရှင်းရေး လုပ်တယ်မှတ်ခဲ့မိသေးတယ်။ အခုမှ ဈေးသည် တစ်ဦးချင်းစီရဲ့ အသိစိတ်ဓာတ်၊ စည်းကမ်းသေဝပ်မှု၊ တာဝန်သိမှု၊ စနစ်ကျမှုတွေကို ပြက်ပြက်ထင်ထင် မြင်လာမိရပါတော့တယ်။

တစ်ဆက်တည်းမှာ ရန်ကုန်မြို့မှာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကမှ ဖွင့်လှစ်လိုက်တဲ့ ပြည်တွင်းအခွန်များ ဦးစီးဌာနရဲ့ အခွန်ထမ်းကြီးများဆိုင်ရာရုံးရဲ့ အတွင်းနံရံ မြင်သာတဲ့ နေရာတွေမှာ ကပ်ထားတဲ့ အင်္ဂလိပ်ဘာသာနဲ့ စာတန်းတွေကို မြင်ယောင်မိသွားရပြန်ပါသေးတယ်။ စာသားရဲ့ အဓိပ္ပာယ်ကတော့ စည်းကမ်းဆိုတာ ဘာမှ မဟုတ်ပါဘူး၊ ကိုယ့်တာဝန် ကိုယ်ယူတာလေးပါပဲလို့ ပြန်ဆိုနိုင်မယ် ထင်ပါရဲ့။

**အံ့အားသင့်စရာ**

အတန်းဖော် သူငယ်ချင်းက ပြောပြပါတယ်။ အဲဒီ မြို့လယ်တဝိုက်က လမ်းဘေးဈေးသည်တွေဟာ ထိုင်းမာဖီးယားတွေကို ဆက်ကြေးပေးရပါသတဲ့။ ဆက်ကြေးများက အာဏာပိုင် အဆင့်ဆင့်ဆီကိုလည်း သူ့ဝေစုနဲ့သူ ရောက်သွားပါသတဲ့။ နောက်ပြီးတော့ တစ်နေ့တာအတွင်း လမ်းဘေးက နေရာတစ်နေရာတည်းမှာကို ဈေးသည်က သုံးဦး၊ လေးဦးရှိတတ်ပါသတဲ့။ (အဲဒါတော့ ကျွန်တော်တည်းနေကျ ဟိုတယ်နားမှာ သတိထားမိနေခဲ့ပါတယ်။) အဲဒီဈေးသည်တစ်ဦးချင်းစီကလည်း ဆိုင်ရာ ဆက်ကြေးများကို ပေးရတယ်လို့ သူငယ်ချင်းက ပြောပြပါတယ်။

တစ်ဆင့်ကြားစကားမို့လို့ သူ့စကား ဘယ်အတိုင်းအတာအထိ မှန်မမှန်ကို မသိနိုင်ပေမယ့် ထိုင်းနိုင်ငံက မာဖီးယားတွေ အကြောင်း လူပြောသူပြောကတော့ အတော်များတဲ့အပြင် ပွင့်လင်းမြင်သာမှု နိုင်ငံတကာအဖွဲ့အစည်းက ပြုစုတဲ့ ၂၀၁၄ ခုနှစ် အကျင့်ပျက်ခြစားမှု အမြင်များ ညွှန်းကိန်းမှာတော့ စုစုပေါင်း ၁၇၇ နိုင်ငံအနက်မှာ ထိုင်းက အဆင့် ၈၅ မှာ ရှိနေတာမို့ နှယ်နှယ်တော့ မဟုတ်ဘူးဆိုတာ သိနိုင်ပါတယ်။ (အဆင့် ၁၅၆ မှာတော့ ဇင်ဘာဘွေရယ်၊ ကမ္ဘောဒီးယားရယ်၊ ကျန်တဲ့ တစ်နိုင်ငံရယ် ရှိပါတယ်။ ဘယ်နိုင်ငံလဲဆိုတာကိုတော့ စိတ်ဝင်စားသူများ မိမိတို့ဘာသာ ရှာဖွေကြည့်ကြပါတော့ခင်ဗျား)

သူငယ်ချင်းက ဆက်ပြောပါတယ်။ အကျင့်ပျက်တာ၊ လာဘ်ပေးလာဘ်ယူတွေရှိနေတာ မှန်ပေမယ့် လူထုအကျိုးပျက်စီးရာပျက်စီးကြောင်းတော့ အဲဒီနိုင်ငံရေးသမားတွေ၊ ပြည်သူ့ဝန်ထမ်းတွေက လုပ်လေ့ မရှိပါဘူးတဲ့။ ဒါလည်း မျက်မြင်ပါ။ အကျင့်ပျက်ခြစားမှုမှာ နာမည်ကြီးလှတဲ့ကြားက သူတို့နိုင်ငံ တိုးတက်နေတာ၊ သပ်ရပ်နေတာ၊ စည်းကမ်းရှိနေ၊ စနစ်ကျနေတာတွေကို အတိုင်းသား မြင်နေရပါတယ်။

ကျွန်တော်လည်း ထိုင်းစာမဖတ်တတ်တော့ စည်းကမ်းဟူသည် လူ့တန်ဖိုး တို့၊ စည်းကမ်းရှိမှ တိုးတက်မည်တို့လို စာတန်းတွေ နိုင်ငံအနှံ့၊ မြို့လုံးအနှံ့ ချိတ်ဆွဲထားမထားတော့ မသိပါဘူး။

သို့ပေမယ့် ခေါက်တိုပို့ပေးနေတဲ့ မော်တော်ဆိုင်ကယ် အငှားလိုက်သူတွေ ခရီးသည်ကို ဦးထုပ်ဆောင်းဖို့ မပေးတာမျိုးကလွဲရင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာကြတာလည်း မျက်မြင်တွေ့ရပါတယ်။ အထက်မှာ ဖော်ပြခဲ့တဲ့ စည်းကမ်းလိုက်နာမှုများကိုလည်း မျက်ဝါးထင်ထင်မြင်ခဲ့၊ ကိုယ်တွေ့တွေကြုံခဲ့ရပါတယ်။

သည်နေရာမှာ အထူးတလည် အမှတ်ထင်ထင် ဖြစ်ကျန်ရစ်တာကတော့ စာတန်းတွေနဲ့ နှိုးဆော်တာ မနှိုးဆော်တာ အသာထား၊ ကလေးတွေ မူကြိုအရွယ်ကတည်းက စည်းကမ်းစနစ်ကျအောင် စာသင်ကျောင်းတွေကနေ သင်ကြားလေ့ကျင့်ပေးနေတယ်ဆိုတဲ့ အချက်ပါပဲ။ ကလေးအရွယ်ငယ်ကတည်းက ကိုယ့်တာဝန် ကိုယ်သိ၊ ကိုယ့်တာဝန် ကိုယ်ယူတတ်အောင် သင်ကြားလေ့ကျင့်ပေးထားနိုင်မှတော့ သူတို့နိုင်ငံရဲ့ ရှေ့ခရီးကလည်း တင့်တယ်နေတော့ မယ်ဆိုတာ တွေးမိရင်းက ကြုံခဲ့ကြားခဲ့တာလေးကို ပြန်ဖောက်သည် ချလိုက်တာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့သည်လည်းပဲ စည်းကမ်းအစ စာသင်ကျောင်းကဆိုတဲ့ စာတန်းတွေ မြင်ဖူးပါတယ်။ သို့သော် စာတန်း အနေနဲ့သာ ရပ်လို့မနေဘဲ စာသင်သားတွေရဲ့ အသည်းထဲ၊ နှလုံးထဲ၊ အကျင့်စရိုက်တွေထဲ မြဲနေအောင် ကျောင်း သင်္ခန်းစာတွေထဲမှာ ထည့်သွင်းရေးဆွဲဖို့၊ ဆရာ၊ ဆရာမတွေကိုယ်တိုင်က နမူနာအနေနဲ့ စည်းကမ်းစနစ် ကျနဖို့ လိုအပ်ချိန်ကို ရောက်နေရုံသာမက အဲလို လုပ်သင့်တဲ့အချိန်က နှစ်ပေါင်း ၅၀ မက ကျော်လှပြီ ဖြစ်တဲ့ အကြောင်း ပြောလည်း ပြောချင်၊ ပြောလည်း မပြောရဲတဲ့ကြားကပဲ ဇွတ်မှိတ်ပြီး ပြောလိုက်ရပြန်ပါပြီ။ အားလုံး အတွက် တွေးဆဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိရပါတယ်ခင်ဗျား။

> စာတန်းတွေနဲ့ နှိုးဆော်တာ မနှိုးဆော်တာ အသာထား၊ ကလေးတွေ မူကြိုအရွယ်ကတည်းက စည်းကမ်းစနစ်ကျအောင် စာသင်ကျောင်းတွေကနေ သင်ကြားလေ့ကျင့်ပေးနေတယ်ဆိုတဲ့ အချက်ပါပဲ။ ကလေးအရွယ်ငယ်ကတည်းက ကိုယ့်တာဝန်ကိုယ်သိ၊ ကိုယ့်တာဝန်ကိုယ်ယူတတ်အောင် သင်ကြား လေ့ကျင့်ပေးထားနိုင်မှတော့ သူတို့နိုင်ငံရဲ့ ရှေ့ခရီးကလည်း တင့်တယ်နေတော့ မယ်ဆိုတာ တွေးမိရင်းက ကြုံခဲ့ကြားခဲ့တာလေးကို ပြန်ဖောက်သည် ချလိုက်တာပဲ ဖြစ်ပါတယ်။

ဖတ်စရာ

# အထူးအလှဆင်ထားသော ဘုံခုနစ်ဆင့်လှည်းများ နှစ်သက်သူများလာ

**à** တိမ်တမန်

စက်မှုတစ်ခေတ်တွင် ခေတ်မီယာဉ်များစွာကို အသုံးပြုလာသည့်တိုင်အောင် မြန်မာ့လှည်းများကို တွင်ကျယ်စွာ အသုံးပြုစမြဲပင်ဖြစ်သည်။ လှည်းတစ်စီးမှာယူရန်အတွက် ကြိုတင်စရန်ပေးကာ မှာထားကြရသည်။ လှည်းလုပ်ကိုင်ပုံ သပ်ရပ်ခြင်း၊ မသပ်ရပ်ခြင်းနှင့် လက်ရာအလိုက် အကြိုက်မတူလှပေ။

မန္တလေးမြို့အနီးတွင် နာမည်ရသောလှည်းများမှာ လှည်းကြမ်းဆိုလျှင် ရေဂမိုးမြင်းဆည်လှည်း၊ လှည်းယာဉ်နှင့် ရွှေလှည်းများအတွက်မူ စစ်ကိုင်းနယ်ရှိ မန်ကျည်းစင်၊ သလွန်ဖြူ၊ ကြွယ်လူး၊ အိုးဘို၊ အုန်းတော၊ ဆားတောင်၊ ရွာသစ်ကြီးနှင့် ညောင်ပင်ဝန်းများသို့ သွားရောက်မှာယူကြသည်။

လက်ရှိကာလ ရှင်လောင်းလှည့်လိုက်သည့် ရွှေလှည်းများကို အဆန်းထွင်ပြုလုပ်မှုတွင် အုန်းတောရွှေလှည်းများမှာ နာမည်ရလျက်ရှိပြီး အဆက်မပြတ်မှာယူသူများပြားလျက်ရှိသည်။ အညာဒေသအလှူပွဲများ ပေါများလာသည့်အတွက် အလှူ့ဒါယကာ၊ အလှူ့ဒါယိကာမများအကြိုက် လှည်းများကို အဆန်းထွင်လာကြသည်။ အလှူလှူမည့်သူများမှာ ရှင်လောင်းလှည့်ပွဲများကို လေ့လာကာ ကောင်းသော ဆိုင်းကောင်းသော ဘိသိက်၊ လှပသောရွှေလှည်းများကို မျက်စိရှင်ကာ လေ့လာစမြဲပင်ဖြစ်သည်။

အထူးသဖြင့် အလှူ့ဒါယကာသမီးသားတို့မှာ အခြားရှင်လောင်းနားဖောက်သည်များနှင့်မတူ တစ်မူထူးခြားအောင် ပြုလုပ်လေ့ရှိသည်။ အလှူ့ဒါယိကာမသမီး နားဖောက်သည်များကို ယခင်က ရွှေလှည်း၊ ငွေလှည်း၊ ပတ္တမြားလှည့်များငှားကာ တင်ဆောင်ကြသည်။ ယခုအခါ ဆန်းသစ်သော ဘုံခုနစ်ဆင့်လှည်းများကို ငှားရမ်းမှုများလာသည့်အတွက် ရွှေလှည်းထောင်သူများ ဘုံခုနစ်ဆင့်လှည်းကို ပြုလုပ်မှုများလာကြသည်။

ရှင်လောင်းလှည့်ပွဲဟုဆိုသည်နှင့် ဘုရားကား၊ စည်တော်ကြီး၊ ကန်သာအိုးရွက်၊ အလှူ့ရုံကိုင်၊ ကွမ်းတောင်ပန်းတောင်ကိုင်၊ တံခွန်လုံးကိုင်အပျိုများကို ရှေ့မှထားကြ



သည်။ ထို့နောက်တွင် အလှူ့ဒါယိကာ၊ အလှူ့ဒါယိကမများလိုက်ကာ နောက်တွင် ရှေ့ဝန်း၊ နောက်ဝန်းများရံထားကြသည်။ ရှင်လောင်းလှည့်တန်းများထဲတွင် ဆိုင်းအဖွဲ့သုံးဖွဲ့မျှထည့်ထားပြီး မြင်းများထားကြသည်။ မြင်းများနောက်တွင်မတော့ လှည်းယာဉ်ကျော့တို့ထားကြသည်။ လက်ရှိကာလတွင် အလှူပွဲအများစုမှာ ရွှေလှည်းများကိုသာ အသုံးပြုမှုများလာကြသည်။ ယခုနှစ်တွင် အလှူ့ဒါယကာသမီးနားဖောက်သည်များအတွက် ဘုံခုနှစ်ဆင့်လှည်းကို နှစ်သက်သဘောကျသူများပြီး အလှူပွဲများစွာမှ ကြိုတင်ငှားရမ်းမှုများပြားလျက်ရှိကြောင်း သိရသည်။

# (၈၆) ကြိမ်မြောက် ယင်းမာပင်ခရိုင် ပုလဲမြို့ သမိုင်းဝင် ဆင်မြတ်ရှင်ဘုရား ဗုဒ္ဓပူဇနိယ မဟာဒုက်ပွဲတော် ကျင်းပမည်

**ပုလဲ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့တွင် (၈၆) ကြိမ်မြောက် သမိုင်းဝင် ဆင်မြတ်ရှင်ဘုရား ဗုဒ္ဓပူဇနိယ မဟာဒုက်ပွဲတော်ကို ၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်မှ ၅ ရက် ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မဟာဒုက်ပွဲတော်တွင် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်ညမှ စတင်၍ မြို့ပေါ်ရပ်ကွက်များ၌ မြန်မာ့ဆိုင်းတော်မင်္ဂလာနှင့် တွဲဖက်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှပဒေသာဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်သည်။

ယင်းပြင် သီတင်းကျွတ်လပြည့်ကျော် ၄ ရက် နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၏ ဆွမ်းသပိတ်လုံးများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၏ ဆွမ်းသပိတ်လုံးများ၊ ပုဂ္ဂလိက ဆွမ်းသပိတ်လုံးများ၊ လှူဖွယ်ပစ္စည်းများ၊ ပဒေသာပင်များဖြင့် စီတန်းလှည့်လည်ကာ ဆင်မြတ်ရှင်ဘုရားရင်ပြင်တော်တွင် စုစည်းကြပြီး နံနက် ၁၀ နာရီတွင် ပင့်သံဃာအပါး ၅၀ ကျော်နှင့် ဆင်မြတ်ရှင်ဘုရား၏ မြသပိတ်တော်ကို စာရေးတံမဲဖောက် လှူဒါန်းမည်ဖြစ်ကြောင်းနှင့် ညပိုင်းတွင် ဘုရားပွဲလာဧည့်ပရိသတ်များအား မန္တလေးဇာတ်ဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

"သမိုင်းဝင်ဆင်မြတ်ရှင်ဘုရားရဲ့ ဗုဒ္ဓပူဇနိယ မဟာဒုက်ပွဲတော်ကို ၁၂၉၁ ခုနှစ်လောက်က စတင်ကျင်းပခဲ့တာ အခုနှစ်ဆိုရင် (၈၆) ကြိမ်မြောက် ရှိခဲ့ပါပြီ။ ဆရာ၊ ဒကာ ညီညွတ်စွာ ဆောင်ရွက်ခဲ့တာကြောင့် ဘုရား၊ စေတီ၊ တန်ဆောင်း၊ လျှပ်စစ်မီး၊ ဆလိုက်မီးတို့နဲ့ ဖြစ်နေပါပြီ။ အရင်နှစ်က ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များ၊ ပုဂ္ဂလိကအလှူရှင်များနဲ့ ကျေးရွာများမှလှူဒါန်းတဲ့ သပိတ်လုံးပေါင်း ၄၇ လုံးနဲ့ အလှူငွေပေါင်းကျပ်သိန်း ၉၀ ကျော် ရှိခဲ့ပါတယ်။ အဲဒီ ဆွမ်းသပိတ်လုံးများမှ လှူဒါန်းတဲ့ ဗုဒ္ဓပူဇာအလှူငွေများနဲ့ နှစ်စဉ် ဘုရားလောင်း ပလလဲတောအုပ်မှာ ဆင်မင်းဘဝနေထိုင်စဉ်က သမိုင်းမှတ်တမ်း ပန်းချီကားများ၊ ဆင်ဖြူတော်ရုပ်တုနဲ့ ဇရပ်၊ သာသနိက အဆောက်အအုံများ၊ ဘုရားရင်ပြင် ကြွေပြားခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ဆင်ရှင်မြတ်ရှင်ဘုရား ဂေါပကအဖွဲ့ဝင် ဦးညွန့်ဝေက ပြောသည်။

**မင်းခန့်စိုး(ဖေယျာမြေ)**



# ကြက်သွန်နီ၏ထူးခြားသော ဆေးဖက်ဝင်အာနိသင်များ

ကြည်လွင်မြင့်(မုံရွာ)



စာရေးသူငယ်စဉ်က ပြေးလွှားဆော့ကစားရင်း မိမိအိမ်နီးချင်းအိမ်မှ မွေးထားသော ခွေးတစ်ကောင်က မျက်စိနောက်ပြီးလိုက်ကိုက်ရာ ခြေသလုံးတွင် သွေးများယိုစီးကျပြီး အပေါက်ငယ်နှစ်ပေါက်ဖြစ်သွားပါသည်။ အိမ်ရှင်အဒေါ်ကြီးက အငိုတိတ်အောင်ချော့မော့ပြီး ခွေးကိုက်နာကိုရေဖြင့် လောင်းပြီး သေချာဆေးကြောပေးပါသည်။ ထို့နောက် သူ့အိမ်မီးဖိုချောင်မှ ကြက်သွန်နီဥကြီးတစ်ဥကိုယူ၍ ဓားဖြင့်ပြားအောင်ရိုက်ပြီး ခွေးကိုက်သည့်အပေါက်အစွယ်ရာပေါ်တွင်ဖိအုပ်ပြီး ပုဆိုးဟောင်းတစ်ထည်ကို ဆုတ်ဖြဲပြီး ပတ်တီးစည်းပေးပါသည်။ စည်းထားသောနေရာမှ တစစ်စစ်ကိုက်နေပြီး တစ်နာရီခန့်ကြာသောအခါ သက်သာသွားပါသည်။ နောက်တစ်နာရီခန့်ကြာသောအခါ ပတ်တီးကို ဖြည်ပေးသည်။ ကြက်သွန်နီဥမှာ သွေးများနှင့်အဆိပ်များကို စုပ်ယူသွားပြီး မဲနက်သွားသည်ကို ကိုယ်တွေ့ တွေ့ရဖူးပါသည်။ ပြီးမှ အနာကို ဆေးဝါရည် အနာကျက်ဆေးကို ပေးပါသည်။ ခွေးမှာလည်း အိမ်မွေးခွေးဖြစ်သဖြင့် စိတ်ချရပါသည်။ အနာလည်းမရင်းဘဲ နောက်နှစ်ရက်တွင် ပျောက်ကင်းသွားပါသည်။ ကြက်သွန်နီ၏အစွမ်းကို ငယ်စဉ်က ကြုံရခြင်းဖြစ်ပါသည်။

ကြက်သွန်နီသည် အိမ်ရှင်မများ ဟင်းချက်ရာတွင် နေ့စဉ်မပါမပြီး၊ မရှိမဖြစ်သော မီးဖိုချောင်သုံး အမယ်တစ်မျိုးဖြစ်သည်။ အာဟာရအနေနှင့်လည်း ရေငွေ့ဓာတ်နှင့်ကစီဓာတ်များစွာပါဝင်သည်။ ဆီးရွှင် စေသောဓာတ်လည်း ပါဝင်သည်။ အသားဟင်းများချက်လျှင်လည်း ကြက်သွန်နီဥထည့်ချက်လျှင်လည်း လျင်မြန်စွာနူးစေနိုင်သည်။ မကောင်းသောအနံ့အသက်များကိုလည်း စုပ်ယူနိုင်စွမ်းရှိသည်။ ကြက်သွန်နီနှင့်ချက်သောဟင်းများသည် အစာကြေနိုင်စွမ်းရှိသည်။

ရှေးဟောင်းမြန်မာဆေးကျမ်းတစ်စောင်ဖြစ်သော "ရှုတော်မူဆေးအဘိဓာန်ကျမ်း" ကြီးတွင် . . . ကြက်သွန်နီသည် လေ၊ သလိပ်၊ သည်းခြေ၊ ရတ္တပိတ်နာ (သွေးကြောပိတ်ရောဂါ)၊ အဖျား ချောင်းဆိုး၊ ကုတ်ဟီးနာတို့ကို နိုင်၏။ ဆီးကိုရွှင်စေတတ်၏။ သုတ်ကိုပွားစေတတ်၏ဟု ဆိုထားသည်ကို တွေ့ရသည်။

စာရေးသူ၏ဖခင် အသက်ရှစ်ဆယ်ကျော်အဖိုးသည် ကြက်သွန်နီကို ပါးပါးလှီး၊ သံပုရာရည်၊ ရှောက်ရည်ဆမ်းပြီး ထမင်းစားတိုင်းတွဲဖက်စားလေ့ရှိသည်။ သူသည် နယ်သတင်းထောက်တစ်ဦးဖြစ်ပြီး ယခုအခါ သက်ကြီးကန်တော့ခံသတင်းစာပညာရှင်ဖြစ်သည်။ သူ့တွင် လူကြီးများဖြစ်လေ့ရှိသည့် ဆီးကျိတ်ရောင် ရောဂါမဖြစ်ခြင်းမှာ ကြက်သွန်နီကိုနေ့စဉ်မှန်မှန်စားသုံးခဲ့ခြင်းကြောင့် ဖြစ်ကြောင်းပြောပါသည်။

ကြက်သွန်နီမှာ ဆီးကောင်းသည်မှာ အမှန်ပင်ဖြစ်ပါသည်။ လွန်ခဲ့သောရက်အနည်းငယ်က မိုးများစွာရွာပြီး လမ်းများရေမြုပ်သဖြင့် ဖိနပ်ရေစိုဖြင့် ကျောင်းသွားရသော သမီးငယ်တစ်ဦးမှာ ဆီးအောင့်ပြီး အပေါ့သွားသောအခါ များများမသွား၊ တစ်စက်ချင်းသွားနေသဖြင့် ဒုက္ခရောက်သည်။ ထိုသို့ဖြစ်နေသူကို ကြက်သွန်နီဥကြီးကို ထောင်းပြီး ပိတ်စဖြင့်ထုပ်၍ အရည်ညှစ်ယူပြီး သကြားတစ်ဇွန်းနှင့် စပ်တိုက်သည်။ မကြာမီပင် ဆီးများသွားပြီး ဆီးအောင့်ဝေဒနာမှာ သက်သာသွားကြောင်းတွေ့ရသည်။

နားကို ဆံပင်ညှပ်သည့်ကလစ်ဖြင့် နားချေး ကလော်မိရာမှ ရောင်ပြီး နားကိုက်နေသူတစ်ဦးမှာ ဆေးရုံဆေးခန်းနှင့် ဝေးသည့်နေရာတွင်ဖြစ်သဖြင့် ဒုက္ခရောက်နေရာ တိုင်းရင်းဆေးမြီးတို သိနားလည်သူ တစ်ဦးက ကြက်သွန်နီဥကို မီးကင်၍ အရည်ညှစ်ပြီး နားအတွင်းသို့ထည့်ပေးရာ နားကိုက်သက်သာသွားသည်ဟု ကိုယ်တွေ့ကြုံသူတစ်ဦးက ပြောပြပါသည်။ ဆရာဝန်နှင့်ဝေးသည့်အရပ်တွင် အသုံးဝင်သော ဆေးမြီးတို၊ ဆေးနည်းတိုဖြစ်ပါသည်။

ဦးခေါင်းအရေပြား ဗောက်ထခြင်း၊ ယားယံခြင်းဖြစ်ပါက တန်ဖိုးကြီး ခေါင်းလျှော်ရည်များ မသုံးစွဲနိုင်လျှင် မီးဖိုချောင်သုံး ကြက်သွန်နီဖြင့် ပျောက်ကင်းနိုင်ပါသည်။ ကြက်သွန်နီဥကို ထက်ခြမ်းခြမ်းပြီး ဦးခေါင်းအရေပြားအတွင်း စိမ့်ဝင်အောင်ပွတ်ပြီး ခေါင်းလျှော်ပေးပါ၊ နေ့စဉ်မှန်မှန်ပြုလုပ်လျှင် ဗောက်များ ပျောက်သွားပါလိမ့်မည်။ အချို့က ကြက်သွန်နီဥအရည်၊ ရှောက်ရည်၊ ပျားရည် ၃ မျိုးရောစပ်ပြီး လိမ်းလျှင်လည်း ဦးခေါင်းမှ ဗောက်များအချပ်လိုက်ကွာကျ ပျောက်ကင်းသည်ဟုဆိုပါသည်။

**ကြက်သွန်နီ၏ဆေးဘက်ဝင်အသုံးများမှာ -**

၁။ ကြက်သွန်နီကို အစိမ်းစားခြင်းဖြင့် ဆီးကောင်းစေသည်။

၂။ ကြက်သွန်နီဥကို မီးဖုတ်၍စားခြင်းဖြင့် လေသက်စေနိုင်သည်။

၃။ ထိပ်ပြောင်သောနေရာတွင် ကြက်သွန်နီဥကိုထက်ပိုင်းဖြတ်၍ ပွတ်ပေးလျှင်ဆံပင်ပြန်ပေါက်စေနိုင်သည်။

၄။ ဆံပင်ဖြူလျှင် ကြက်သွန်နီဥမှညှစ်၍ရသောအရည်ကို နေ့စဉ် ဦးခေါင်းတွင်ပွတ်ပေးလျှင် ဆံပင်ပြန်နက်စေနိုင်သည်။

၅။ ကင်းကိုက်၊ ပျားတုပ်၊ ပုရွက်ဆိတ်ကိုက်သည့် အနာများတွင် ကြက်သွန်နီဥကိုထက်ပိုင်း ဖြတ်၍ပွတ်ပေးခြင်းဖြင့် သက်သာစေနိုင်သည်။

၆။ အကျိတ်နှင့် သက်တန့်ရောင်နာများတွင် ကြက်သွန်နီကို မီးအုံး၍ခပ်နွေးနွေးအုံပေးလျှင် ပျောက်ကင်းသည်။

၇။ ညအိပ်မပျော်လျှင် ကြက်သွန်နီဥကြီးကို ပြုတ်၍လည်းကောင်း၊ ရေနွေးငွေ့ဖြင့်ပေါင်း၍လည်းကောင်း စားလျှင်အိပ်ပျော်စေနိုင်သည်။

၈။ ငရုတ်ကောင်းနှင့်ရောစပ်၍ တစ်နေ့သုံးကြိမ်စားလျှင် ငှက်ဖျားတက်ရောဂါသက်သာပျောက်ကင်းစေနိုင်သည်။

၉။ ကြက်သွန်နီအစေ့ကို ထောင်းစားက အားတိုးဆေးဖြစ်စေ၏။

၁၀။ ကလေးဗိုက်နာလျှင် ကြက်သွန်နီအရည်တိုက်ပေးက သက်သာ၏။

၁၁။ မီးဖုတ်ထားသောကြက်သွန်နီကို ထက်ခြမ်းခွဲ၍ ဆီးခုံပေါ်တွင် ခပ်နွေးနွေးကပ်ပေးလျှင် ကလေးဆီးချုပ်ရောဂါပျောက်၏။

၁၂။ ကြက်သွန်နီအရည်ညှစ်ယူ၍ သကြားနှင့်ရှာလကာရည်လုပ်၍ သောက်သော် ဆီးပူရောဂါ၊ ဝမ်းပျက်ရောဂါပျောက်၏။

၁၃။ ကြက်သွန်နီတစ်ဥ လတ်လတ်ဆတ်ဆတ်ညှစ်၍ အရည်ကို သကြားတစ်ဇွန်းနှင့် နေ့စဉ်သောက်လျှင် လိပ်ခေါင်းသွေးကျရောဂါ ပျောက်ကင်း၏။

၁၄။ ညအခါ မျက်စိမမြင်ရသည့် 'ကြက်မျက်သင့်ရောဂါ' အတွက် ကြက်သွန်နီအရည်ညှစ်၍ ဆားအနည်းငယ်ရောစပ်၍ မျက်စဉ်းခပ်ပေးခြင်းဖြင့် ရောဂါပျောက်ကင်းစေနိုင်သည်။

၁၅။ ကြက်သွန်နီမီးဖုတ်၍ အရည်နွေးနွေး နားထဲထည့်ပေးသော် နားကိုက်ရောဂါပျောက်၏။

၁၆။ ကြက်သွန်နီအစိမ်းအရည်ညှစ်၍ တစ်နေ့ ၃ ကြိမ် နားအတွင်း ထည့်ပေးသော်နားပြည်ယို ရောဂါပျောက်၏။

၁၇။ သွားကိုက်လျှင် ကြက်သွန်နီတစ်စိတ်ကို ကိုက်သောသွားပေါ်တင်ပြီး ဖိထားပေးပါက သက်သာစေသည်။

၁၈။ ကြက်သွန်နီဥ၏ သတ္တုရည်ကို ပျားရည်၊ ချင်းစိမ်းရည်၊ ထောပတ်တို့ဖြင့်ရော၍ဆေးချက်စားလျှင် ဓမ္မတာထိန်သူ၊ ငုပ်သူများ ပြန်ပေါ်စေနိုင်သည်။

၁၉။ ကြက်သွန်နီကို ဒူလာပါဒရက်၊ မီးယပ်ပိန်မီးယပ်ခြောက်၊ အားယုတ်ရောဂါ၊ ရင်ဘတ်နာ၊ လေနာရောဂါများအတွက် ချက်သော ဆေးများတွင် ထည့်သွင်းဖော်စပ်လေ့ရှိသည်။ ။


## ဖြူးဆရာတော်တပည့် မြိုင်ဆရာတော်တရားပွဲ

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊(၁၅)ရပ်ကွက်၊ မြင်သာ ၁လမ်း၊မြိုင်မဟာစည်သာသနာ့ရိပ်သာ၊ ပဓာန နာယက၊ မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်း၊ ပြည်ပ နယ်လှည့် ဓမ္မကထိက) အရှင်သူမြတ်သည် အောက်တိုဘာလ ၃၁ရက်တွင် ပြင်ဦးလွင်မြို့ အနီးစခန်း ဓမ္မသဘင်၊ နိုဝင်ဘာလ ၂ရက်တွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှင်ရပ်ကွက်၊ ဆွမ်းအောင်ပွဲဓမ္မသဘင်နှင့် ၃ရက်တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ၂လမ်း၊ ဆွမ်းအောင်ပွဲ ဓမ္မသဘင်တို့၌ ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲ ပင့်လျှောက်သူများ ဖုန်း ၀၉-၅၀၄၇၇၆၁၊ ၀၉-၄၂၁၁၅၁၀၃၀ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။



မုန့်ဟင်းခါး / ခေါက်ဆွဲများ ကောင်းကောင်းထုတ်လိုပါသလား? Diamond Horse ကိုဆက်သွယ်လိုက်ပါ စက်များ Showroom သို့ရောက်ရှိနေပါပြီ။

အချိန်ကုန်သက်သာစေပြီး လူအင်အားနည်းနည်းဖြင့် မုန့်ဟင်းခါး၊ ညှပ်ခေါက်ဆွဲ၊ ဂျုံခေါက်ဆွဲ၊ ကြာဇံအမျိုးမျိုးအား ထုတ်လုပ်နိုင်သော နိုင်ငံတကာအဆင့်မီ Auto စက်များ မှာယူနိုင်ပါသည်။



Diamond Horse International Co., Ltd.

အမှတ်(၇၀၇/ခ)၊မင်္ဂလာလမ်း၊(၁၂)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း – ၀၉ ၂၆၅၃၈၈၇၅၇၊၀၉ ၇၉၁၈ ၂၈၁၃၉၊၀၉၄ ၂၁၇၅၅၄၄



### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်တင်မြ၏သမီးဖြစ်သူ မခင်မိုးလွင် (၁၂/တတန(နိုင်)၁၅၅၁၁၂) သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်တင်မြ



### ဆရာကြယ်ဇင်ကိုကို (M.A, Eng.,) (UK) ဦးစီးတည်ထောင်သော English Composition Class

တစ်ကြိမ်သာ သင်တန်းတက်ထားရုံနဲ့ အင်္ဂလိပ်စာ တစ်လောကလုံးမှာ ရှိတဲ့ ဝါကျတွေအားလုံးကို သင်ပြီး လိုက်သလို ဖြစ်သွားပြီး ငါအမှန်တကယ်စာတတ်သွားပြီလို့ မိမိကိုယ်ကို အသိအမှတ်ပြုလိုသူများအတွက် နှစ်ပေါင်း (၅၀)နီးပါး ပျောက်လုမတတ်ဖြစ်နေသော (Sentences Constructions) ဝါကျ ပေါင်းများစွာ ပေါင်းစပ်ဖွဲ့စည်းမှု (ဝါကျဖြစ်ပေါ်လာပုံ၊ တည်ဆောက်ပုံ၊ ပေါင်းစပ်ပုံ၊ ခွဲခြားပုံ၊ အကြောင်း အကျိုးဆက်စပ်စဉ်းစားပုံ၊ ကိုယ်ပိုင်စိတ်ကူး စိတ်သန်းနဲ့ ရေးသား တွေးခေါ်ပုံနှင့် Sentence (4)မျိုး၊ Clause (5)မျိုး၊ Speech (2)မျိုး၊ Voice (2)မျိုး၊ Usage (4)မျိုး၊ Phrase (12)မျိုးတို့ကို ပညာရှင်တစ်ယောက် ဖြစ်သည့် တိုင်အောင် အသေးစိတ်သင်ကြားပေးသည်။

"သင်တန်းချိန်"

တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ

Section (1)နံနက်(၉း၃၀)နာရီမှ (၁၁း၀၀)နာရီထိ (၂. ၁၁. ၂၀၁၅)စမည်။ (၄)လသင်တန်း။

Section (2)ညနေ (၆း၀၀)နာရီမှ (၇း၃၀)ထိ (၂. ၁၁. ၂၀၁၅)စမည်။ (၄)လသင်တန်း။

တနင်္ဂနွေ (ရုံးပိတ်ရက်တစ်ရက်တည်းသာ)

ညနေ(၃း၀၀)နာရီမှ (၆း၀၀)နာရီထိ (၁. ၁၁. ၂၀၁၅)စမည်။ (၆)လသင်တန်း။

"ကမ္ဘာမှာ မြန်မာဟော့လို့ ကြွေးကြော်ဖို့ English Composition သင်တန်းတက်ကြစို့"

(Senior ဆရာမများမှ အိမ်ပိုင်းများကိုပါ လက်ခံသင်ကြားပေးသည်)

နေရာ - ပြည်တော်ဦးကျောင်း၊ ကျိုက္ကဆံဘုရားအနောက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၁၁၄၈၀၁၊ facebook.com/kyelzincomposition



မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်



### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၈/၅၀)၊ ဧရိယာ(၁၂၅၀)စတုရန်းပေ၊ ဦးတွာတီး၊ ဒေါ်ငွေသိန်း၊ ပူးတွဲအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်၌ ဆောက်လုပ်ထားသော RCC(၅)ထပ်တိုက်၏ အမှတ်(၁၈၆)၊ ၄-လွှာ/အေ၊ မြတ်လေးနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဇေယျာအောင် (ရတနာအောင်ဆောက်လုပ်ရေး၊ ကန်ထရိုက်တာ)[၁၂/သဃက(နိုင်)၁၆၃၁၉၃]က တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သင်းသင်းစိုး(LL.B)၊ အထက်တန်းရှေ့နေ**

**အမှတ်(၆၉၃)၊ အောင်ဆုပန်လမ်း၊ (၈၇)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၃၀၇၈၀၁၂**

## ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာတွင် မြေငှားဂရန်ထုတ်ပေး

**ဖလမ်း အောက်တိုဘာ ၃၀**

နိုင်ငံတော်အစိုးရက ကျေးလက်နေပြည်သူနှင့် မြို့ပေါ်နေပြည်သူများ ဘဝအာမခံချက် တန်းတူရရှိစေရေးအတွက် ရွေ့ပြေးဆောင်ရွက်ရသည့် ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာ မြေငှားဂရန်ထုတ်ပေးခြင်းအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီက ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဖလမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးလဲင်ကိမ်ဇူလ်းတို့က မြေငှားဂရန် ထုတ်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းကြသည်။

ယင်းနောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းသိန်းနှင့် တာဝန်ရှိသူတို့က ၁၀ နှစ်သက်တမ်းရှိ ရမ်ထလိုကျေးရွာ လူနေအိမ်မြေကွက်ပေါင်း ၁၅၁ ကွက် မြေငှားဂရန်များကို ဒေသခံပြည်သူများထံသို့ ထုတ်ပေးကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ဆင်ပေါင်ဝဲမြို့တွင် မြစိမ်းရောင်ကျေးရွာများဖြစ်သည့် မကြီးပင်ပုကျေးရွာနှင့် ကျွန်းကျေးရွာများသို့ အောက်တိုဘာတတိယပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ရန်ပုံငွေကြီးကြပ်မှုကော်မတီအဖွဲ့နှင့် တွေ့ဆုံပြီး လစဉ်ဆောင်ရွက်ရမည့် စာရင်းဇယားများ မှန်ကန်မှုရှိရေး၊ ရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတိုးတက်မှုတို့ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။
သတင်းနှင့် ဓာတ်ပုံ - မြို့နယ်(ပြန်/ဆက်)

# ရန်ကုန်–မန္တလေး မီးရထားလမ်းများ အဆင့်မြှင့်တင်

**ဖြူး အောက်တိုဘာ ၃၀**

မြန်မာ့မီးရထား ရန်ကုန်-မန္တလေး လမ်းပိုင်း၏ အင်ဂျင်နီယာမှူး ဦးကျော်လင်း(မြို့ပြ)၊ တိုင်း (၆)၊ ရန်ကုန်၏ လမ်းညွှန်စီစဉ်မှုဖြင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်မိုး (မြို့ပြ) ဖြူးက အနီးကပ်ကြီးကြပ်၍ ကျွမ်းကျင်သံလမ်းလုပ်သားများက ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းနှင့် ဖြူးမြို့နယ် ကညွတ်ကွင်းကြားရှိ ရန်ကုန်-မန္တလေးမီးရထား အစုံအဆန်လမ်းမှ သံလမ်းအဆက်တိုများရှိသောနေရာများတွင် အရှည် ၃၉ ပေ ရှိ သံလမ်းများဖြင့် အစားထိုးလဲလှယ်လျက်ရှိသည်။

ယင်းသို့လဲလှယ်ရခြင်းမှာ ရန်ကုန်-မန္တလေးမီးရထား အစုံအဆန် လမ်းပိုင်းတွင် စီးနင်းသွားလာကြသော ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်း၍ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးနှင့် မီးရထားများ ခုန်ခြင်း၊ ဆောင့်ခြင်း၊ လူးခြင်းများ မဖြစ်ပေါ်စေရေးတို့အတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းသို့ လဲလှယ်လျက်ရှိရာတွင် ပဲနွယ်ကုန်းဘူတာနှင့် ကညွတ်ကွင်းဘူတာကြား မီးရထားအစုန်-အဆန်လမ်းတွင် ၃၉ ပေရှိ သံလမ်းပေါင်း ၁၆၇ ချောင်း လဲလှယ်ရမည်ဖြစ်ရာ အောက်တိုဘာ ၂၈ ရက်ထိ သံလမ်းပေါင်း ၁၀၇ ချောင်း လဲလှယ်တပ်ဆင်ပြီးစီးသွားပြီဖြစ်သည်။

ဆက်လက် ကျန်ရှိသော ၃၉ ပေရှိ သံလမ်းများအား ဖြူးမြို့နယ် ကညွတ်ကွင်း ဘူတာရပ်ဝန်းအရောက် ဆက်လက်လဲလှယ်တပ်ဆင်သွားမည်ဖြစ်ကြောင်းသိရသည်။



**ဖြူးမြင့်ဦး**

# ဇေယျမင်္ဂလာရွှေအင်းတောင် ရင်ပြင်တော်ပေါ်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**တောင်တွင်းကြီး အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ရှေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတောင်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင် မြို့နယ်လုံးကျွတ် သံဃာတော်ပဝါရဏာပွဲတော်နှင့် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်အပါး ၃၀၀ ကျော်တို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ် (၁၀) ရပ်ကွက်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ အလှူရှင်မိသားစုများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လောင်းလှူ ပူဇော်ခဲ့ကြသည်။

ဆက်လက်၍ သီတင်းကျွတ်လပြည့်နေ့ ညပိုင်းတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ အလှူရှင်မိသားစုများက ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတောင်မြတ်ကြီးအား ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀ နှင့် နံ့သာ ၉၀၀၀ တို့ကို ကပ်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။ **(၅၈၀)**

## မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း One Stop Shops(OSS) ရုံးဖွင့်လှစ်

**စဉ့်ကိုင်၊ အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း One Stop Shops (OSS) ရုံးဖွင့်ပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

ပြည်သူတို့၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် အဆင်ပြေချောမွေ့စွာဆောင်ရွက်ပေးရေး၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကင်းဝေး၍ ထိရောက်မြန်ဆန်သော ပြည်သူ့ဝန်ဆောင်မှုများပေးနိုင်ရန် တာဝန်ထမ်းဆောင်လျက်ရှိသောဌာနများ၊ ကဏ္ဍအလိုက်ပြည်သူများ၏ လိုအပ်ချက်များ အချိန်တိုအတွင်း ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပေးခဲ့သည်။ **တင်တင်ထွေး(စဉ့်ကိုင်)**


ကြေးပိဋကတ်တော် လှူဒါန်းနေပါသည်





## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ရင်းတိုက်ပင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်-၅၇၂ခ၊ ကွင်း/အကွက်အမည်-ကျွန်းတောတောင်၊ မြေအမျိုးအစား-ဥယျာဉ်မြေ၊ ဦးပိုင်လုပ်ကွက်အမှတ်-(၉၄/၁)၊ ဦးပိုင်လုပ်ကွက်အမှတ်-(၉၄/၂)နှင့် ဦးပိုင်လုပ်ကွက်အမှတ်-(၉၄/၅) စုစုပေါင်းအကျယ်အဝန်း ၆.၉၆ဧကရှိ လယ်ယာမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်အရပ်အားလုံးနှင့် ဦးပိုင်လုပ်ကွက်အမှတ်-(၃၁)၊ (၃၇)၊ (၃၈)၊ မြေအမျိုးအစား-လယ်၊ စုစုပေါင်းအကျယ်အဝန်း(၁.၅၅)ဧကရှိ လယ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်အရပ်အားလုံးတို့ကို တရားဝင်လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ရှိထားပြီး လက်ဝယ်ထားရှိပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကိုကိုထွေး[၁၂/လကန (နိုင်)၁၈၂၈၃၂]၊ ဦးလေးသီဟကို[၁၁/တကန(နိုင်)၀၅၉၄၄၅]နှင့် ဗိုလ်မှူးဖြိုးမောင်ကို[၁၁/တကန (နိုင်)၀၅၉၄၄၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလင်း(စဉ်-၂၇၇၄၄)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၄၀၁၅၈၀၄၀၃၊ ၀၉-၇၉၅၃၇၂၂၄၉**
**အမှတ်(၉၈)၊ ဗဟိုလမ်းနှင့် မာလာမြိုင် (၇)လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**








### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးကျော်နိုင်၊ ကျွန်မ ဒေါ်ခင်သီတာမျိုးတို့၏ သားဖြစ်သူ မောင်ဇန်မျိုးနိုင် (၁၂/ဒဂဆ(နိုင်)၀၀၈၆၀၂) သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၎င်းအား ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။
**ဦးကျော်နိုင်-ဒေါ်ခင်သီတာမျိုး**



လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

ပြည်တွင်းရေးရာ

# ကယားပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောက်လုပ်သည့် ပွန်ချောင်းတံတား(ရှားတော)ဖွင့်လှစ်



**လွိုင်ကော် အောက်တိုဘာ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ကယားပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောက်လုပ်သည့် ၉၃ စင်းမြောက် ပွန်ချောင်းတံတား(ရှားတော)ဖွင့်ပွဲအခမ်းအနားကိုအောက်တိုဘာ ၂၉ ရက်နံနက်၉ နာရီက လွိုင်ကော်မြို့မှ ၁၉ ဒသမ ၄ မိုင်အကွာ ရှားတောမြို့နယ် ပွန်ချောင်းကျေးရွာရှိ အဆိုပါတံတားသစ်မုခ်ဦးရှေ့တွင် ကျင်းပခဲ့သည်။

ဆက်လက်ပြီး ပွန်ချောင်းတံတား(ရှားတော) အားကယားပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးကိုရယ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေတို့က ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာအား ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးချစ်လှက ဖွင့်လှစ်ပေးသည်။

ပွန်ချောင်းတံတား(ရှားတော) သည် လွိုင်ကော်-ရှားတော-တာတမော့ ကားလမ်းပေါ်ရှိပွန်ချောင်းဖြတ် တံတားတစ်စင်းဖြစ်ကြောင်း၊ တံတားအရှည်ပေ ၂၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်သုံးပေစီ၊ ကိုယ်ထည် သံကူကွန်ကရစ်နှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြစ်သည်။

ရေလမ်းကင်းလွတ်အကျယ် ပေ ၉၀ နှင့် အမြင့်ခုနစ်ပေ၊ တံတားခံနိုင်ဝန် တစ်စီးချင်းတန် ၆၀ ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် စတင်တည်ဆောက်ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ပြီးစီးခဲ့သည်။

ကယားပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၆၂၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပွန်ချောင်းတံတား (ရှားတော) သည် ယခင်ဘေလီတံတား တစ်လမ်းသွားဖြစ်၍ ဝန်လေးယာဉ်များ ဖြတ်သန်းနိုင်ခြင်းမရှိဘဲ လူစီးယာဉ်များ၊ ဆိုင်ကယ်များနှင့် စက်ဘီးများ၊ လူများဖြတ်သန်းရာတွင်လည်း စောင့်ဆိုင်းဖြတ်သန်းနေရသဖြင့် အချိန်နှောင့်နှေးကြန့်ကြာခြင်းများ ကြုံတွေ့ခဲ့ရသည်။

ယခုအခါ ပွန်ချောင်းတံတား (ရှားတော)အား နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ယခင်ကဲ့သို့ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ စက်ဘီးများနှင့် လူများဖြတ်သန်းရာတွင် စောင့်ဆိုင်းဖြတ်သန်းစရာမလိုတော့သည့်အပြင် ဝန်လေးယာဉ်များပါ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

ယာဉ်များ အချိန်နှင့်တပြေးညီအချိန်နှောင့်နှေး ကြန့်ကြာခြင်းမရှိတော့ဘဲ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီးဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်လာကြောင်း သိရသည်။ **လွိုင်ကော်ခရိုင်(ပြန်/ဆက်)**

## မြေငှားဂရမ်များထုတ်ပေး

**မိုးညို အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဇီးပင်ကျေးရွာအုပ်စု တော်ပြန်ရွာအား ကျေးရွာမြေငှားဂရန်များကို အဆိုပါရွာရှိပညာဇောတိမင်္ဂဘုန်းကြီးကျောင်း၌ အောက်တိုဘာတတိယပတ်က ကျင်းပခဲ့သည်။

ယင်းနောက် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းစိန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းတို့က အိမ်ခြေ ၁၀၇ အိမ်အတွက် ကျေးရွာမြေငှားဂရန်များကို ဒေသနေပြည်သူများအား ပေးအပ်ခဲ့သည်။ ယင်းနောက် ဒေသခံဦးလှဝင်းက "ခေတ်အဆက်ဆက်တွင် ကျွန်တော်သိသရွေ့ ဒီလိုမြေငှားဂရန်ထုတ်ပေးတာကို မကြားဘူး မမြင်ဖူးပါဘူး။ အခုလို နိုင်ငံတော်က ကျေးရွာမြေငှားဂရန်များထုတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(ဝ၇၁)**

## ရေဘေးသင့်ပြည်သူ ၅၀၀ ကျော်အား ဆေးဝါးကုသ

**ရန်ကုန် အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဟသာ်တခရိုင် အင်္ဂပူမြို့နယ် နန်ကသူချောင်းနံဘေးရှိ ကံကွင်းကျေးရွာနှင့် မြန်အောင်မြို့နယ် ကညင်ချောင်းနံဘေးရှိ တပ်ကုန်းကျေးရွာတို့မှ ရေဘေးသင့်ဒေသခံပြည်သူ ၅၃၅ ဦးတို့အား Myanmar Egress နှင့် တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် သွားရောက်ဆေးဝါးကုသပေးခဲ့ကြသည်။

ဆရာဝန်သုံးဦးနှင့် သူနာပြုနှစ်ဦးအပါအဝင် စုစုပေါင်းအဖွဲ့ဝင် ၁၄ ဦးပါဝင်သည့် အဆိုပါရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေးအဖွဲ့သည် အောက်တိုဘာ ၂၄ ရက်တွင် ကံကွင်းကျေးရွာရှိ ဒေသခံပြည်သူ ၃၁၂ ဦးနှင့် အောက်တိုဘာ ၂၅ ရက်တွင် တပ်ကုန်းကျေးရွာရှိ ဒေသခံပြည်သူ ၂၂၃ ဦးတို့အား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြသည်။

ယင်းနောက် အခမဲ့ဆေးဝါးကုသမှုအပြင် ရေသန့်ဆေးပြား၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ အဟာရမှုန့်နှင့် အဝတ်အထည်များကို ပေးဝေခဲ့ကြသည်။

"အဲဒီဒေသတွေမှာ ရေဘေးဒဏ်ကို အခြားဒေသတွေလောက် ဆိုးဆိုးရွားရွား မခံစားခဲ့ရပေမယ့် မြို့နဲ့အလှမ်းဝေးပြီး ကျန်းမာရေးဗဟုသုတနည်းပါးကြလို့ သွားရောက်ကုသပေးကြတာပါ။ သောက်သုံးရေ မသန့်လို့နဲ့တူတယ်။ လူနာတချို့မှာ ဆီးနဲ့ကျောက်ကပ်နဲ့ဆိုင်တဲ့ ရောဂါလက္ခဏာတွေ တွေ့နေရတယ်။ လူနာအများစုကတော့ သွေးတိုးရောဂါဖြစ်နေကြတယ်။ ဆေးရုံတက်ရောက်ကုသဖို့ လိုအပ်နေတဲ့ လူနာတွေကို ခရီးစရိတ်ထောက်ပံ့ပေးခဲ့ပါတယ်။ ဒီလိုနှစ်ဖွဲ့ပေါင်းပြီး သွားရောက်ကူညီတာ ဒါပထမဆုံးအကြိမ်ပါပဲ" ဟု တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း ဆေးကုသရေးအဖွဲ့တာဝန်ခံ ဦးကျော်နိုင်က ပြောသည်။



ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်းပြီး ယင်းဒေသများသို့ သွားရောက်ကူညီကြမည့် NGO ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် Myanmar Egress သင်တန်းကျောင်းက Post Disaster Assistant Training ရက်တိုသင်တန်း ခုနစ်ကြိမ်ဖွင့်လှစ်ပေးခဲ့ပြီး ရေဘေးသင့်ဒေသများသို့ ကွင်းဆင်းသွားရောက်၍ သုတေသနစစ်တမ်းကောက်ယူခဲ့သည်။

အလားတူ တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းသည်လည်း ဩဂုတ်လဆန်းမှစတင်ကာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၊ ရခိုင်ပြည်နယ် မြောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ညောင်းတုန်းမြို့နယ်တို့ရှိ ရေဘေးနှင့်ပြည်သူများထံ ဆန်နှင့်ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့လှူဒါန်းခဲ့ပြီး ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ညောင်းတုန်းမြို့နယ်နှင့် အင်္ဂပူမြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများကို အခမဲ့ဆေးဝါးကုသပေးခဲ့ပြီးဖြစ်သည်။ **ကံကော်**


LCCI - EDI (UK) မှ အသိအမှတ်ပြုထားသော ဝိုင်းမြင်သင်တန်းကျောင်း
စိမ်းပြာလန်းဆွေး
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
LCCI Level 1-2-3
စာရင်းကိုင်သင်တန်း
2016-April Series အတွက် (November) တန်းခွဲသစ်များ စမည်။
(60,000/-)Ks (၃)ကြိမ်ခွဲသွင်းနိုင်သည်။ (31.10.2015) အတွင်းအပ်နှံသူများ 10% Discount ရမည်။
09-5118647-73009869-73013432-73028433



**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

အဖ ဦးတင်ဖေ [၁၂/ဗဟန(နိုင်)၀၄၅၆၇၈]၏ သားဖြစ်သူ မောင်နေလင်းစိုး [၁၂/ဗဟန(နိုင်)၀၁၆၅၇၄]သည် ဖခင်အား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမူပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူမည်မဟုတ်ကြောင်း။

**ဦးတင်ဖေ**
**[၁၂/ဗဟန(နိုင်)၀၄၅၆၇၈]**



**၃-၁၀-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၄-၁၀-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာတို့မှ ဒေါ်သန္တာမြင့် [၇/ပခန(နိုင်)၁၈၉၁၂၁]၏ တရားဝင်ဇနီးဖြစ်ကြောင်းကြေညာချက်ကို ပြန်လည်ရှင်းလင်းကြေညာခြင်း**

အထက်ခေါင်းစဉ်ပါ ကြေညာသူ ဒေါ်သန္တာမြင့်သည် ပဲခူးမြို့၊ ဇိုင်းဂနိုင်းမြောက်ရပ်ကွက်၊ ထန်းတောကြီးလမ်း၊ အမှတ်-၃၈၈ တွင် နေထိုင်ပြီး အောင်ပြည့်စုံဆန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်စဉ် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နေ ဦးမင်းမင်းထွန်း[၇/နတလ(နိုင်)၀၃၆၃၉၉]နှင့် ၂၀၀၀ ပြည့်နှစ်တွင် လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းပြီးနောက် အထက်ခေါင်းစဉ်ပါ သတင်းစာများဖြင့် ကြေညာသူ ဒေါ်သန္တာမြင့်နှင့် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားတိုက်ဆိုင်မှုမရှိခြင်း၊ လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိခြင်းတို့ကြောင့် ၆-၉-၂၀၀၆ရက်မှစပြီး ကျွန်ုပ်၏အမှုသည် ဦးမင်းမင်းထွန်းက မိမိမူလနေထိုင်ရာ နတ်တလင်းမြို့၌ အပြီးပိုင်ခွဲခွာနေထိုင်ခြင်းဖြစ်ကြောင်း၊ ထိုကာလအတွင်း တစ်ဦးနှင့်တစ်ဦး လင်မယားအဖြစ်ဆက်ဆံမှုမရှိသည့်အပြင် အပြန်အလှန်စွန့်ပစ်နေထိုင်ကြခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ဦးမင်းမင်းထွန်းနှင့် ဒေါ်သန္တာမြင့်တို့သည် လင်မယားအဖြစ်မှ ပြတ်စဲနေကြသူများဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးမင်းမင်းထွန်း၏ ညွှန်ကြားချက်ဖြင့်-**

**ဒေါ်ခင်နှင်းခိုင် LL.B** — **အထက်တန်းရှေ့နေ (စဉ်-၄၀၇၆၀)**
**ဒေါ်မြင့်မြင့်အေး LL.B** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၄၄၄၁)**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**



**" ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် "**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဘိုကလေးဈေးလမ်း၊ အမှတ်-(၁၁၆/၁၁၈)၊ ၄-လွှာတွင် ရုံးခန်းဖွင့်လှစ်၍လုပ်ငန်း ဆောင်ရွက်လျက်ရှိသော **KYAW KYAW HTUN CO., LTD.** သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏မူပိုင်အမှတ်တံဆိပ်များအဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။



( IV-၇၂၂၇/၂၀၁၀ )



( IV-၇၂၂၈/၂၀၁၀ )



( IV-၇၂၂၉/၂၀၁၀ )



( IV-၇၂၃၀/၂၀၁၀ )



( IV-၇၂၃၁/၂၀၁၀ )

အထက်တွင်ကပ်နိုပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို အသုံးပြု၍ **KYAW KYAW HTUN CO., LTD.**သည် " **နနွင်း၊ နနွင်းမှုန့်၊ ပဲ၊ ပဲမှုန့်အမျိုးမျိုး** " တို့ကို ထုတ်လုပ်ပြီး၊ မြန်မာနိုင်ငံတစ်ဝန်းလုံးနှင့်ပြည်ပသို့ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ** **ဦးအိနုစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)**
**YE NOOS & ASSOCIATES (Law Firm)**
အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၃၉၇၂၃၄ ၊ ၃၉၇၂၃၅ ၊၂၉၆၁၃၂

# ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာနှစ် ကျေးရွာချင်းဆက်ဆင်သေချောင်း ကူးတံတား တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းကျော် ပြီးစီး

**နေပြည်တော် အောက်တိုဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာနှင့် ဇေယျာသီရိမြို့နယ် ဝင်ပြန်ကျေးရွာတို့အား ဆက်သွယ်ပေးသည့် ကျေးရွာချင်းဆက် ဆင်သေချောင်းကူး တံတားအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တံတားအထူး(၆) မှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးလျက်ရှိပြီဖြစ်သည်။

အဆိုပါ တံတားသည် အရှည်ပေ ၃၅၀၊ အကျယ် ၁၄ ပေရှိကာ ယခင်က သစ်သားတံတားဖြစ်သဖြင့် ကားကြီးများ ဝင်ထွက်သွားလာရန် အခက်အခဲဖြစ်သဖြင့် ယခုကဲ့သို့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးထားခြင်းဖြစ်ပြီး တံတားတည်ဆောက်ပြီးစီးပါက ကျေးလက်နေပြည်သူများ ယခုထက်ပို၍ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်တော့မည်ဖြစ်သည်။

**ရွှေရဲရင့်**



# စံကွက်ရိုက်သိမ်းပွဲနှင့် စပါးမျိုးသစ်မိတ်ဆက်ခြင်း ကွင်းပြပွဲ ကျင်းပ

**မိုင်းဆတ် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ မိုးစပါးပုလဲသွယ် စံကွက်ရိုက်သိမ်းပွဲနှင့် မျိုးစေ့လုပ်ငန်းမှ အရည်အသွေးကောင်း စပါးမျိုးလေးမျိုး ကွင်းပြပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီက လေယာဉ်ကွင်းအနီး ကွင်းအမှတ် (၈၈/၂) တွင်ရှိသော ခရိုင်မိုးစပါးစံပြစိုက်ခင်း ဧက ၅၀ ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းထိန်က ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးထားရှိမှုနှင့် စံကွက်ရိုက်သိမ်းမှုအကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်လင်းနှင့် ခရိုင်မျိုးစေ့တာဝန်ခံ ဦးမျိုးအောင်တို့က အရည်အသွေးကောင်း စပါးမျိုးလေးမျိုးအား စိုက်ပျိုးရိတ်သိမ်းမှု၊ အထွက်နှုန်းနှင့် စားသုံးမှုအရည်အသွေးများအား လက်တွေ့ရှင်းလင်းပြသရာ တက်ရောက်လာသူတို့က စိတ်ဝင်တစား လေ့လာကြည့်ရှုသည်။ ဆက်လက်၍ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်အေးအေးသင်းက ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်း၊ စပါးသီးနှံတွင် ကျရောက်ဖျက်ဆီးတတ်သည့် ပိုးမွှားနှင့် ရောဂါကာကွယ်နှိမ်နှင်းနည်းတို့ကို ပညာပေးဟောပြောသည်။

ယင်းနောက် မိုးစပါးပုလဲသွယ် စပ်မျိုးစံကွက်ရိုက်သိမ်းပွဲအား ဆက်လက်ကျင်းပရာ စပါးအစိုတင်းတစ်ဧကလျှင် ၁၆၆ တင်းနှုန်းထွက်ရှိပြီး အခမ်းအနားတက်ရောက်လာသော မယ်ဆတ်ကျေးရွာအုပ်စုမှ တောင်သူတစ်ဦးဖြစ်သည့် ဦးဟာဂျီးရှီက ယခုလို စပါးအထွက်တင်းနှင့် အရည်အသွေးကောင်းစပါးမျိုးများ ကွင်းပြပွဲသို့ လာရောက်ကြည့်ရှုရသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ စပါးအထွက်ကောင်းမှ တောင်သူများဘဝ တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

**ယဉ်ဝင်း(ပြန်/ဆက်)**

# မြစ်သားမြို့နယ် ချည်မျှင်ရှည်ဝါ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ

**မြစ်သား အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် ဝါသီးနှံအထွက်တိုးစိုက်ပျိုးနည်းစနစ်(GAP) တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို နွားကူကြီးကျေးရွာအုပ်စု ကွင်းအမှတ် (၆၅၃) ရှိ တောင်သူဦးသိန်းထွန်း၏ ရွှေတောင်(၈)နှင့် ငွေချည်(၉)ချည်မျှင်ရှည်ဝါ ငါးဧကစိုက်ခင်းတွင် အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

တောင်သူပညာပေးကွင်းသရုပ်ပြပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) ဒုညွှန်ကြားရေးမှူး ဦးထွန်းဝင်းက မျိုးကောင်းမျိုးသန့် ဝါမျိုးများဖြစ်သော ရွှေတောင်(၈)နှင့် ငွေချည်(၉)ဝါမျိုးများ စိုက်ပျိုးခြင်းအားဖြင့် အထွက်နှုန်းပိုမိုရရှိစေကာ ဝင်ငွေပိုမိုရရှိ၍ တောင်သူလယ်သမားဘဝတိုးတက်မြင့်မားလာစေ ခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းခြင်း၊ ပိုးသတ်ဆေးသုံးစွဲခြင်းနှင့် ပတ်သက်သော သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ကျောက်ဆည်ခရိုင်ဦးစီးမှူး ဦးကျော်သူရိန်မှ ရွှေတောင်(၈)နှင့် ငွေချည်(၉)ဝါမျိုးများ၏ ထူးခြားကောင်းမွန်သည့် အရည်အသွေး လက္ခဏာများအားလည်းကောင်း၊ မြစ်သားမြို့နယ် မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာလင်းက သမားရိုးကျ စိုက်ပျိုးနည်းစနစ်အစား သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (GAP) နည်းဖြင့် လိုက်နာ ဆောင်ရွက်ထားရှိခြင်း၊ (GAP) စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော စိုက်ခင်းများအား တောင်သူများ လေ့လာစေခြင်း၊ အထွက်နှုန်း ပိုမိုကောင်းမွန်ပြီး ထွက်ရှိလာသည့် မျိုးကောင်းမျိုးသန့်ဝါများအား တောင်သူအချင်းချင်း ဖလှယ်စိုက်ပျိုးရာတွင် အသုံးပြုနိုင်ခြင်းစသည်များနှင့် ဝါသီးနှံစိုက်ပျိုးရေးဆိုင်ရာကိစ္စများ ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသော တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

မြစ်သားမြို့နယ်အတွင်းတွင် ၂၀၁၅-၂၀၁၆၊ မိုးနှောင်း စိုက်ပျိုးရာသီတွင် ဧက ၅၅၀၀ စိုက်ပျိုးရန် လျာထားခဲ့ပြီး ၆၁၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၁၁၂ ဒသမ ၆ ရာခိုင်နှုန်းအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# မိုင်းဖြတ်မြို့ရှိ ကျေးရွာ ခြောက်ရွာ ဆိုလာမီးတပ်ဆင်ပေး

**မိုင်းဖြတ် အောက်တိုဘာ ၃၀**

ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ အင်လျားရိပ်သာလမ်းသွယ်၊ အမှတ်(၉/က)နေ (ဦးခုံလင်း-ဒေါ်တင်ငွေ)တို့၏သမီးကြီး၊ ဦးကိုကိုလတ်၏ဇနီး၊ ဆန်ဖရန်စ္စကို U.S.A နေကိုမျိုးမင်းထွန်း-မစန်းသီတာမြင့်(မပူစူး)တို့၏မွေးမိခင်၊ မောင်အာကာမင်းထွန်း၏အဘွား၊ ဦးအုန်းမြင့်-ဒေါ်ညွန့်ညွန့်ဝင်းတို့၏ ညီမ၊ (ဒေါက်တာအုန်းကြိုင်)-ဒေါက်တာဒေါ်မြရီနှင်း (LA)၊ ဒေါ်သိန်းသိန်း၊ ဦးစိုးလွင်-ဒေါ်ရီရီဌေး၊ ဒေါ်သင်းသင်းနွယ်(မင်္ဂလာဈေး)၊ ဦးမျိုးလွင်-ဒေါ်ဝင်းရီတို့၏ အစ်မသည် ၃၀-၁၀-၂၀၁၅ရက် နံနက် ၈ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၅ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက်၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သက်သက်မော်(ခ)အိသက်(တွံတေး)
## အသက်(၅၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ မင်းပိုင်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(မ/၃၄၃)နေ (ဦးအုန်းရင်)-ဒေါ်တင်ကြည်တို့၏သမီး၊ ပြည်မြို့၊ ပေါင်းတည်မြို့နေ (ဦးကျော်လေး-ဒေါ်ရီ)တို့၏သမီးချွေးမ၊ (ဦးအုန်းကြိုင်)-ဒေါ်ခင်သန်းဝင်း၊ (ဦးစိန်ကြီး)-ဒေါ်ခင်စန်းမြင့်၊ ဒေါ်ခင်ဝင်းမြင့်၊ ဦးစောမြင့်-ဒေါ်အေးအေးဝင်း၊ (ဦးခင်မောင်အေး)၊ ဦးလှမိုး-ဒေါ်သင်းသင်းတို့၏ညီမ၊ ဒေါ်ခင်ထွေးမော်၊ ဦးစည်သူအောင်၊ ဒေါ်ခင်ဝါဝါဦးတို့၏ အစ်မ၊ ဦးထွေးအောင်(စုံစမ်းရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့)၏ဇနီး၊ မအိကိုခန့်(အထက ၁၊တွံတေး)၊ မောင်အောင်ကိုခန့်(အထက-၁၊ တွံတေး)တို့၏မိခင် တူ/တူမ ၁၂ ယောက်တို့၏အဒေါ်/ကြီးကြီး ဒေါ်ခင်သက်သက်မော်(ခ)အိသက်သည် ၂၉-၁၀-၂၀၁၅(ကြာသပတေးနေ့) ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၅(စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် တွံတေးမြို့ အိုးဘိုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

Hot Line No-0930500100

# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

သတင်း စာမျက်နှာ - ၈

## ယနေ့ မာတိကာ

### ၂၀၂၀ ပြည့်နှစ်မတိုင်မီ အရပ်ဘက်ဂြိုဟ်တုစနစ်များ တည်ဆောက်ရန် တရုတ်နိုင်ငံ စီမံကိန်းချမှတ်

စာမျက်နှာ - ၄

### ရှမ်းပြည်နယ်အတွင်း ရွေးကောက်ပွဲများကျင်းပခြင်း မပြုနိုင်သည့် မြို့နယ်များ ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၅

### မြောက်ဥက္ကလာအဆင့်မြင့် ဝေဘာဂီလမ်းမပေါ် ယာဉ်ဖြတ်သန်းမောင်းနှင်ခွင့်ပြု

စာမျက်နှာ - ၈

### အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ်(၅)နှစ်တာကာလ “ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ”အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိပါသည်။




# ကျန်းမာရေးကောင်းမွန်စေသော လားရှိုးမြို့မှ သဘာဝရေပူစမ်း

ဇာဏီအောင်(လားရှိုး)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အရှေ့မြောက်အကြား ပြည်ထောင်စုလမ်းမကြီးမှ သိန်းနီမြို့သွားသောလမ်း အေတီတံတားမရောက်ခင် လားရှိုးမြို့ အဝေးပြေးယာဉ် ကုန်တင်ကုန်ချ ယာဉ်ရပ်နားကွင်းဘေးလမ်းမှ ခြောက်ဖာလုံခန့် ကတ္တရာလမ်းအတိုင်းသွားလျှင် ၁၇ ဒသမ ၇၈ ဧကရှိ သဘာဝရေထွက် ရေပူစမ်းကိုရောက်ပါသည်။

ထိုရေပူစမ်းသည် ၁၉၆၃ ခုနှစ်တွင် ရှမ်းအဘိုးအိုတစ်ဦးက မထင်မှတ်ဘဲတွေ့ရှိပြီး ပုဂ္ဂလိက၊ စည်ပင်၊ ရဲဘော်ဟောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် မူလအခန်းငယ်လေးများနှင့် စတင်ထိန်းသိမ်းခဲ့ရာမှ ၁၉၉၀-၁၉၉၁ ခုနှစ်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အစီအစဉ်အရ နဒီဧရာဆောက်လုပ်ရေးအင်ဂျင်နီယာများ၏ လေ့လာမှုများဖြင့် ထပ်မံတိုးချဲ့ခဲ့ပါသည်။

နဒီဧရာဆောက်လုပ်ရေးအဖွဲ့၏ လုပ်ဆောင်မှုများဖြင့် (၁)အမျိုးသားရေချိုးဆောင်၊ (၂)အမျိုးသမီးရေချိုးဆောင်၊ (၃)မိသားစုရေချိုးဆောင်၊ (၄)ရေပူသိုလှောင်ရေစင်၊ (၅) အထူးသီးသန့်ဧည့်ဆောင်၊ (၆) ရေအေးလှောင်ကန်၊ (၇)အဝီစိစက်ရေတွင်းနှင့် (၈)အလှရေပန်းများ တည်ဆောက်ပေးခဲ့ပါသည်။

အမှတ်(၉၅၉)တပ်မတော်အင်ဂျင်နီယာတပ်ကလည်း အပန်းဖြေနားနေရန်နှင့် သီချင်းဆိုရန် ဧည့်ဆောင်တည်ဆောက်ပေးခဲ့ပါသည်။ ယင်းရေပူစမ်းကို ၂၀၁၃ ခုနှစ်မှစတင်၍ ယနေ့တိုင် ပုဂ္ဂလိကလုပ်ငန်းရှင် ဦးအောင်ကျော်ဌေးက တာဝန်ယူဆောင်ရွက်ဖွင့်လှစ်ထားကြောင်း သိရသည်။

သဘာဝရေထွက်သည့်နေရာမှ ကွန်ကရစ်ရေကန်များပြုလုပ်၍ ရေထွက်ကန်၊ ရေစစ်ကန်များထားရှိပြီး ရေချိုးရန် ရေပူ/ရေအေး ရေချိုးခန်းရိုးရိုး ၁၆ ခန်း၊ အထူးခန်း ရှစ်ခန်း၊ VIP အခန်း လေးခန်း၊ ဧည့်ရိပ်သာ တစ်ခု(၂၀ ဦးဆံ့)နှင့် စားသောက်ဆိုင်ခန်းများ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱




ချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်း။

# MNL ချန်ပီယံ ရန်ကုန်အသင်း နောက်ဆုံးပွဲ၌ ဂိုးပြတ်နိုင်ပွဲရယူ

ရန်ကုန် အောက်တိုဘာ ၃၀

သတင်းနှင့် ဓာတ်ပုံ » ရှိုင်းထက်ဇော်

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၂) ပထမနေ့ပွဲစဉ်ကို ယနေ့ ညနေပိုင်းက ကျင်းပရာ ရန်ကုန်အသင်းက ချင်းယူနိုက်တက်အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက် - ခြောက်ဂိုး။
ချင်းယူနိုက်တက် - နှစ်ဂိုး။

ယခုရာသီ၌ MNL အမှတ်ပေးချန်ပီယံဆုကို လေးကြိမ်မြောက်ရယူပြီး အအောင်မြင်ဆုံး အသင်းဖြစ်လာသည့် ရန်ကုန်အသင်းမှာ ရာသီပိတ်နောက်ဆုံးပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူခဲ့သည်။ နှစ်သင်းစလုံးတွင် ယခုပွဲရလဒ်မှာ အရေးမပါတော့သော်လည်း အပြန်အလှန်သွင်းဂိုးများဖြင့် ဂိုးအပြိုင်အဆိုင်သွင်းခဲ့ရာ နှစ်သင်းပေါင်းသွင်းဂိုး ရှစ်ဂိုးရှိခဲ့သည့် ရန်ကုန်အသင်းမှာ တိုက်စစ်မှူး ဆီဇာနှင့် သန်းပိုင်တို့၏ သွင်းဂိုးများဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းမှာ ချန်ပီယံဖြစ်ပြီးသော်လည်း အမာခံကစားသမားအစုံအလင်ပွဲထွက်ခဲ့သလို ချင်းအသင်း

စာမျက်နှာ ၈ ကော်လံ ၄ သို့ ✱




themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror

ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ

# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ

အထူးကဏ္ဍအချပ်ပို

အောက်တိုဘာ ၃၁ ရက်၊ ၂၀၁၅ ခုနှစ် (စနေနေ့)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

## ခေတ်မီတိုးတက်သော နိုင်ငံတကာအဆင့်မီ သုတေသနဌာနကြီးများ ဖြစ်ပေါ်လာရေးဆောင်ရွက်



မောင်းသူမဲ့လေယာဉ်ဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

**ဆင်းရွှေဆည်**

စပါးသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၅-၂-၂၀၁၅ ရက်တွင် ဆင်းသွယ်လတ်စပါးအား သက်တမ်းရက် ၂၀ တိုစေသည့် **"ဆင်းရွှေဆည်"**အထွန်းစပါးမျိုးသစ်ကို မျိုးစေ့ကျွမ်းကျင်ကော်မတီ(TSC)နှင့် အမျိုးသားအဆင့်မျိုးစေ့ကော်မတီ(NSC)တို့က အပြီးသတ်မှတ်ပုံတင်ပြီးစီး၍ ၃၀-၆-၂၀၁၅ ရက်တွင် မျိုးစေ့ဖြန့်ဖြူးခွင့်၊ ရောင်းချခွင့်မှတ်ပုံတင်လက်မှတ်ရရှိခဲ့ပြီးဖြစ်သည်။

မကြာသောကာလတွင် တောင်သူများ လက်ဝယ်အရောက် မျိုးဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

စပါးမျိုးသစ်သုတေသနလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိရာ စပါးမျိုးသစ်နှစ်မျိုးအား မှတ်ပုံတင်နိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

**မောင်းသူမဲ့လေယာဉ် (UAV)**

ပြေးလမ်းသုံးမောင်းသူမဲ့လေယာဉ် ခြောက်စင်း (MAEU 01, 02, 03, 04, 05, AeroMax 1)၊ လက်ဖြင့်ပစ်လွှတ်နိုင်သည့် (Hand Lunched UAV) မောင်းသူမဲ့လေယာဉ်နှစ်စင်း၊ ပန်ကာလေးလုံးတပ်(Quad Copter) လေယာဉ်နှစ်စင်းနှင့် ရှစ်လုံးတပ် (Octo Copter) လေယာဉ်နှစ်စင်းတို့ကို ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲ တည်ဆောက်ပျံသန်းခြင်းနှင့် အလိုအလျောက်ထိန်းချုပ်မှုစနစ်များ သုတေသနပြုလုပ်၍တပ်ဆင်ခြင်းများကို စီမံချက် (၁)အနေဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။

**စာမျက်နှာ ၂ သို့ »»**

### ပြည်သူလူထုအသံကို နားထောင်

ပြောင်းလဲတိုးတက်မှုတွေကို အားရကျေနပ်နေလို့မရဘဲ တိုးတက်သည်ထက်တိုးတက်အောင်၊ အောင်မြင်သည်ထက် အောင်မြင်အောင် အားသွန်ခွန်စိုက်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားဖို့နဲ့ အားနည်းချက်တွေကို ဖော်ထုတ်ပြီး ပြင်ဆင်ဆောင်ရွက်သွားဖို့ လိုပါတယ်။ လက်တွေ့ဖြစ်ပျက်နေမှုတွေအပေါ် ကိုယ်တိုင်သိအောင်လုပ်ဖို့၊ ပြည်သူလူထုအသံကို နားထောင်ဖို့နဲ့ ဝေဖန်မှုတွေအပေါ် လက်ခံသုံးသပ်ဖို့ဖြစ်ပြီး ဒါမှသာ အမှားအမှန်ကို ခွဲခြားသိရှိဆောင်ရွက်နိုင်မှာဖြစ်တယ်။

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

## စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်စေရေး ဖြည့်ဆည်းဆောင်ရွက်ပေး

**မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်**

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (First Myanmar Development Cooperation Forum- 1st MDCF)ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် နေပြည်တော်၌ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော်သဘောတူညီချက် (Nay Pyi Taw Accord) ကို ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဒုတိယအကြိမ် မြန်မာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် တတိယအကြိမ် မြန်မာဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တို့ကို ဦးဆောင်ကျင်းပကာ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရေရှည်မြင့်တင်နိုင်ရေးနှင့် ဦးစားပေးလုပ်ငန်းစဉ်များ ညှိနှိုင်းရေးအတွက် မြန်မာနိုင်ငံအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ယုံကြည်မှု၊ နားလည်မှုတို့ကို မြှင့်တင်နိုင်ခဲ့သည်။

**စာမျက်နှာ ၃ သို့ »»**




ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလက ကျင်းပခဲ့စဉ်။

»»» အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

အလိုအလျောက် ထိန်းချုပ်မှုစနစ်ဖြင့် အကွာအဝေး မိုင် ၂၀ အား ကောင်းကင်ဓာတ်ပုံရိုက်ပျံသန်းခြင်းများနှင့် မြေပြင်ထိန်းချုပ်မှုစခန်းမှ စောင့်ကြည့်ခြင်းများကို စီမံချက်(၂)အနေဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တည်ဆောက်မည့် (500)KV မဟာဓာတ်အားလိုင်းလမ်းအူကြောင်းရှာ (Survey) တိုင်းတာခြင်းလုပ်ငန်းအား တောင်ငူမှ ဘုရားကြီး (ကမာနတ်)အထိ မိုင် ၁၂၀ တွင် မောင်းသူမဲ့လေယာဉ်လုပ်ငန်းမှ စီမံချက်(၃)အနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ရေဘေးသင့်ဒေသ ကလေးမြို့တွင် မောင်းသူမဲ့လေယာဉ်ဖြင့် ကောင်းကင်ဓာတ်ပုံရိုက် မြေပုံထုတ်တိုင်းတာခြင်းလုပ်ငန်းကို သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးချဆောင်ရွက်နိုင်ရန်နှင့် ရေးကြီးမှုကြောင့် ဖြစ်ပေါ်သော မြစ်ကြောင်းပြောင်းလဲမှုများ တိုင်းတာခြင်းလုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရန် စီမံချက်(၄)အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

ASEAN Public Awareness ရုပ်/သံ မှတ်တမ်းတွင် ထည့်သွင်းနိုင်ရန် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်း ဆောင်ရွက်ချက်များ၏ ရိုက်ကူးရေးလုပ်ငန်းများ အနက် ကောင်းကင်ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းကို စီမံချက်(၅)အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ မောင်းသူမဲ့လေယာဉ်သုံးစွဲ၍ ကောင်းကင်ဓာတ်ပုံရိုက်ယူပြီး သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး၊ နေရောင်ခြည်စွမ်းအင်သုံး မောင်းသူမဲ့လေယာဉ်နှင့် ဒေါင်လိုက်တက်ဆင်းနိုင်သည့် မောင်းသူမဲ့လေယာဉ်များအား ယခုနှစ်အတွင်း ပျံသန်းစမ်းသပ်နိုင်ရေး ဆောင်ရွက်မည်ဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းသုံး ပရိုတင်းအခြေခံ အမြှုပ်ထဓာတုဓာတ်ဆေးပစ္စည်းနမူနာကို လုပ်ငန်းရှင်များက သဘောကျလက်ခံသောကြောင့် ရှေ့ပြေးစမ်းသပ်မှုများ ဆောင်ရွက်ပြီး အမြှုပ်ထဆေးရည် (Protein Based Foaming Agent) ထုတ်လုပ်ခြင်းနည်းပညာကို ထွန်းရေးပေါ်အုတ်ကွန်ကရစ်လုပ်ငန်းရှင်နှင့် Myanmar Industrial Valley Co., Ltd. များသို့ စီးပွားဖြစ်ထုတ်လုပ်နိုင်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်ကို နည်းပညာသင်ကြားလွှဲပြောင်းပေးနိုင်ခဲ့သည်။

မော်တော်ယာဉ်နည်းပညာ သုတေသနဌာနမှ သုတေသနလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ Manual Lathe Machine များအား PC Based CNC Lathe Machine များအဖြစ် ပြုပြင်ပြောင်းလဲ၍ မူလ CNC Function အတိုင်း အသုံးပြုနိုင်သည့် CNC Machine များအား ဆောင်ရွက်ပြီး နည်းပညာတက္ကသိုလ်များသို့ သင်ထောက်ကူပစ္စည်းများအဖြစ် ပေးပို့နိုင်ခဲ့သည်။

Automobile Lighting System Trainer Board များ၊ Petro Engine Trainer, Diesel Engine Trainer, Car Air Conditioning System Trainer, Power Window System Trainer အစရှိသည့် Trainer Board များကို သင်ထောက်ကူပစ္စည်းများအဖြစ် အသုံးပြုနိုင်ရေး ဆောင်ရွက်နိုင်ခဲ့သည်။

**ဆက်လက်ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများ**

(၁) မော်တော်ယာဉ်အင်ဂျင်ပိုင်းဆိုင်ရာ နည်းပညာသုတေသနလုပ်ငန်း။
(၂) မော်တော်ယာဉ်ရွေ့လျားမှုဆိုင်ရာ နည်းပညာသုတေသနလုပ်ငန်း။
(၃) ထိန်းချုပ်မှုအင်ဂျင်နီယာနည်းပညာ သုတေသနလုပ်ငန်း။
(၄) မော်တော်ယာဉ်ဒီဇိုင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုသုတေသနလုပ်ငန်း။
(၅) ထုတ်လုပ်မှုအင်ဂျင်နီယာနည်းပညာ သုတေသနလုပ်ငန်း။
(၆) အဆင့်မြှင့်ပုံစံတူ တည်ဆောက်ခြင်းဆိုင်ရာ အင်ဂျင်နီယာ သုတေသနလုပ်ငန်း။

Design and Construction of Wind Pumping System တည်ဆောက်ခြင်း၊ 1 KW Cross-Flow Turbine တည်ဆောက်ခြင်း၊ Pressure ဒဏ်ခံနိုင်သော အရည်အသွေးမြင့် ပလတ်စတစ် High Density Polyethylene (HDPE) Sheet သုံး Biogas Plant Diges-ter များ ပြုလုပ်ခြင်း၊ Tar Cracking Catalyst စမ်းသပ်ထုတ်လုပ်ခြင်းနှင့် 10 KW Gasifier တွင် စမ်းသပ်မောင်းနှင်ခြင်းသုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



Conversion PC Based CNC Lathe Machine (TSL-360N)




အပင်တစ်သျှူးမျိုးပွား သုတေသနလုပ်ငန်း

**အခြားဆောင်ရွက်နိုင်ခဲ့သည့် သုတေသနလုပ်ငန်းများ**

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နွားမျိုးမြှင့်တင်ရေးသုတေသနလုပ်ငန်း စီမံကိန်း အောင်မြင်စွာ တိုးတက်ခဲ့ပြီး ခြံ၏နွားကောင်ရေ တိုးပွားမှုစုစုပေါင်း ၂၂၇ ကောင်ရှိသည်။

ဒေသအသီးသီးသို့ မျိုးမြှင့်နွားဖြန့်ဝေရောင်းချနိုင်မှု စုစုပေါင်း ၁၈၄ ကောင်ရှိပြီး ဒေသအတွင်း နွားသိုးဖြင့် သားစပ်ပေးနိုင်မှု ၁၅၆၃ ကြိမ်ရှိခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းဖြစ်သော ရွှေစိမ်း၊ ရွှေဆည်ရည်နှင့် ရွှေပိုးနှင် ထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းအနေဖြင့် ရွှေစိမ်း ၂၄၃၃၀၆ ဒသမ ၂၅ လီတာ၊ ရွှေဆည်ရည် ၁၃၁၉၅ လီတာ၊ ရွှေပိုးနှင် ၃၁၈၈၄ လီတာ ထုတ်လုပ်ရောင်းချနိုင်ခဲ့သည်။

အပင်တစ်သျှူးမျိုးပွား သုတေသနလုပ်ငန်းအနေဖြင့် ရွှေနီ၊ ခွံ့ဝါနှင့် ဖီးကြမ်းငှက်ပျောမျိုးများ ထုတ်လုပ်မျိုးပွားခဲ့ရာ Hardening အဆင့်ထိ အောင်မြင်ပြီး အပင်ပေါင်း ၅၅၈၄ ပင်ကို ရောင်းချပေးနိုင်ခဲ့သည်။

ရွှေဇီဝသဘာဝဇီဝမြေဩဇာထုတ်လုပ်ရေး သုတေသနလုပ်ငန်းအနေဖြင့် ရွှေဇီဝ(၁) သဘာဝမြေဩဇာစက်ရုံမှ မြေဩဇာအိတ် ၆၈၉၃ အိတ်နှင့် ရွှေဇီဝ(၂) သဘာဝမြေဩဇာစက်ရုံမှ မြေဩဇာအိတ် ၅၈၇၈ အိတ် ရောင်းချပေးနိုင်ခဲ့သည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အနက် တစ်ပိုင်တစ်နိုင် တိုးချဲ့ရေးလုပ်ငန်း ဖြစ်သော Bio-Gas Plant များကို ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ကျေးရွာများတွင် တည်ဆောက်လျက်ရှိရာ Community Type အမျိုးအစား ဓာတ်ငွေ့ကန် ၁၅၇ ကန်၊ Family Type အမျိုးအစားဓာတ်ငွေ့ကန် ၂၉ ကန် စုစုပေါင်း ၁၈၆ ကန် တည်ဆောက်ပြီးစီးခဲ့သည်။

**A.G.T.I (၃)နှစ် သင်တန်းများ**

၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်၍ အစိုးရနည်းပညာကောလိပ် သုံးခုနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ ၁၆ ခုတွင် စနစ်သစ်ဖြင့် A.G.T.I Diploma သုံးနှစ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။

**အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်ပတ်သက်သော ဆောင်ရွက်ချက်များ**

ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization-WIPO) ၏ ၁၇၆ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၁ ခုနှစ် မေ ၁၅ ရက်တွင် ဝင်ရောက်ခဲ့သည်။

ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO) ၏ Focal Ministry အဖြစ် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် Industrial Property Law များ ဖွံ့ဖြိုးရေး၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး တည်ထောင်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဂျပန်တီထွင်မှု မူပိုင်ခွင့်ရုံးနှင့် Record of Discussion (RoD) ကို လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိသည်။

၂၀၁၅-၂၀၁၆ ခုနှစ်ကာလအတွက် ဂျပန်တီထွင်မှု မူပိုင်ခွင့်ရုံးအကြား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို ၂၄-၅-၂၀၁၅ ရက်တွင် ဂျပန်နိုင်ငံ၌ ကျင်းပသော ဂျပန်-အာဆီယံ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးအကြီးအကဲများ အစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့သည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ မြှင့်တင်ပေးနိုင်မည့် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ၊ သုတေသနလုပ်ငန်းများ ဘက်စုံ၊ ကဏ္ဍစုံတွင် ဖြစ်ထွန်းနေစေရန်အတွက် သုတေသနပညာရှင်များ ပြုစုပျိုးထောင်ရေးနှင့် ခေတ်မီတိုးတက်သော နိုင်ငံတကာအဆင့်မီ သုတေသနဌာနကြီးများ ဖြစ်ပေါ်လာစေရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ၊ စံချိန်စံညွှန်းသတ်မှတ်ရေးကိစ္စရပ်များ၊ အရည်အသွေးထိန်းသိမ်းရေး အခြေခံအဆောက်အအုံဆိုင်ရာ ကိစ္စရပ်များ၊ နျူကလီးယား ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



ရွှေစိမ်း(ထုပ်) ရွှေစိမ်း(ပုံး) ရွှေဆည်ရည်(ပုံး) ရွှေပိုးနှင်(ပုံး)

ရွှေစိမ်း၊ ရွှေဆည်ရည်၊ ရွှေပိုးနှင်ထုတ်လုပ်ရေးလုပ်ငန်း

# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ

›››› အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

**ကမ္ဘာ့စီးပွားရေးဖိုရမ်**

၂၀၁၃ ခုနှစ် ဇွန် ၅ ရက်မှ ၇ ရက်အကြား ကမ္ဘာ့စီးပွားရေးဖိုရမ်ကို နေပြည်တော်တွင် လည်းကောင်း၊ မြန်မာ-အီးယူ လုပ်ငန်းအဖွဲ့အစည်းအဝေး (Myanmar - EU Task Force Meeting) ကို ၁၄-၁၁-၂၀၁၃ ရက်တွင် ရန်ကုန်မြို့၌ လည်းကောင်း၊ ၁၅-၁၁-၂၀၁၃ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ လည်းကောင်း စီစဉ်ဆောင်ရွက်ကာ မြန်မာနှင့် အီးယူအပါအဝင် ပြည်ပနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခဲ့သည်။

**အာဆီယံစီးပွားရေးမဏ္ဍိုင်**

အာဆီယံစီးပွားရေးမဏ္ဍိုင်အနေဖြင့် (၄၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးအား ၂၀၁၄ ခုနှစ် ဩဂုတ် ၂၅ ရက်မှ ၂၈ ရက်အကြား နေပြည်တော်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်တွင် ပြည့်မီအောင်မြင်ရေးကို ဦးဆောင်ပါဝင်ဆောင်ရွက်လျက်ရှိသည်။

**အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၁၅**

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၁၅ ပြည့်မီအောင်မြင်ရေးအတွက် အာဆီယံဒေသတွင်း ထုတ်လုပ်မှုနှင့် စျေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေးလုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီတို့နှင့် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး စုစုပေါင်း ၁၈ ကြိမ် ကျင်းပဆောင်ရွက်ခဲ့သည်။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် နေပြည်တော်၌ အကြိမ် (၂၀)မြောက် ဂျီအမ်အက်စ်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

ဂျီအမ်အက်စ်ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုမူဘောင်အကောင်အထည်ဖော်မှု အစီအစဉ်ပါ လုပ်ငန်းတိုးတက်မှုအခြေအနေ ပြန်လည်သုံးသပ်ရန်၊ ဂျီအမ်အက်စ်ဒေသ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနှင့် စပ်လျဉ်း၍ သဘောတူညီချက်များ၊ ရလဒ်များကို ပြန်လည်သုံးသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အတည်ပြုခြင်းတို့ဆောင်ရွက်ရန်နှင့် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များ ရရှိအောင်ဆောင်ရွက်ရာတွင် ဂျီအမ်အက်စ် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ၌ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် အခွင့်အလမ်းများကို ဆွေးနွေးရန် ရည်ရွယ်၍ ကျင်းပခဲ့သည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲ**

နိုင်ငံတော်အစိုးရ၏ သက်တမ်းရက် ၅၀ အတွင်း ၂၀၁၁ ခုနှစ် မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲရလဒ်များကို အခြေခံထားသည့် Action Plan နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် ၈ ရပ်ကို ဖော်ထုတ်နိုင်ခဲ့သည်။




အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်(၂၀၁၃)ဖွင့်ပွဲတွင် ဗီယက်နမ်ဝန်ကြီးချုပ် Nguyen Tan Dung အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**မေခရိုစီးပွားရေး ပြုပြင်ပြောင်းလဲ**

နိုင်ငံတော်အစိုးရ၏ သက်တမ်း ရက် ၁၅၀ အတွင်း မေခရိုစီးပွားရေးပြုပြင်ပြောင်းလဲမှုများအတွက် အမျိုးသားအဆင့်ဆွေးနွေးပွဲကို ၁၉ - ၈ - ၂၀၁၁ ရက်တွင် ကျင်းပခဲ့ရာ လူထုလူတန်းစားအသီးသီးကို ကိုယ်စားပြုသော ဆွေးနွေးပွဲတစ်ရပ်အဖြစ် မေခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများအတွက် ရှေ့ဆက်ဆောင်ရွက်ရန် အစီအမံများကို ဖော်ထုတ်နိုင်ခဲ့သည်။

ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာမူဝါဒများအား ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် တစ်ခုတည်းသော နိုင်ငံခြားငွေလဲလှယ်နှုန်းဖြစ်ပေါ်ရေး၊ ဗဟိုဘဏ်အားလွတ်လပ်သည့် အဖွဲ့အစည်းဖြစ်ပေါ်စေရေး၊ အခွန်နှုန်းထားများနှင့် ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သည့် ဖြေလျှော့မှုများ၊ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ပေးချေမှုစနစ်များ တိုးတက်ဖွံ့ဖြိုးစေရေး၊ ငွေကြေးနှင့် ဘဏ္ဍာရေးစျေးကွက်များကိုလည်း ဖွံ့ဖြိုးအောင်ဆောင်ရွက်ရန်၊ စီးပွားရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းစေရန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့နှင့် ဆက်နွယ်နေသော လုပ်သာကိုင်သာရှိသည့် စီးပွားရေးပတ်ဝန်းကျင်ဖြစ်အောင် ဆောင်ရွက်ရန် စသည့် မေခရိုစီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တို့အား ချမှတ်နိုင်ခဲ့သည်။

**လူမှု - စီးပွား ပြုပြင်ပြောင်းလဲမှု မူဘောင်**

ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် ပြည်သူလူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်း၍ လူမှု-စီးပွားပြုပြင်ပြောင်းလဲမှု မူဘောင် ( Framework on Economic and Social Reform-FESR) (၂၀၁၂-၂၀၁၅) ကို ပြည်တွင်း ပြည်ပပညာရှင်များနှင့် ပူးပေါင်းရေးဆွဲနိုင်ခဲ့ပြီး မူဘောင် ၁၀ ရပ်အဖြစ် သတ်မှတ်၍ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံနှင့် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာန (အီရီယာ) တို့ ပူးပေါင်းကာ မြန်မာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက် (Myanmar Comprehensive Development Vision-MCDV) ကိုလည်း ရေးဆွဲနိုင်ခဲ့သည်။

၅ နှစ်စီမံကိန်း လေးခုပါဝင်သည့် ၂၀၁၁-၁၂ ခုနှစ်မှ ၂၀၃၀-၃၁ ခုနှစ်အထိ နှစ် ၂၀ အမျိုးသားဘက်စုံစီမံကိန်း (National Comprehensive Development Plan-NCDP) ကို နိုင်ငံတကာပညာရှင်များဖြင့် ပူးပေါင်း၍ ရေးဆွဲနိုင်ခဲ့သည်။

ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်နိုင်ရေးအတွက် ပင်မစီမံကိန်းရေးဆွဲလျက်ရှိပြီး အညွှန်းကိန်း ၃ ရပ် ပြည့်မီစေရေးအတွက် အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

**မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေး ဆယ်စုနှစ်သစ်ဆီသို့**

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ဂျီအမ်အက်စ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်းကြိုးပမ်းချက်များကို မြှင့်တင်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်အလွန် မဲခေါင်ဒေသခွဲဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာပူးပေါင်းဆောင်ရွက်ရေး ဆယ်စုနှစ်သစ်ဆီသို့ ဟူသည့် ခေါင်းစဉ်ဖြင့် စတုတ္ထအကြိမ်မြောက် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေး (4th GMS Summit)ကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့သည်။

၂၀၁၂ခုနှစ် ဇွန်လ ၂၇ ရက်မှ ၂၉ ရက်အထိ မန္တလေးမြို့၌ စတုတ္ထအကြိမ် ဂျီအမ်အက်စ်စီးပွားရေးစင်္ကြံများဖိုရမ် (Economic Corridor Forum- ECF 4)၊ ဂျီအမ်အက်စ် အဆင့်မြင့်အရာရှိများ အစည်းအဝေးကို ဖွဲ့စည်းကျင်းပခဲ့ပြီး စီးပွားရေးစင်္ကြံများ အပြည့်အဝ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီး အစည်းအဝေးတွင် ချမှတ်ခဲ့သည့် ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင်(၂၀၁၂-၂၀၂၂)ကို အကောင်အထည်ဖော်ရန်အတွက် ဒေသဆိုင်ရာရင်းနှီးမြှုပ်နှံမှုမူဘောင် (Regional Investment Framework) ရေးဆွဲရေးတို့ကို ဆွေးနွေးခဲ့သည်။

**နိုင်ငံခြားအကူအညီအထောက်အပံ့များ**

၂၀၁၁-၂၀၁၅ ခုနှစ်အတွင်း နိုင်ငံခြားအကူအညီအထောက်အပံ့များအနေဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ်လထိ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၄၅ ဘီလီယံဖြစ်ပြီး ရရှိပြီးပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၇၉ ဘီလီယံဖြစ်သည်။

လုပ်ငန်းစဉ်များကို ၂၀၁၇ ခုနှစ်အထိ ထပ်မံတိုးချဲ့ဆောင်ရွက်ရန်ရှိသည်။ ၁-၄-၂၀၁၁ မှ ၃၀-၉-၂၀၁၅ ရက်အထိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ သဘောတူစာချုပ် ၂၅ ခု၊ မူဘောင်သဘောတူစာချုပ် လေးခု၊ မူဘောင်အစီအစဉ်သုံးခု၊ စာချွန်လွှာ ၄၁ ခု၊ နားလည်မှုစာချွန်လွှာ ၁၄ ခု၊ စာလွှာ ၁၆ ခု၊ ပူးတွဲကြေညာချက်နှစ်ခု၊ ပူးတွဲမှတ်တမ်း တစ်ခုနှင့် သဘောတူညီချက် တစ်ခု စုစုပေါင်း ၁၀၇ ခုကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည်။

**ပညာသင်ဆုနှင့် ပညာသင်စေလွှတ်မှု**

နည်းပညာလွှဲပြောင်းရယူရေးနှင့် လူသားရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ၂၀၁၁ ခုနှစ် မှ ၂၀၁၅ ခုနှစ် ဩဂုတ်လအထိ ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ ခွဲဝေသတ်မှတ်ပေးခဲ့သည့် ပညာသင်ဆုများ ၈၉၁၄ ဆုနှင့် စေလွှတ်ခဲ့သည့် ပညာသင်ဦးရေမှာ ၁၀၇၁၄ ဦး ရှိခဲ့သည်။

မြန်မာနိုင်ငံအစိုးရနှင့် ပြည်ပနိုင်ငံအစိုးရတို့အကြား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ ခုနှစ်နိုဝင်ဘာလ ၂ ရက်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၁၉၉၄ ခုနှစ်ကို ပြင်ဆင်ရေးဆွဲပြီး ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်တွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့သည်။

**အထူးစီးပွားရေးဇုန် ဖော်ဆောင်ရေးလုပ်ငန်းများ**

ကျောက်ဖြူ၊ ထားဝယ်၊ သီလဝါ အထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ထုတ်ဆောင်ရွက်ရန် အထူးပါဝင်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်းပေါင်း ၁၈၁၈၁ ဒသမ ၅၁၅ ဒေါ်လာ စီးဝင်ခဲ့သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရေးတို့အတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

■■■

›››› အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၄ မှ

UNESCO ရဲ့ သတ်မှတ်ချက်မှာ ပါဝင်ပါတယ်။ ဒေသခံတွေရော၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေရော အားလုံးပါဝင်ပူးပေါင်းပြီး ဆောင်ရွက်သွားရမှာပါ”ဟု ဒုတိယဝန်ကြီးက ဆိုသည်။

“ယဉ်ကျေးမှုအမွေအနှစ် ဒေသမှာ နေထိုင်တဲ့သူတွေဖြစ်တဲ့အတွက် ဘုရားတွေထဲမှာ နေထိုင်တာမျိုးတွေ မလုပ်သင့်ဘူး။ ဒီအမွေအနှစ်တွေ မပျက်စီးအောင်လို့ ဘယ်လောက်အကွာအဝေးဆိုတာမျိုး သတ်မှတ်ပေးတာတွေရှိပါတယ်။ သတ်မှတ်ထားတဲ့ အကွာအဝေးအတိုင်းမဟုတ်ဘဲ ဘုရားတွေအဆောက်အအုံတွေနားကပ်ပြီး စျေးဆိုင်ထွက်တာမျိုး၊ အဆောက်အအုံဆောက်တာမျိုးတွေ မလုပ်သင့်ပါဘူး။ အမွေအနှစ်တွေကို ကာကွယ်သင့်တဲ့အတွက် ဒါမျိုးတွေတော့ အားမပေးပါဘူး” ဟု ဝါးမီးအိမ်များနှင့် သစ်သားပွတ်လုံးများ လုပ်ကိုင်ရောင်းချသည့် ဒေသခံ ကိုအောင်နိုင်ဝင်းက ပြောသည်။

“ပုဂံမှာ စည်းကမ်းချက်များ သတ်မှတ်နေတာ၊ ဥပဒေတွေပြဋ္ဌာန်းနေတာဟာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့အတွက် မဟုတ်ပါဘူး။ ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းကို ဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ရှားပါးလှတဲ့ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တွေကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် စီမံဆောင်ရွက်နေခြင်းသာ ဖြစ်ပါတယ်”ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

ပုဂံဒေသအတွက် ဒေသခံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေရေးသည် ယှဉ်တွဲဆက်စပ်လျက်ရှိနေပေသည်။

“ဘုရားပုထိုးတွေမြင်နေတာနဲ့ကို ပုဂံမှာနေရတာ စိတ်ချမ်းသာပါတယ်။ ကိုယ့်ဘိုးဘွားတွေ တည်ခဲ့တယ်ဆိုတာလေးတွေးပြီး စိတ်ထဲပီတိဖြစ်မိတယ်။ ရှေးဘိုးဘွားတွေ တည်ထားခဲ့တာကို ခုလူတွေက ဆက်ရှိနေအောင် ထိန်းသိမ်းကြပါ။ အဘွားတို့ ကလေးဘဝတုန်းက ဘုရားတွေကြား ပြေးကြဆော့ကြတာတွေ၊ အဲဒီအချိန်က နိုင်ငံခြားသားခရီးသွားဧည့်သည်တွေလာရင် ပြေးကြည့်ကြနဲ့ ပျော်စရာအချိန်တွေရခဲ့ပါတယ်။ ပုဂံသူတစ်ယောက်အနေနဲ့ ပုဂံက နေရာတိုင်းဟာ အမှတ်တရတွေနဲ့ပါ”ဟု ပုဂံသူ အဘွား ဒေါ်သက်သက်က ပြောသည်။

“ပုဂံမှာရှိတဲ့ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံတွေဟာ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်လို့ ခေါ်ပါတယ်။ အဲဒီရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံတွေ၊ ရုပ်ပိုင်းဆိုင်ရာ ဝတ္ထုပစ္စည်းတွေကတစ်ဆင့် အဲဒီခေတ်၊ အဲဒီအခါက ရှေးဘိုးဘွားတွေက သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုတွေကို လေ့လာလို့ရတယ်။ အဲဒီခေတ်၊ အဲဒီကာလရဲ့ အတွေးအမြင်တွေ၊ ဓလေ့တွေ၊ စိတ်ကူးတွေ၊ ဖန်တီးနိုင်တဲ့ စွမ်းအားတွေ၊ အသိပညာ၊ အတတ်ပညာတွေ၊ ခေါင်းဆောင်မှု၊ ရင့်ကျက်မှု၊ အနုသုခုမ အစရှိတာတွေကို အမွေအနှစ်တွေက ဖော်ပြနေပါတယ်။ ဒါတွေဟာ အစားထိုးလို့လည်း မရနိုင်သလို အတုလုပ်ယူလို့လည်း မရနိုင်တဲ့အရာတွေပဲဖြစ်ပါတယ်။

“ထိန်းသိမ်းပြုပြင်တဲ့အပိုင်းမှာလည်း ပြုပြင်ချင်တိုင်း ပြုပြင်လို့မရပါဘူး။ မူလ ပုံစံမပျက်၊ မူလအမွေအနှစ်တွေမှာ ပါဝင်တာတွေအတိုင်း ပြန်လည်ပြုပြင်ရတာပါ။ ပုဂံက အမွေအနှစ်တွေဟာ အလင်းအမှောင်ကအစ တိတိကျကျနဲ့ ဆောက်လုပ်ထားတာပါ”ဟု ဒုတိယဝန်ကြီးက ဆိုသည်။

ထို့ကြောင့် ရှေးဘိုးဘွားများ၏ အတုမရှိသော၊ အဆင့်အတန်းမြင့်မားလှသော အမွေအနှစ်များကို ယနေ့လူများက ထိန်းသိမ်းစောင့်ရှောက်ကြမည်ဖြစ်သည်။ ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်မှသာ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ကျော်က ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည် နောင်နှစ်ပေါင်းများစွာတိုင် ဆက်လက်တည်ရှိနိုင်မည်ဖြစ်သည်။



# နှစ်ပေါင်းများစွာမှ ပုဂံ ............ နှစ်ပေါင်းများစွာသို့တိုင်

**“မြကန်သာ၊ တောင်ကျချောင်းတေး ရေဝင်ပြေးလှည့်၊ ရေအေးကြည်စွာ ကန်ပိုင်မာလျက်၊ ကြာပေါင်းထုံထုံ ငှက်မျိုးစုံသည်၊ ဘုံဝတီက နန္ဒာလော၊ တူစွဟုတ္တာ”**ဟူ၍ ရေးစပ်ထားသည့် မြကန်ကဗျာသည် ပုဂံခေတ် ကဗျာတစ်ပုဒ်ဖြစ်ပြီး ပုဂံတွင်တည်ရှိသည့် မြကန်သည် တာဝတိံသာ နတ်ပြည်ရှိ နန္ဒာကန်ကဲ့သို့ပင်ဖြစ်သည်ဟု ဖွဲ့ဆိုထားပေရာ ပုဂံခေတ် ထင်ရှားထွန်းကားခဲ့ပုံကို တစ်နည်းတစ်ဖုံအားဖြင့် ညွှန်းဆိုလျက်ရှိသည်။

ပုဂံခေတ်ကာလ တစ်လျှောက်တွင် ပုဂံသူ၊ ပုဂံသားတို့သည် စားရေရိက္ခာ ပြည့်စုံစွာဖြင့် အလှူရေစက်လက်နှင့်မကွာ ရှိခဲ့သည်ကို ယနေ့တိုင် တည်ရှိနေသည့် ပုဂံဘုရားများက သက်သေခံလျက်ရှိပေရာ ပုဂံကို စေတီပုထိုးများနှင့် တိုင်းပြည်(The Land of Pagodas) ဟု တင်စားခဲ့သည်အထိပင်။

ထို့ပြင် ပုဂံ ဖြစ်ပေါ်ရာ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ကျော်မှသည် ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မြင့်မားမားဖြင့် ယနေ့တိုင် မြန်မာဟူ၍ ရပ်တည်လျက်ရှိသည်ကိုလည်း ပုဂံက သက်သေခံလျက်ရှိပေသည်။

သို့သော် ကာလရှည်ကြာစွာ တည်ရှိခဲ့သည့် ပုဂံ၊ ရာဇဝင်ထဲက ပုဂံ၊ မြန်မာတို့၏ နှလုံးသားပုဂံသည် ကာလအဆက်ဆက် တွေ့ထိခဲ့ရသော ဘေးဒဏ်အမျိုးမျိုးကြောင့် ယခုအခါ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေပြီဖြစ်သည်။

ထို့ပြင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ဆောက်မှု၊ လူဦးရေလျင်မြန်စွာ တိုးပွားမှု၊ မြေနေရာများ တိုးချဲ့လာမှုတို့သည် ပုဂံဒေသ ရေရှည်တည်တံ့ရေးအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေသည်။

“ဘုရားပေါ် လူတွေအများကြီးတက်တာ၊ ဘုရားအတွင်း/အပြင်တွေမှာ ပစ္စည်းတွေ သိုလှောင်တာ၊ အဆောက်အအုံအနီးနဲ့ မဟာရံတံတိုင်းအနီးကို ကပ်ပြီး၊ မှီပြီး အဆောက်အအုံတွေ ဆောက်လုပ်တာ၊ တုန်ခါမှုပြင်းထန်တဲ့ယာဉ်တွေ မောင်းနှင်တာ၊ အမှိုက်သရိုက်တွေ စွန့်ပစ်တာ၊ အဆောက်အအုံတွေနားမှာ ကပ်ပြီးတော့ မီးပုံးပျံတွေ ပျံသန်းတာနဲ့ မီးခိုးငွေ့၊ ဓာတ်ငွေ့တွေဟာ အနုလက်ရာတွေ ကြံ့ခိုင်မှုအတွက် လွန်စွာမှ အန္တရာယ်ရှိပါတယ်။ ဘာသာ၊ သာသနာရှုထောင့်က ကြည့်မယ်ဆိုရင်လည်းပဲ ကြည်ညိုဖွယ်ရာများကို ပျက်ယွင်းစေတဲ့အပြင် ရှေးဟောင်း မြင်ကွင်းကို ထိခိုက်စေနိုင်တယ်။ ဒါတွေကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားဖို့ လိုအပ်ပါတယ်”ဟု ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြောသည်။

“ပုဂံမှာရှိတဲ့ အမွေအနှစ်က ပျက်စီးသွားတဲ့အခါ အစားထိုးလို့မရတဲ့ အရာတွေပါ။ ဘုရားတွေနားမှာ မီးပုံးပျံတွေ ကပ်မပျံဖို့၊ အမြင့်ကိုလည်း သတ်မှတ်ပေးဖို့လိုပါတယ်။ ပြီးတော့ ဟိုတယ်တွေ၊ သတ်မှတ်ထားတဲ့ ဇုန်တွေထဲမှာ ကျရောက်နေတာရှိပါတယ်။ ဟိုတယ်တွေက ရေဆိုးထွက်ရှိတာတွေဟာ ရှေးဟောင်းအဆောက်အအုံတွေနဲ့ နီးရင် ထိခိုက်နိုင်တဲ့အတွက် ရှိပြီးသားကတော့ ထားလိုက်တော့၊ နောက်ထပ် ဆောက်မယ့် ဟိုတယ်တွေကိုတော့ နိုင်ငံတော်က သတ်မှတ်ပေးထားတဲ့ ဟိုတယ်ဇုန်၊ ဟိုတယ်ဇုန်(၄)မှာ ဆောက်ကြဖို့ အကြံပြုထားတာရှိပါတယ်။ ကျွန်တော်တို့ ဒေသမှာရှိတဲ့ ဟိုတယ်တွေဟာ တခြားဒေသကနေလာပြီး ဆောက်ကြတာပါ။ ကျွန်တော်တို့ဆီက ဒေသခံတွေက ဒီလောက် မဆောက်နိုင်ကြဘူး”ဟု ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ အတွင်းရေးမှူး ဦးအောင်ကြိုင်က ပြောကြားသည်။

“ပုဂံက ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းဖို့အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆောင်ရွက်နေတာလည်းရှိပါတယ်။ NGO အဖွဲ့ဖွဲ့ပြီး အဖွဲ့ဝင် ၈၀ ကျော်နဲ့ ကျွန်တော်တို့ လုပ်ဆောင်နေတာလည်း ရှိပါတယ်။ ပြီးတော့ ရှေးဟောင်းသုတေသနနဲ့ ပြတိုက်ဦးစီးဌာနရယ် သမိုင်းပညာရှင်၊ ဗိသုကာပညာရှင်တွေရယ်၊ UNESCO ပညာရှင်တွေရယ် ပါဝင်တဲ့ မြန်မာအပြည်ပြည်ဆိုင်ရာ အဆောက်အအုံနဲ့ နေရာဒေသများကောင်စီ(ICOMOS) ဖွဲ့ပြီး လုပ်ဆောင်နေတာလည်းရှိပါတယ်။”

“အမှိုက်ကအစ စနစ်တကျ စွန့်ပစ်ဖို့ လိုအပ်ပါတယ်။ ဘုရားဖူးလာတဲ့သူတွေအနေနဲ့လည်း အမှိုက်တွေ စနစ်တကျစွန့်ပစ်ဖို့ လိုအပ်ပါတယ်။ အခုကျတော့ အမှိုက်ကင်းစင်ရေးတွေ ဆောင်ရွက်ကြတဲ့အတွက် မရှိတော့ပါဘူး။ အမှိုက်မပစ်ရဆိုင်းဘုတ်တွေ တပ်ထားပြီ။ အမှိုက်ပုံးတွေကိုလည်း နေရာတော်တော်များများမှာ ထားတဲ့အတွက် အမှိုက်က အတော်သန့်ရှင်းသွားပါပြီ။ ပုဂံဒေသခံတွေအနေနဲ့လည်း ပူးပေါင်းပါဝင်ဖို့၊ ပူးပေါင်းထိန်းသိမ်းဖို့ လိုအပ်ပါတယ်။”

“ပြီးတော့ ပုဂံဘုရားတွေမှာ ထိန်းသိမ်းပြုပြင်စရာတွေရှိပါတယ်။ အဓိကအနေနဲ့ မိုးယိုနေတာတွေ၊ ပြီးတော့ ညောင်ပင်တွေကနေ အမြစ်ထိုးပြီး အက်ကွဲနေတာတွေကို အရင်ပြုပြင်သွားရမယ်။ အက်ကွဲနေတဲ့ နေရာတွေ အနားသတ်တာတို့၊ ကြားသိပ်တာတို့ကို လုပ်ဆောင်နေပါပြီ။”

“နံရံဆေးရေးပန်းချီတွေနဲ့ ပတ်သက်ပြီးလည်း ထိန်းသိမ်းပြုပြင်ရမှာတွေ ရှိပါတယ်။ ပုဂံမှာ နံရံဆေးရေးပန်းချီ ၄၀၀ ကျော်ရှိပြီးတော့ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ ရှေးကျပြီး အကောင်းဆုံးလက်ရာတွေလို့ ပြောလို့ရသလို နံရံဆေးရေးပန်းချီ အများဆုံး ရှိတဲ့နိုင်ငံလို့လည်း ပြောလို့ရပါတယ်။ အုတ်စီတဲ့ပညာမှာလည်း အကောင်းဆုံးလက်ရာလို့ ပြောလို့ရပါတယ်”ဟုလည်း ဆက်လက်ပြောကြားသည်။

“ပုဂံမှာ ကျန်ရှိနေတဲ့ အမွေအနှစ်တွေကို မပျောက်ပျက်စေချင်ဘူး။ တကယ်လို့ ဖျက်ဆီးမယ့်အန္တရာယ်တွေရှိရင်လည်း ကာကွယ်ရမယ်လို့ ခံယူထားတယ်။ ဘုရားတွေက နှစ်ပေါင်း ၁၀၀၀ ကျော်ကြာပြီဖြစ်လို့ ပျက်စီးတာတွေ အများကြီးပဲ။ အရင်က ကန်ထရိုက်စနစ်နဲ့ ပြင်ခဲ့တဲ့ ဘုရားတွေက အများဆုံး ပျက်စီးနေတယ်။ ကမ္ဘာလှည့်ခရီးသွားတွေ ပုဂံကို လာတဲ့အခါ မြန်မာတွေဟာ ယဉ်ကျေးမှု အဆင့်အတန်း မြင့်မြင့်မားမားရှိတယ်ဆိုတာနဲ့ ကိုယ့်ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာတွေနဲ့ ရှေးတုန်းကတည်းကရှိခဲ့တဲ့ မြန်မာတွေရဲ့ ဗိသုကာလက်ရာတွေက ကမ္ဘာ့အဆင့်မီတယ်ဆိုတာ ပြသခွင့်ရတဲ့အတွက် ထိန်းသိမ်းဖို့၊ ပြုပြင်ဖို့ လိုအပ်ပါတယ်။ ကိုယ့်မွေးရပ်မြေက ရာဇဝင်နဲ့ချီပြီး ဖြစ်တည်လာခဲ့တဲ့မြေ၊ သမိုင်းကောင်းတဲ့မြေမှာ မွေးဖွားခွင့်ရတဲ့အတွက် ပုဂံသား တစ်ယောက်အနေနဲ့ ဂုဏ်ယူပါတယ်”ဟု ဒေသခံ ကိုသော်ဆွေဦးက ပြောသည်။

“လှည်းဝင်ရိုးသံတစ်ညံညံ ပုဂံဘုရားပေါင်း”ဆိုသည့် စာချိုးဖြင့် ပုဂံဒေသ ဘုရားများကို မှတ်သားထားကြပြီး မုဆိုးမပင် ဘုရားတည်နိုင်သည့် ခေတ်ဟု ပါးစပ်ရာဇဝင်အဖြစ် ပြောဆိုကြသည့် ပုဂံခေတ်အမွေအနှစ်များသည် ယခုအခါတွင် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံပေါင်း ၃၀၀၀ ကျော် ကြွင်းကျန်တည်ရှိသည်။

ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ၁၉၉၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရပြီး ရှေးဟောင်းယဉ်ကျေးမှုဒေသတစ်ခုဖြစ်သည့် ပုဂံကို ကမ္ဘာ့အမွေအနှစ်စာရင်းဖြစ်စေရေးအတွက် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

“ပုဂံဟာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ဖို့ UNESCO ရဲ့ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက် အချက်(၆)ချက်လုံးနဲ့ ကိုက်ညီပါတယ်။ ဒါပေမယ့် ဒီဟာတွေအားလုံးကို စေ့စေ့စပ်စပ်နဲ့ ပါဝင်အောင်လုပ်နေရင် အချိန်တွေ အကြာကြီးယူရပါမယ်။ (၆) ချက်ထဲက (၂)ချက်၊ (၃)ချက်ပြည့်စုံရင်ကို ကမ္ဘာ့အမွေအနှစ်ဖြစ်နိုင်တဲ့အတွက် ရရှိအောင် ဆောင်ရွက်သွားမှာပါ။”

“ကမ္ဘာ့အမွေအနှစ်ဖြစ်လာရင်လည်း အမွေအနှစ်တွေ ထိန်းသိမ်းဖို့၊ ဒေသခံတွေ အလုပ်အကိုင်ရရှိဖို့ကို အဓိကပါ။ ကမ္ဘာ့အမွေအနှစ်ဖြစ်လာပြီး ဒေသခံတွေရဲ့ စီးပွားရေးလုပ်ငန်းတွေ ချက်ချင်းရယ်လို့ မတိုးတက်နိုင်ပေမယ့် ပြောင်းလဲတိုးတက်မှုကတော့ ရရှိမှာပါ။ စီးပွားရေးလုပ်ငန်းအများစုဟာ ဒေသခံတွေအတွက်ဖြစ်ရမယ်။ ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်ပေးရမယ်။ အမွေအနှစ်တွေ မပျက်စီးအောင် ထိန်းသိမ်းရမယ်ဆိုတာတွေက ကမ္ဘာ့အမွေအနှစ် ဒေသတွေအတွက်

**ပုဂံမှာရှိတဲ့ အမွေအနှစ်က ပျက်စီးသွားတဲ့အခါ အစားထိုးလို့မရတဲ့အရာတွေပါ။ ဘုရားတွေနားမှာ မီးပုံးပျံတွေ ကပ်မပျံဖို့၊ အမြင့်ကိုလည်း သတ်မှတ်ပေးဖို့လိုပါတယ်။ ပြီးတော့ ဟိုတယ်တွေ၊ သတ်မှတ်ထားတဲ့ ဇုန်တွေထဲမှာ ကျရောက်နေတာရှိပါတယ်။**

**စာမျက်နှာ ၃ သို့ »»**

## 4TV ၏ တစ်ပတ်တာကြည့်ရေးအစီအစဉ်ကောင်းများ
## (၃၁-၁၀-၂၀၁၅ မှ ၆-၁၁-၂၀၁၅ အထိ)

Vol.1 No-42

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

မြန်မာပြည်အနှံ့ ကြည့်နိုင်ပြီ
4TV DTH ၂၆ ဃ ဝဏောင်းနှင့်
ရုပ်သံဖမ်းစက်
အရည်အသွေးမြင့်ရုပ်သံလိုင်းပေါင်းများစွာ ခံစားကြည့်ရှုနိုင်သည်

# သီတင်းကျွတ်အထူးအစီအစဉ်

သီတင်းကျွတ်အခါသမယမှာ တန်ဖိုးရှိလှသော ဂါရဝတရားရဲ့ သင်္ကေတအဖြစ်
**4TV လက်ဆောင်ခြင်း** ကို လူကြီးသူမဆရာသမားများအား ကန်တော့ကြ၍ ကုသိုလ်ယူနိုင်ကြပါသည်




**4TV HD RECEIVER + 4TV ANTENNA (သို့) 4TV ဝဏောင်းဗန်း + မဟာဓာဗိတကျားခွေ DVD ၂ ခွေ + TV GUIDE**

# 45,000 Ks.

**October 10 to November 10 2015**

အမြို့မြို့အနယ်နယ်ရှိ 4TV SHOWROOM များတွင် ဝယ်ယူရရှိနိုင်ပါသည်။ HOTLINE 01-2306166

## 4TV ၏ တစ်ပတ်တာ ကြည့်ရှုရေး အစီအစဉ်ကောင်းများ

( ၃၁ - ၁၀ - ၂၀၁၅ မှ ၆ - ၁၁ - ၂၀၁၅ အထိ)

High Definition ရုပ်သံလိုင်းများ | ရုပ်ရှင် ရုပ်သံလိုင်းများ

### (စနေနေ့) ၂၀၁၅ • ၁၀ • ၃၁

7:00 PM O.T. The Movie — 4 HD



9:05 PM The Conjuring — HBO HD




9:30 PM World War Z — CINEMAX




for CINEMA 2
9:50 AM ချစ်သောပိုင်ရှင်ချစ်သော နေတိုးစိုးမြတ်နန္ဒာစိုးပြည့်သဇင်
11:47 PM ချစ်ချစ်ချစ်တဲ့ကိုကို လွင်မိုးထက်ထက်မိုးဦး
2:01 PM ရယ်ရယ်မောမောပျော်ပျော်ပါးပါး နေရွှေးသုပန်ထွာ
4:15 PM ရွှေကလေးက်သေဘီ ကျော်ကျော်ဗိုမိုးပေယာကို လွင်မိုးနေတိုးအေးမြတ်သူ
6:48 PM ၅၂၈ ကြိုး ရဲအောင်ပိုင်ဖြိုးမြင့်အောင်

### (တနင်္ဂနွေနေ့) ၂၀၁၅ • ၁၁ • ၁

8:30 PM Obsessed — Fox Action Movies




7:30 PM Captain America: The Winter Soldier — Fox Movies HD



10:05 PM The Longest Ride — 5 Movies




for CINEMA 2
12:00 PM ရွာ ရဲတိုက်ပြေစင်းမိုးမြင့်အောင်
01:30 PM နောက်တယ်နော် ကောင်းဆန့်စိုးပြည့်သဇင်
03:29 PM ချိုင်နံစပ် ကျော်ရဲအောင်နေရတ်


5 သုခမ
4:23 PM ချစ်သူရွာ မြင့်မြတ်ပေယာက်နိုင်
07:50 PM အချစ်ကစန်ဆင်းသော ဟိန်းဝေယံဝတ်မှုန်ရွှေရည်

### (တနင်္လာနေ့) ၂၀၁၅ • ၁၁ • ၂

7:00 PM You're Not You — 4 HD




9:10 PM London Boulevard — For Cinema




for CINEMA 2
9:45 PM ကျွဲ ကျော်ရဲအောင်စိုးမြတ်သူဇာ

5 သုခမ
4:07 PM သခင်ရွှေဖွင့် နေတိုးအိန္ဒြာကျော်ဇင်
07:39 PM အချစ်နဲ့ အမုန်းဇိုင်ယာရီ အောင်ရဲလင်းဝတ်မှုန်ရွှေရည်

### (အင်္ဂါနေ့) ၂၀၁၅ • ၁၁ • ၃

6:00 PM What Shall We Eat Today? — M HD




9:05 PM The Mortal Instruments: City Of Bones — Fox Movies





for CINEMA 2
5:59 PM မဟာက်ထူးရှင် ပြေတီဦး နန္ဒာလှိုင်
8:22 PM ရင်ခုန်သံပညာကြီး နေတိုးစိုးမြတ်သူဇာ

5 သုခမ
1:59 PM သားဆိုသော သား နေတိုးမိုးမြင့်အောင်နေရတ်

### (ဗုဒ္ဓဟူးနေ့) ၂၀၁၅ • ၁၁ • ၄

12:15 PM Gimme Shelter — HBO HD




7:47 PM Agneepath — For Cinema



for CINEMA 2
4:07 PM တကယ်နော် ဖြိုးငွေစိုး ခိုင်သင်းကြည်
6:10 PM သွေးမှဲ့ထင်ရာ နေမျိုးအောင်အေးမြတ်သူ
8:00 PM အမွေ ပြေတီဦးထွန်းအိန္ဒြာဇင်
9:57 PM မျိုးဝိမ် ပြေတီဦး အိန္ဒြာကျော်ဇင်

### (ကြာသပတေးနေ့) ၂၀၁၅ • ၁၁ • ၅

7:00 PM The Big Wedding — 4 HD




9:45 PM Hwayi: A Monster Boy — 5 Movies




for CINEMA 2
6:15 PM မိုးသွားနှုတ်ခမ်း မိုးမြင့်အောင်ဖွေးဖွေးအောင်မြင့်
8:05 PM ချစ်သောပိုင်ရှင်ချစ်သော နေတိုးစိုးမြတ်နန္ဒာ

5 သုခမ
6:22 PM ချစ်တဲ့ရက်က ကြိုနေမယ် ကျော်ဟိန်းနွဲ့နွဲ့မူ

### (သောကြာနေ့) ၂၀၁၅ • ၁၁ • ၆

8:30 PM The Last Rescue — Fox Action Movies



7:50 PM Korean Tasty Recipes — M HD



8:05 PM Justin Bieber's Believe — Fox Family Movies




5 သုခမ
2:28 PM ပန်းအဆိပ် ခန့်စည်သူထွန်းအိန္ဒြာဇင်
4:00 PM ငါ့ကြောင့်ကြိုက်တဲ့ ကြောင်နိုက် ဟိန်းဝေယံပေယာရာ
10:55 PM သင်ချောင်းတို့ဂေဟာ မင်းမော်ကွန်းစိုးမြတ်သူဇာ မိုးယုစံ

www.facebook.com/4tvmyanmar ဆက်သွယ်ရန် : 01- 2306166

## 4TV ၏ တစ်ပတ်စာကြည့်ရှုရာအစီအစဉ်ကောင်းများ (၃၁-၁၀-၂၀၁၅ မှ ၆-၁၁-၂၀၁၅ အထိ)

### Channel7 HD မိခင်နတ်သမီး



**6:00 PM (6 Nov, 2015)**

ဟွန်းအဲဂျာဟာ Home Shopping Channel တစ်ခုက အဓိက Announcer တစ်ယောက်အနေနဲ့ အလုပ်လုပ်နေသူဖြစ်ပါတယ်။ ဂျီဆောင်း၊ အင်ဆောင်း၊ ဟီးဆောင်းဆိုတဲ့ သမီးသုံးယောက် ရှိပါတယ်။ ဟွန်းအဲဂျာရဲ့ခင်ပွန်း ဖြစ်သူ ကျောင်းဆီကတော့ အသက် ၆၀ အရွယ်ရှိတဲ့ မာညောင်းရဲ့သားအကြီးဖြစ်တဲ့အတွက် ဟွန်းအဲဂျာက မာညောင်းရဲ့ ချွေးမကြီးဖြစ်ပါတယ်။ ချွေးမကြီးဖြစ် တဲ့အလျောက် ယောက္ခမရဲ့မျက်မှန်းကျိုး အမြင်မကြည်တာတွေကို အိမ်ထောင်သက်ကြာမြင့်လာတဲ့အချိန်ထိအောင် ဆက်တိုက်ခေါင်းငုံ့ခံခဲ့ရပါတယ်။ ယောက္ခမကြီးနဲ့ အဆင်မပြေဖြစ်နေတဲ့ ဟွန်းအဲဂျာက ကွာရှင်းလိုက်ပြီး သမီးသုံးယောက်ကို ဘယ်လိုသွန်သင်ဆုံးမမလဲဆိုတာနဲ့ ယောက္ခမနဲ့ချွေးမကြီးကြားမှာက ပဋိပက္ခတွေ အမေတစ်ယောက်အမျိုးသမီးတစ်ယောက်ရဲ့အရည်အချင်းတွေကို အဓိကဖော်ကျူးထားတဲ့ မိသားစုဇာတ်လမ်း ဖြစ်ပါတယ်။

### MRTV-4 HD အကြင်နာလက်ကလေး



**6:15 PM (4 Nov, 2015)**

ဒီဇာတ်ကားလေး ထဲမှာတော့ ယွန်းဆူဆိုတဲ့ မိန်းကလေးဟာ သူ မကျူးလွန်ခဲ့ပေမယ့် ကိုယ့်အပေါ်ပြန်သတ်တယ်ဆိုတဲ့ အမည်စက်ထင်းကို ဖျောက်ဖျက်ဖို့အတွက် ကျရောက်လာတဲ့ လောကဓံကို ကြံကြံခံရင်ဆိုင်ရင်း တရားခံကို ဘယ်လို ဖော်ထုတ်သွားမလဲဆိုတာကို စိတ်ဝင်စားဖွယ် ရိုက်ကူးတင်ဆက်ထားတဲ့ ဇာတ်ကားကောင်းတစ်ကားဖြစ်ပါတယ်။

### 4 SPORTS — မြန်မာတို့ရဲ့ ရိုးရာအားကစား

Every Wednesday (28.10.2015)

မြန်မာတို့ရဲ့ ရိုးရာ အမွေအနှစ်ဖြစ်တဲ့ မြန်မာ့ ရိုးရာလက်ဝှေ့အားကစား ပြိုင်ပွဲများကို ကြည့်ရှုချင်တဲ့ ပရိသတ်များအတွက် မြန်မာတို့ရဲ့ ရိုးရာအားကစား ဆိုတဲ့ အစီအစဉ်သစ် ကို အောက်တိုဘာလ ၂၈ ရက်နေ့မှ စတင်၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း Channel-7 နှင့် for SPORTS ရုပ်သံလိုင်းတို့မှာ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါတယ်။




### BUNDESLIGA 2015-2016

**MATCHDAY (11)**

LIVE ON FOX SPORTS

Oct 31 /08:50 PM
Augsburg vs Mainz

Nov 01/00:50 AM
Wolfsburg vs Leverkusen

LIVE ON FOX SPORTS / FOX SPORTS 3HD

Oct 31 / 01:50 AM
Frankfurt vs Bayern

Oct 31 / 09:00 PM
Schalke vs Ingolstadt










### FOREVER GROUP

## 4TV တွင်တာဝန်ထမ်းဆောင်ရန် အောက်ပါအချိန်ပြည့်ဝန်ထမ်းများအလိုရှိသည်။

4TV သည် Forever Group Co., Ltd. ၏ အရည်အသွေး ကောင်းမွန်သော ပြည်တွင်း၊ ပြည်ပ အခပေး ရုပ်သံလိုင်းပေါင်းများစွာကို ထုတ်လွှင့်ပြသနေသော ဌာနခွဲတစ်ခုဖြစ်ပါသည်။

**ရန်ကုန်မြို့၊ ပြင်ဦးလွင်မြို့၊ မန္တလေးမြို့ အခြေစိုက် လစ်လပ်အလုပ်နေရာများ**

#### 4TV Service Technician

Vacancy (ရန်ကုန်မြို့) – ၁၀ ဦး (အမျိုးသား)
Vacancy (ပြင်ဦးလွင်မြို့) – ၅ ဦး (အမျိုးသား)
Vacancy (မန္တလေးမြို့) – ၅ ဦး (အမျိုးသား)

**Job Description**

- 4TVစက်များကို သရုပ်ပြတပ်ဆင်၍ ရှင်းလင်းပြောပြပေးခြင်း။
- 4TVစက်များကို အိမ်တိုင်ရာရောက် လိုက်လံတပ်ဆင်ပေးခြင်း။
- 4TV customers များ၏ အဆင်မပြေမှုများကို Service Centen 4TV Showrooms များမှ တဆင့် အဆင်ပြေသည်အထိဖြေရှင်းပေးခြင်း။ လိုအပ်လျှင် အိမ်တိုင်ရာရောက်လိုက်လံဖြေရှင်းပေးခြင်း။

**Job Requirements**

- အနည်းဆုံးတက္ကသိုလ်ဝင်တန်းအောင်
- အင်တာနာနှင့် ဇလောင်းလုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်။
- ဆက်ဆံရေးပြေပြစ်သူ၊ သွက်လက်ချက်ချာသူ
- နယ်ခရီးမကြာခဏသွားနိုင်သူ
- အသင်းအဖွဲ့နှင့် ကောင်းမွန်စွာအလုပ်လုပ်နိုင်သူ
- နေ့ညမရွေးတာဝန်ထမ်းဆောင်နိုင်သူ

#### 4TV Sales Staff

Vacancy (ရန်ကုန်မြို့) – ၁၀ဦး (အမျိုးသား သို့မဟုတ် အမျိုးသမီး)
Vacancy (ပြင်ဦးလွင်မြို့) – ၅ ဦး (အမျိုးသား သို့မဟုတ် အမျိုးသမီး)
Vacancy (မန္တလေးမြို့) – ၅ ဦး (အမျိုးသား သို့မဟုတ် အမျိုးသမီး)

**Job Description**

- 4TV စက်နှင့် ဆက်စပ်ပစ္စည်းများ၊ ရုပ်သံလိုင်းများရှင်းလင်းရောင်းချပေးခြင်း။
- အရောင်းနှင့် ပတ်သက်သောလုပ်ငန်းစဉ်များကိုလုပ်ဆောင်ရန်။
- Customer ၏ မေးခွန်းများနှင့် ပြဿနာများကိုဖြေရှင်းရန်။

**Job Requirements**

- ဘွဲ့ရ
- 4TV ကိုအထူးစိတ်ဝင်စားသူကိုဦးစားပေးမည်။
- ဆက်ဆံရေးပြေပြစ်သူ၊ သွက်လက်ချက်ချာသူ
- ရုပ်ရည်သန့်ပြန့်သူ
- အသင်းအဖွဲ့နှင့် ကောင်းမွန်စွာအလုပ်လုပ်နိုင်သူ
- နေ့ညမရွေးတာဝန်ထမ်းဆောင်နိုင်သူ
- Microsoft office (word, excel), Email ကောင်းမွန်စွာအသုံးပြုတတ်သူ

#### 4TV Call Center Staff (ရန်ကုန်မြို့)

**Job Description**

- 4TV နှင့် ပတ်သက်သောမေးခွန်းများ၊ အကြောင်းအရာများကို ယဉ်ကျေးပြေပြစ်မှန်ကန်စွာ ပြန်လည်ဖြေကြားဖြေရှင်းပေးရန်။
- လိုအပ်သောအချက်အလက်များကို customers တို့အား ဖုန်းဆက်အကြောင်းကြားပေးရန်။

**Job Requirements**

- အနည်းဆုံးတက္ကသိုလ်ဝင်တန်းအောင်
- ဆက်ဆံရေးပြေပြစ်သူ၊ သွက်လက်ချက်ချာသူ
- အသင်းအဖွဲ့နှင့် ကောင်းမွန်စွာအလုပ်လုပ်နိုင်သူ
- နေ့ညမရွေးတာဝန်ထမ်းဆောင်နိုင်သူ
- Microsoft office (word, excel), Email ကောင်းမွန်စွာအသုံးပြုတတ်သူ

လစ်လပ်ရာထူးအားလုံးအတွက် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သော လေ့ကျင့်သင်ကြားပေးမှုများကို 4TV မှ တာဝန်ယူသင်ကြား ပေးမည်ဖြစ်ပါသည်။ ရာထူးများအားလုံးအတွက် အကျင့်စာရိတ္တ ကောင်းမွန်ပြီး **4TV ကို အထူးစိတ်ဝင်စားသူများကို ဦးစားပေးမည်။**

စိတ်ဝင်စားသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ CV form ဓါတ်ပုံ ၁ ပုံ၊ လိုအပ်သော စာရွက်စာတမ်း မိတ္တူတို့နှင့်တကွ အောက်ပါ 4TV Main Showroom များသို့ ၁၅ ရက်၊ နိုဝင်ဘာ၊ ၂၀၁၅ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

4TV Main Showroom
(ဟံသာဝတီလမ်း၊ ဟံသာဝတီအဝိုင်းထိပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံ ဝင်းအောင်၊ ရန်ကုန်မြို့)
4TV Showroom Mandalay
(အမှတ် ၅၈၈-၆၁၁၊ လမ်း (၈၀)၊ (၃၅ - ၃၆ လမ်း ကြား)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့)၊
ဆက်သွယ်ရန် - 4TV Hotline -01-2306166,
4TV Facebook page www.facebook.com/4tvmyanmar